ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ချမ်းသာခြင်းအကြောင်းတရား**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာ အနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာ အနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၁၉၉)

၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက်၊ စနေနေ့။ Saturday, 1 June 2019 ၉၆၆၇

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နယူးဒေလီမြို့မှ နေပြည်တော်သို့ ပြန်လည်ရောက်ရှိ



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်အား အိန္ဒိယ ပြည်ပရေးရာဝန်ကြီးဌာနအတွင်းဝန် (ကောင်စစ်ရေးရာ) Shri Sanjiv Arora၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး မစ္စတာ ဆော်ရက်(ဘ်)ကူးမားနှင့် တာဝန်ရှိသူများက နယူးဒေလီမြို့ Palam လေတပ်စခန်းလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

**နေပြည်တော် မေ ၃၁**

အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နယူးဒေလီမြို့မှ နေပြည်တော်သို့ မြန်မာအမျိုးသားလေကြောင်းလိုင်း အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာကြသည်။

**ပို့ဆောင်နှုတ်ဆက်**

နိုင်ငံတော်သမ္မတနှင့် အဖွဲ့အား အိန္ဒိယ ပြည်ပရေးရာဝန်ကြီးဌာန အတွင်းဝန် (ကောင်စစ်ရေးရာ) Shri Sanjiv Arora၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး မစ္စတာ ဆော်ရက်(ဘ်)ကူးမား၊ အိန္ဒိယ ပြည်ပရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမိုးကျော်အောင်နှင့် ဇနီး၊ စစ်သံမှူး ဗိုလ်မှူးချုပ် သိန်းဇော်နှင့် တာဝန်ရှိသူများက နယူးဒေလီမြို့ Palam လေတပ်စခန်းလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**ပြန်လည်ရောက်ရှိ**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊

စာမျက်နှာ ၄ ကော်လံ ၁ သို့ ◆


ကြေးမုံ ယနေ့ ဖတ်စရာ

**ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်နှစ်နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ခြင်းအစီအစဉ်အတွက် IDA ထံမှ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ချေးငွေရယူရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြား**

ပြည်ထောင်စုလွှတ်တော် စာမျက်နှာ » ၅

**ရယူထားတဲ့မြေတွေနဲ့ပတ်သက်ပြီး အသုံးပြုမှုကို အစိုးရကသိအောင် လုပ်ရမယ့်အနေအထားတွေရှိ**

စာမျက်နှာ » ၇



ကြေးမုံ

## နိုင်ငံအတွက်အရေးပါသည့်ယစ်မျိုးဥပဒေ

မကောင်းမှုများ၊ ဒုစရိုက်မှုများအား ပိုမိုဖြစ်ပေါ်စေသည့်၊ ပိုမိုအားကောင်းစေသည့် အကြောင်းအမျိုးမျိုးတို့တွင် မူးယစ်ဆေးဝါး (စိတ်ကြွဆေး)နှင့် အရက်သေစာတို့ ပါဝင်သည်။ မျက်မှောက်ကာလ၌ နိုင်ငံအနှံ့တွင် ဖြစ်ပွားခဲ့သော စိတ်မချမ်းမြေ့ဖွယ်ပြစ်မှုများကို ကြည့်မည်ဆိုလျှင် များသောအားဖြင့် မူးယစ်ဆေးနှင့်သေရည်အရက် သုံးစွဲခဲ့ကြသည်ကို တွေ့ရမည်ဖြစ်သည်။

မူးယစ်အန္တယ်ဝင်တို့ကို ဘိန်း၊ ဘင်း၊ ကစော်၊ လှော်စာ၊ အရက်သေမျိုးငါးပါးဟု ဆိုထားပါသည်။ ဘိန်းအန္တယ်ဖြစ်စေ၊ အရက်အန္တယ်ဖြစ်စေ မူးယစ်စေပြီး စိတ်ကြွခြင်း၊ စိတ်ကျခြင်းကို ဖြစ်စေပါသည်။ မည်သည့်အမျိုးအန္တယ်ဖြစ်စေ ကာယကံရှင်ကိုယ်တိုင်နှင့် လူသားများ၊ လူမှုဘဝ၊ လူ့ပတ်ဝန်းကျင်တို့ကို ကြီးစွာထိခိုက်နစ်နာမှု ဖြစ်စေနိုင်သဖြင့် ဥပဒေနှင့်အညီ ထိထိရောက်ရောက် ကိုင်တွယ်ရမည်ဖြစ်သည်။

မူးယစ်အန္တယ် နှစ်မျိုးနှစ်စားတွင် ပြဋ္ဌာန်းထားသောဥပဒေအရ မူးယစ်ဆေးဝါးအမျိုးမျိုးတို့ကို ထုတ်လုပ်ဖြန့်ဖြူးရောင်းဝယ်ဖောက်ကား သုံးစွဲခြင်း လုံးဝပြုလုပ်၍မရဘဲ ပြုလုပ်ပါက ထိရောက်စွာ အရေးယူခြင်းခံရပါသည်။ မူးယစ်အန္တယ် အရက်သေစာ အဖျော်ယမကာများကိုမူ လက်ရှိအခြေအနေတွင် ပြဋ္ဌာန်းထားသော ယစ်မျိုးဥပဒေအရ ထုတ်လုပ်ခွင့်၊ ရောင်းဝယ်ဖောက်ကားခွင့်ရှိပြီး မည်သူမဆို လွတ်လပ်စွာသောက်သုံးခွင့်ရှိနေပါသည်။

ထုတ်လုပ်မှုအပိုင်းတွင် တရားဝင်လိုင်စင်၊ ရောင်းချမှုအပိုင်းတွင် တရားဝင်လိုင်စင်များကို ယစ်မျိုးဥပဒေနှင့်အညီ ချထားပေးပြီး တရားမဝင် ထုတ်လုပ်ရောင်းချမှုများလည်း ရှိနေပါသည်။ ထိုသို့တရားဝင်၊ တရားမဝင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချမှုများ နိုင်ငံအနှံ့တွင်ရှိနေသဖြင့် တရားဝင် လွတ်လပ်စွာသောက်သုံးမှုများ တိုးတက်များပြားနေပြီး လူမှုဘဝထိခိုက်နစ်နာမှုများ ကြီးမားလာပါသည်။

ယစ်မျိုးဥပဒေတွင် ထုတ်လုပ်ခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို တိကျစွာပြဋ္ဌာန်းထားသော်လည်း စစ်ဆေးအရေးယူမှုအပိုင်းတွင် အားနည်းသည်ဟု ဆိုချင်ပါသည်။ စည်းကမ်းရှိသောနိုင်ငံ၊ တရားဥပဒေစိုးမိုးမှုအားကောင်းသောနိုင်ငံ တည်ဆောက်ရာတွင် အဆိုပါဥပဒေ၏ လိုအပ်ချက်များကို အများပြည်သူ၏ဆန္ဒဖြင့် ပြင်ဆင်စရာများ များစွာရှိမည်ဖြစ်သည်။

မျက်မှောက်ကာလတွင် မြို့နယ်များ၌ အရက်လိုင်စင်(C)ကို မြောက်မြားစွာ ခွင့်ပြုချထားခြင်းကြောင့် ဒေသအနှံ့၊ ကျေးရွာအနှံ့ အရက်ဆိုင်များ ပေါများနေသည်ကို တွေ့ရှိရပါသည်။ လိုင်စင်(C)အရ ရောင်းချသလို လိုင်စင်မဲ့များမှာလည်း လက်လီလက်ကား တွင်ကျယ်စွာရောင်းချနေသည်ကို တွေ့ရှိရပါသည်။ တန်ဖိုးနည်းအရက်များသည် အရည်အသွေး ပြည့်ဝမှုမရှိဘဲ လူကိုအန္တရာယ်ရှိနိုင်သည့်အတွက် သောက်သုံးသူအများစုမှာ အရက်ကြောင့် စိတ်ပေါ့သွပ်ခြင်း၊ အချိန်မတိုင်မီသေဆုံးခြင်း အပြင် အရက်ကြောင့် ယာဉ်တိုက်မှုများဖြစ်ပေါ်ခြင်း၊ ရပ်ရွာများ၏ သာရေး၊ နာရေးကိစ္စများတွင် အရက်မပါလျှင်မပြီးသည့် အနေအထားရှိနေခြင်းနှင့် ရာဇဝတ်မှုများ ဖြစ်ပေါ်လာနိုင်ပါသည်။

ထို့ကြောင့် မြို့နယ်များတွင် အရက်လိုင်စင်(C)ကို ဥပဒေနှင့်အညီ ခွင့်ပြုချထားပေးခြင်း၊ အရက်ဆိုင်ဖွင့်လှစ်ရောင်းချရာ၌ ဥပဒေအရ လိုက်နာဆောင်ရွက်ခြင်း၊ ဥပဒေပြဋ္ဌာန်းချက်အတိုင်း၊ လိုက်နာဆောင်ရွက်ခြင်းမရှိသောဆိုင်များအား အရေးယူခြင်း၊ တရားမဝင်အရက်ရောင်းသည့် ဆိုင်များအား အရေးယူခြင်း၊ အရည်အသွေးစံနှုန်းများအား ထိရောက်စွာစစ်ဆေးခြင်း၊ အရည်အသွေးမမီသောအရက်များ ရောင်းချပါက ထိရောက်စွာအရေးယူခြင်းတို့ကို ပိုမိုတိုးမြှင့်ဆောင်ရွက်သင့်ပါသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို ထိရောက်စွာဖြင့် အလေးထားတိုက်ဖျက်နေသော်လည်း မူးယစ်အန္တယ်ဝင် လူမှုပတ်ဝန်းကျင်နှင့် သောက်သုံးသူတို့၏ကျန်းမာရေးကို ထိခိုက်မှုဖြစ်စေသော အရက်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းတို့ကိုလည်း ယစ်မျိုးဥပဒေနှင့်အညီ ထိရောက်မှုရှိစေလိုပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ ကိုရီးယားသမ္မတနိုင်ငံ ဂျယ်ဂျူးမြို့၌ ပြုလုပ်သည့် (၁၄)ကြိမ်မြောက် ဂျယ်ဂျူးဖိုရမ်သို့ တက်ရောက်




**နေပြည်တော် မေ ၃၁**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် Jeju Free International City Development Center တို့မှ ကြီးမှူး၍ ကိုရီးယားသမ္မတနိုင်ငံ ဂျယ်ဂျူးမြို့ International Convention Center (ICC) ၌ ကျင်းပသည့် (၁၄) ကြိမ်မြောက် ဂျယ်ဂျူးဖိုရမ် ($14^{th}$ Jeju Forum for Peace & Prosperity 2019) သို့ မေ ၂၉ ရက်မှ ၃၀ ရက်အထိ တက်ရောက်ခဲ့သည်။

**ဖွင့်ပွဲ အခမ်းအနား**

ပြည်ထောင်စုဝန်ကြီးသည် မေ ၂၉ ရက် ညနေပိုင်းတွင် ဂျယ်ဂျူး အုပ်ချုပ်ရေးမှူး (Governor) Mr. Won Heeryong က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲနှင့် မေ ၃၀ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသည့် (၁၄) ကြိမ်မြောက် ဂျယ်ဂျူးဖိုရမ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

**အဖွင့်မိန့်ခွန်းပြောကြား**

ပြည်ထောင်စုဝန်ကြီးသည် မေ ၃၀ ရက် မွန်းလွဲပိုင်းတွင် ပြုလုပ်သည့် New Southern Policy, Achievements and Challenges over the Past Two years: In the Aspect of Foreign and Security Policy ခေါင်းစဉ်ဖြင့် သီးသန့်ဆွေးနွေးပွဲ၌ Keynote Speaker အဖြစ် အဖွင့်မိန့်ခွန်းပြောကြားသည်။

**ပူးပေါင်းဆောင်ရွက်**

ပြည်ထောင်စုဝန်ကြီးက အဖွင့်မိန့်ခွန်းပြောကြားရာတွင် ကိုရီးယားသမ္မတနိုင်ငံ၏ New Southern Policy ၏ အကျိုးရလဒ်များ၊ အာဆီယံ-ကိုရီးယား စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မွန်းဂျေအင်းအစိုးရ၏ ကိုရီးယားကျွန်းဆွယ်၌ နျူကလီးယား ကင်းစင်ရေးနှင့် ထာဝရငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအပေါ် မြန်မာနိုင်ငံအနေဖြင့် အစဉ်အမြဲအားပေးထောက်ခံလျက်ရှိသည်များ၊ မြန်မာနိုင်ငံ၌ ကိုရီးယားစီးပွားရေး ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်သွားရေးကိစ္စရပ်များ၊ မြန်မာ-ကိုရီးယား နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားရေးကိစ္စရပ်များကို ထည့်သွင်းပြောကြားခဲ့သည်။

(၁၄)ကြိမ်မြောက် ဂျယ်ဂျူးဖိုရမ်သို့ သြစတြီးယားနိုင်ငံ သမ္မတဟောင်း Mr. Heiz Fischer၊ သြစတြေးလျနိုင်ငံ ဝန်ကြီးချုပ်ဟောင်း Mr. Malcolm Trunbull၊ ဂျပန်နိုင်ငံ ဝန်ကြီးချုပ်ဟောင်း Mr. Yukio Hatoyama၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဟောင်း Mr. Li Zhaoxing၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဟောင်း Mr. Marty Natalegawa၊ အာဆီယံအတွင်းရေးမှူးချုပ် Dato Lim Jock Hoi တို့လည်း တက်ရောက်ခဲ့သည်။

မေ ၃၀ ရက် ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပမည့် (၂၅)ကြိမ်မြောက် အာရှအနာဂတ်ဆိုင်ရာ နိုင်ငံတကာဆွေးနွေးပွဲ 25th International Conference on Future of Asia သို့တက်ရောက်ရန်အတွက် ဂျပန်နိုင်ငံ တိုကျိုမြို့သို့ ဆက်လက်ထွက်ခွာသွားကြောင်း သိရသည်။ **သတင်းစဉ်**

## ပြည်ကြီးမဏ္ဍိုင်မြို့၌ အခြေခံအင်္ဂလိပ်စာ(အခမဲ့)သင်တန်းဆင်းပွဲကျင်းပ

**ပြည်ကြီးမဏ္ဍိုင် မေ ၃၁**

တနင်္သာရီတိုင်းဒေသကြီး ပြည်ကြီးမဏ္ဍိုင်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများအား နွေရာသီအခြေခံအင်္ဂလိပ်စာ(အခမဲ့)သင်တန်းဆင်းပွဲကို ယနေ့နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ကေခိုင်စိုးက နွေရာသီကျောင်းပိတ်ရက်ကာလတွင် ကလေးငယ်များအား အချိန်ကိုအကျိုးရှိစွာအသုံးချတတ်ရန်၊ ကိုယ်ရည်ကိုယ်သွေးထက်မြက်လာစေရန်၊ အင်္ဂလိပ်စာဘာသာရပ်များသင်ယူရာတွင် အထောက်အကူပြုစေရန် ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း၊ အင်္ဂလိပ်စာဘာသာရပ်ကို ဆက်လက်လေ့လာဆည်းပူးရန် လိုအပ်ကြောင်း၊ နောင်နှစ်တွင်လည်း ယခုလိုသင်တန်းများ ဖွင့်လှစ်သွားရန်ရှိကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ သင်တန်းနည်းပြ ဆရာဦးကိုလွင်က အင်္ဂလိပ်စာကို သေသေချာချာလေ့လာသင်ယူပြီး ပညာကိုအသုံးချနိုင်မှ ပညာတတ်ဖြစ်မည်ဖြစ်ကြောင်း၊ သင်တန်းတွင် ကလေးတွေများလိုလိုချင်ချင်လိုက်နာသင်ယူပေးသည့်အတွက် ဝမ်းသာပီတိဖြစ်ကြောင်း ပြောကြားခဲ့ပြီး သင်တန်းတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကေခိုင်စိုး(ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၃၁**

ရန်ကုန်(ရွှေဈေး) ၁၀၅၀၅၀၀ -၁၀၅၀၅၀၀ မန္တလေး(ရွှေဈေး) ၁၀၅၀၅၀၀ - ၁၀၅၀၅၀၀

**စက်သုံးဆီဈေးနှုန်း**

| | | | ရန်ကုန် | မန္တလေး |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၅၅/၁၀၁၀ ကျပ်၊ | ၁၀၁၅/၁၀၃၅ ကျပ် |
| (ခ) | အောက်တိန်း ၉၅ | တစ်လီတာ | ၉၂၀/၉၈၅ ကျပ်၊ | ၁၀၃၀/၁၀၄၅ ကျပ် |
| (ဂ) | အောက်တိန်း ၉၂ | တစ်လီတာ | ၈၅၀/၉၁၅ ကျပ်၊ | ၉၅၅/၉၆၅ ကျပ် |
| (ဃ) | အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၆၅/၁၀၂၀ ကျပ်၊ | ၁၀၃၀/၁၀၅၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၉၂၀/၉၃၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၉၃၅/၉၄၅ ကျပ်၊

အောက်တိန်း ၉၂ တစ်လီတာ ၈၂၅/၈၄၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၃၂.၇ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၀၈.၇ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၂.၀၂ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၈.၄၀၄ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၆၅.၇၆ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၉၄၃ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၄၀၈.၇ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၈.၆၅ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၆၀.၆ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၁၂.၈ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အိန္ဒိယဝန်ကြီးချုပ်၏ ဒုတိယအကြိမ် သက်တမ်း ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ခြင်းဆိုင်ရာ သတင်းထုတ်ပြန်ချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် အိန္ဒိယသမ္မတနိုင်ငံ၊ ဝန်ကြီးချုပ် ရှရီနရန်ဒရာမိုဒီ၏ ဖိတ်ကြားချက်အရ ၎င်း၏ ဒုတိယအကြိမ် ဝန်ကြီးချုပ်သက်တမ်း ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားသို့ တက်ရောက်ရန် မေ ၃၀ ရက်မှ ၃၁ ရက်အထိ အိန္ဒိယသမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည်။

နိုင်ငံတော်သမ္မတ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေ ၃၀ ရက် နံနက်ပိုင်းတွင် နယူးဒေလီမြို့ Palam လေဆိပ်သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိခဲ့ပြီး မွန်းလွဲပိုင်းတွင် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနေအိမ်၌ သံအမတ်ကြီး ဦးမိုးကျော်အောင် ဦးဆောင်သော မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများနှင့် မိသားစုဝင်များအား တွေ့ဆုံ၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။ ထို့နောက် နိုင်ငံတော်သမ္မတသည် အမျိုးသားပြတိုက်နှင့် India Gate တို့သို့ သွားရောက်လေ့လာ ကြည့်ရှုခဲ့သည်။

ယင်းနေ့ ညနေပိုင်းတွင် နိုင်ငံတော်သမ္မတသည် နယူးဒေလီမြို့ရှိ အိန္ဒိယသမ္မတအိမ်တော် (Rashtrapati Bhavan) တွင် ကျင်းပသော အိန္ဒိယနိုင်ငံဝန်ကြီးချုပ် ရှရီနရန်ဒရာမိုဒီ၏ ဒုတိယအကြိမ် ဝန်ကြီးချုပ်သက်တမ်း ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။ အဆိုပါကျမ်းသစ္စာကျိန်ဆိုပွဲတွင် အိန္ဒိယသမ္မတ၏ ရှေ့မှောက်၌ အိန္ဒိယဝန်ကြီးချုပ်နှင့် ၎င်း၏ အစိုးရအဖွဲ့၊ ဝန်ကြီးများ ကောင်စီအဖွဲ့ဝင်များက ကျမ်းသစ္စာကျိန်ဆိုခဲ့ကြသည်။ အခမ်းအနားတွင် နိုင်ငံတော်သမ္မတသည် အိန္ဒိယဝန်ကြီးချုပ်အား ရင်းနှီးစွာ တွေ့ဆုံနှုတ်ဆက်လျက် ရွေးကောက်ပွဲတွင် အပြတ်အသတ်အနိုင်ရရှိခဲ့ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ ဒုတိယသက်တမ်းကာလတွင် အောင်မြင်မှုများ ဆက်လက်ရရှိစေရေးနှင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်ရေးအတွက် ဆုမွန်တောင်းကြောင်း နှုတ်ဆက်စကား ပြောကြားခဲ့သည်။ အခမ်းအနားပြီးနောက် နိုင်ငံတော်သမ္မတသည် အိန္ဒိယနိုင်ငံ၊ သမ္မတ ရှရီရမ်နက်သ်ကိုဗင့်ဒ်က တည်ခင်းဧည့်ခံသော ညစာစားပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။ ညစာစားပွဲတွင် နိုင်ငံတော်သမ္မတသည် အိန္ဒိယနိုင်ငံသမ္မတနှင့် ဒုတိယသမ္မတ ရှရီအမ်၊ ဗန်ကေ နိုင်ဒူတို့နှင့်လည်း ခင်မင်ရင်းနှီးစွာ တွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခွင့်ရရှိခဲ့သည်။


နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အိန္ဒိယနိုင်ငံသမ္မတ ရှရီရမ်နက်သ်ကိုဗင့်ဒ်က တည်ခင်းဧည့်ခံသော ညစာစားပွဲအခမ်းအနားသို့ တက်ရောက်စဉ်။

ဝန်ကြီးချုပ်၏ ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားသို့ ကာဂျစ်စတန်သမ္မတနိုင်ငံ သမ္မတ၊ သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ၊ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ၊ မောရစ်ရှပ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၊ ဘူတန်နိုင်ငံ ဝန်ကြီးချုပ်၊ နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် စိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီးဌာန၊ ဝန်ကြီးတို့လည်း တက်ရောက်ခဲ့ကြသည်။ ဖော်ပြပါ အခမ်းအနားသို့ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အကြီးအကဲများနှင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ အလှည့်ကျဥက္ကဋ္ဌတို့အား အထူးဧည့်သည်တော်များအဖြစ် ဖိတ်ကြားခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ ၎င်းအခမ်းအနားသို့ ပြည်ပမှ အထူးဧည့်သည်တော်ခေါင်းဆောင်များ၊ သံတမန်များ၊ အိန္ဒိယအမျိုးသား ဒီမိုကရေစီမဟာမိတ်အဖွဲ့ (National Democratic Alliance) မှ ခေါင်းဆောင်များနှင့် နိုင်ငံတော်အဆင့်နှင့် ပြည်နယ်အဆင့်တို့မှ နိုင်ငံရေးအဖွဲ့အစည်း ကိုယ်စားလှယ်များအပါအဝင် ကိုယ်စားလှယ် (၇၀၀၀) ခန့် တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

နိုင်ငံတော်သမ္မတ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မေ ၃၁ ရက် မွန်းလွဲပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိခဲ့သည်။

အဆိုပါခရီးစဉ်သို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ သမ္မတရုံးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခင်လတ်နှင့် တာဝန်ရှိသူများ လိုက်ပါသွားခဲ့ကြသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ မေလ ၃၁ ရက်။**


နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အိန္ဒိယနိုင်ငံသမ္မတ၊ ဝန်ကြီးချုပ်တို့နှင့်အတူ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီနရန်ဒရာမိုဒီ၏ ဒုတိယအကြိမ် ဝန်ကြီးချုပ်သက်တမ်း ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

## မြန်မာလွှတ်တော်နှင့် Hanns Seidel Foundation-HSF တို့အကြား နားလည်မှုစာချွန်လွှာ သက်တမ်းတိုးလက်မှတ်ရေးထိုး

**နေပြည်တော် မေ ၃၁**

မြန်မာလွှတ်တော်နှင့် Hanns Seidel Foundation-HSF တို့အကြားချုပ်ဆိုသည့် မြန်မာလွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာသက်တမ်းတိုး (MoU) လက်မှတ်ရေးထိုးပွဲကို ယနေ့ မွန်းလွဲ ၂နာရီတွင် လွှတ်တော်ရေးရာဆောင် I-9 ၌ ကျင်းပသည်။

လက်မှတ်ရေးထိုးပွဲသို့ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ -JCC ဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် JCC အဖွဲ့ဝင်များ၊ Hanns Seidel Foundation-HSF မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ JCC ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး Hanns Seidel Foundation-HSF မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Achim Munz က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် နားလည်မှုစာချွန်လွှာ (MoU)အား ပြည်ထောင်စုလွှတ်တော် ညွှန်ကြားရေးမှူးချုပ် JCC အဖွဲ့အတွင်းရေးမှူး ဦးကျော်စိုးနှင့် Hanns Seidel Foundation-HSF မှ ဌာနေကိုယ်စားလှယ် Mr. Achim Munz တို့က လက်မှတ်ရေးထိုးကြသည်။

**သတင်းစဉ်**





◆ ရှေ့ဖုံးမှ
ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Sumit Seth နှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**သတင်းစဉ်**

## ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်အား ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုကြစဉ်။

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|
| (၁) ဒေါက်တာ မီမီခင်<br>ဒုတိယပါမောက္ခချုပ်<br>ကွန်ပျူတာတက္ကသိုလ်<br>(မိတ္ထီလာ)<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ကွန်ပျူတာတက္ကသိုလ်(မိတ္ထီလာ)<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၂) ဒေါက်တာ ကျော့ခင်<br>ဒုတိယပါမောက္ခချုပ်<br>နည်းပညာတက္ကသိုလ်<br>(မအူပင်)<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>နည်းပညာတက္ကသိုလ်(မအူပင်)<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

## ထူးခြားသည့် နေ့အပူချိန်

နေပြည်တော် မေ ၃၁

| | | |
|---|---|---|
| ချောက် | ၄၄ | ဒီဂရီစင်တီဂရိတ် |
| ဂန့်ဂေါ | ၄၃ | ဒီဂရီစင်တီဂရိတ် |

မိုး/ဇလ

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းဘုရင့်အတိုင်ပင်ခံကောင်စီဥက္ကဋ္ဌ ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းခြင်းမှတ်တမ်းတွင် လက်မှတ်ရေးထိုး

**နေပြည်တော် မေ ၃၁**

ထိုင်းဘုရင့်အတိုင်ပင်ခံ ကောင်စီဥက္ကဋ္ဌ General Prem Tinsulanonda ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းခြင်းမှတ်တမ်းတွင် လက်မှတ်ရေးထိုးရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ ထိုင်းနိုင်ငံသို့ထွက်ခွာသွားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ထိုင်းဘုရင့်လေတပ် ဒွန်မောင်းလေဆိပ် (Win - 6) သို့ရောက်ရှိရာ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးမြင့်သန်း၊ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ General Peerapong Maungboonchoo၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ခင်ဇော်နှင့် ထိုင်းဘုရင့်တပ်မတော် အရာရှိကြီးများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။



ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ထိုင်းဘုရင့်အတိုင်ပင်ခံကောင်စီရုံးသို့ ရောက်ရှိကြပြီး ထိုင်းဘုရင့်အတိုင်ပင်ခံ ကောင်စီဥက္ကဋ္ဌ General Prem Tinsulanonda ၏ ဓာတ်ပုံအားဂါရဝပြုကာ ဝမ်းနည်းခြင်းမှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဗန်ကောက်ပို့စ် သတင်းဌာနမှ သတင်းထောက်က ထိုင်းဘုရင့်အတိုင်ပင်ခံ ကောင်စီဥက္ကဋ္ဌ ကွယ်လွန်ခြင်းနှင့်ပတ်သက်၍ အမှတ်ရဖွယ်ရှိခဲ့သည့် အကြောင်းအရာများ မေးမြန်းမှုကို ပြန်လည်ဖြေကြားသည်။

**ဂါရဝပြု**

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် Wat Benchamabophit ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိပြီး ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ နှစ်နိုင်ငံတပ်မတော် အရာရှိကြီးများနှင့်အတူ ထိုင်းဘုရင့်အတိုင်ပင်ခံကောင်စီဥက္ကဋ္ဌ၏ ရုပ်ကလာပ်အား ဂါရဝပြုသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဗန်ကောက်မြို့ရှိ ထိုင်းဘုရင့်လေတပ် ဒွန်မောင်းလေဆိပ် (Win-6)မှ ပြန်လည်ထွက်ခွာကြပြီး ညနေပိုင်းတွင် နေပြည်တော်လေဆိပ်သို့ရောက်ရှိကြရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် တပ်မတော်အရာရှိကြီးများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# ဖျာပုံမြို့ သန့်ရှင်းသာယာလှပစေရေးအတွက် အရှိန်အဟုန်မြှင့်ပူးပေါင်းဆောင်ရွက်

**ဖျာပုံ မေ ၃၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့၌ မြို့သန့်ရှင်းသာယာလှပစေရေးအတွက် လူစည်ကားရာနေရာများတွင် လမ်းသွားလမ်းလာများအသုံးပြုရန် အမှိုက်ပုံးများကို မေ ၃၁ ရက် နံနက် ၉ နာရီက စနစ်တကျချထားပေးခဲ့ကြောင်း သိရသည်။

"ဒီအမှိုက်ပုံးတွေက မီးဖိုချောင်သုံးအမှိုက်တွေ၊ အိမ်ထဲကအမှိုက်တွေ စွန့်ပစ်ဖို့မဟုတ်ပါဘူး။ လမ်းသွားလမ်းလာတွေ အမှိုက်အလွယ်တကူစွန့်ပစ်နိုင်ရန် ရည်ရွယ်ချထားပေးခြင်းဖြစ်ပါတယ်"ဟု ဖျာပုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးခင်ဇော်ဝင်းက ပြောသည်။

ဖျာပုံမြို့ပေါ်တွင် သန့်ရှင်းသာယာလှပရေး အမှိုက်ပုံးများထားရှိခြင်း အစီအစဉ်တွင် လူစည်ကားရာနေရာများ၌ အမှိုက်များ အလွယ်တကူစွန့်ပစ်နိုင်ရေးအတွက် အမှိုက်ပုံး ၁၀၀ ကျော်ကို စနစ်တကျ ချထားပေးခဲ့ကြသည်။

မြို့ပေါ်အသုံးပြုရန် အမှိုက်ပုံးများကို ဖျာပုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် စေတနာရှင်များက လှူဒါန်းပေးခဲ့ကြကြောင်းသိရပြီး အမှိုက်ပုံးများရှိ အမှိုက်များအား နေ့စဉ်သိမ်းဆည်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာဝန်ထမ်းများက ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

# ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်နှစ်နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ခြင်းအစီအစဉ်အတွက် IDA ထံမှ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ချေးငွေရယူရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြား

**နေပြည်တော် မေ ၃၁**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဆောင်ရွက်မည့် ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက် နှစ်နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ခြင်းအစီအစဉ်အတွက် ကမ္ဘာ့ဘဏ်၏ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအဖွဲ့ (IDA) ထံမှ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ချေးငွေရယူရေး**နှင့် စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်တို့က လွှတ်တော်သို့ ရှင်းလင်းတင်ပြကြသည်။

**ချေးငွေသည် နှစ်ရှည်ဖွံ့ဖြိုးရေးချေးငွေဖြစ်၊ ဆိုင်းငံ့ကာလ ငါးနှစ်ဖြစ်ပြီး ငါးနှစ်အတွင်းတွင် ပြန်လည်ပေးဆပ်ရန်မလိုဘဲ ခြောက်နှစ်မြောက်မှစ၍ နှစ်ပေါင်း ၃၀ ပြန်လည်ပေးဆပ်ရမည်**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အဆိုပါချေးငွေသည် နှစ်ရှည်ဖွံ့ဖြိုးရေးချေးငွေဖြစ်ပါကြောင်း၊ ဆိုင်းငံ့ကာလ ငါးနှစ်ဖြစ်ပြီး ငါးနှစ်အတွင်းတွင် ပြန်လည်ပေးဆပ်ရန်မလိုဘဲ ခြောက်နှစ်မြောက်မှစ၍ နှစ်ပေါင်း ၃၀ ပြန်လည်ပေးဆပ်ရမည်ဖြစ်ပါကြောင်း၊ ထိုသို့ပေးဆပ်ရာတွင် ဝန်ဆောင်ခအနေဖြင့် သုည ဒသမ ၇၅ ရာခိုင်နှုန်း ပေးရမည်ဖြစ်ပြီး အတိုးနှုန်း ၁ ဒသမ ၂၅ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ ချေးငွေပမာဏသည် အမေရိကန်ဒေါ်လာသန်း ၁၀၀ ဖြစ်ပြီး ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်တွင် စတင်မည်ဖြစ်ကာ သုံးစွဲသည့် နှစ်အလိုက်သာ ထုတ်ယူသုံးစွဲရမည်ဖြစ်ပါကြောင်း၊ ဆက်လက်တိုးချဲ့ဆောင်ရွက်မည့်နေရာများမှာ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်ဖြစ်ပါကြောင်း၊ အကျိုးခံစားခွင့်ရှိသူများမှာ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားသော နှစ်နှစ်အောက် ကလေးသူငယ်အားလုံး ဖြစ်ပါကြောင်း။

အကျိုးခံစားခွင့်ရရှိသူတစ်ဦးကို တစ်လလျှင် ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် ထောက်ပံ့မည်ဖြစ်ပြီး ထောက်ပံ့ငွေနှင့်အတူ ကျန်းမာရေးနှင့် အာဟာရဆိုင်ရာ အပြုအမူပြောင်းလဲရေးအတွက် ကိုယ်ဝန်ဆောင်အာဟာရ၊ မီးနေသည် အာဟာရ၊ နို့တိုက်မိခင်အာဟာရ ဟူ၍ အာဟာရပညာပေးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးပညာပေးခြင်းနှင့် မိသားစုစီမံကိန်း ပညာပေးရေးတို့နှင့်တွဲ၍ လူမှုရေးဆိုင်ရာပံ့ပိုးမှုများနှင့် ပူးတွဲဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ငွေကြေးထောက်ပံ့မည့်နည်းလမ်းမှာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ပံ့ပိုးခြင်းကို ရယူမည်ဖြစ်သော်လည်း မိမိတို့အနေဖြင့် နည်းလမ်းကောင်းများကို ရှာဖွေသုံးစွဲသွားမည် ဖြစ်ပါကြောင်း။



ဒုတိယဝန်ကြီး ဦးဆက်အောင်



ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်း

ဝန်ကြီးဌာနအနေဖြင့် ရပ်ကွက်နှင့်ကျေးရွာအဆင့်အထိ လူမှုကာကွယ်စောင့်ရှောက်ရေးကော်မတီများ ဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း၊ ထောက်ပံ့မှုအစီအစဉ်တွင် အကျိုးခံစားရသူများအနေဖြင့် အဆင်မပြေမှုများရှိလာပါကလည်း တိုင်ကြားနိုင်မည့် အစီအစဉ်များကိုလည်း ဆောင်ရွက်ထားပါကြောင်း၊ မိမိတို့၏ထောက်ပံ့ရေးအစီအစဉ်ကို စောင့်ကြည့်ကြီးကြပ်ခြင်းနှင့် အကဲဖြတ်ဆန်းစစ်ခြင်းကို သေချာစွာဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ ထောက်ပံ့ရေးအစီအစဉ်၏ အကျိုးကျေးဇူးများမှာ လူ့ဘဝအစ ရက်ပေါင်း ၁၀၀၀ အတွင်းတွင် အာဟာရနှင့် ကျန်းမာရေးဆိုင်ရာလိုအပ်ချက်များ ပြည့်မီပြီး ဦးနှောက်နှင့် ခန္ဓာကိုယ်ကောင်းစွာ ဖွံ့ဖြိုးတိုးတက်ခြင်းကို ရရှိမည်ဖြစ်ပါကြောင်း၊ ကလေးသူငယ်များ နာမကျန်းမှုနှင့် သေဆုံးမှုနှုန်းကျဆင်းနိုင်သည့် အကျိုးကျေးဇူး ရရှိနိုင်မည် ဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့် အာဟာရဆိုင်ရာ အသိပညာပေး အလေ့အထတိုးပွားရရှိလာမည်ဖြစ်သည့်အတွက် ဘဝအတွက် များစွာကောင်းမွန်သည့် ရလဒ်ကိုရရှိမည်ဖြစ်ပါကြောင်း။

ထို့ပြင် မိသားစုစီမံကိန်းပညာပေးပါဝင်သည့်အတွက် မိခင်နှင့်ကလေးများ ရေရှည်ကျန်းမာရေးကို အထောက်အကူပြုပြီး အဆင်ပြေသည့်မိသားစုတစ်ခု ဖြစ်ပေါ်နိုင်သည့် အကျိုးကျေးဇူးရရှိနိုင်မည်ဖြစ်ပါကြောင်း၊ အနာဂတ်နိုင်ငံတော်အတွက် ကျန်းမာသန်စွမ်းပြီး ဉာဏ်ရည်မြင့်မားသည့် လူသားအရင်းအမြစ် ပေါ်ထွန်းစေနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ချေးငွေရယူရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်မည့် အစီအစဉ်များသည် အကျိုးအမြတ်သေချာသည်ဟု မိမိအနေဖြင့် ပြောလိုပါကြောင်း၊ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးများကိုလည်း နှစ်အလိုက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဒုတိယဝန်ကြီး ဦးဆက်အောင်က အဆိုပါချေးငွေစီမံကိန်းသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ၊ ပြည်သူ့ကြွေးမြီ စီမံခန့်ခွဲမှုဥပဒေ၊ ၂၀၁၈ခုနှစ် ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာ၊ ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာမူဝါဒတို့နှင့် ကိုက်ညီမှုရှိသည့်အပြင် မကြာသေးမီက ထုတ်ပြန်ထားသော မြန်မာနိုင်ငံ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း ၂၀၁၈ - ၂၀၃၀ ၏ မဟာဗျူဟာ ၄ ဒသမ ၃ နှင့်လည်း ကိုက်ညီမှုရှိပါကြောင်း၊ သို့ပါ၍ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသည့် အသက် နှစ်နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ပေးခြင်းအစီအစဉ်ကို ဆောင်ရွက်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနအတွက် ကမ္ဘာ့ဘဏ်၏ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအဖွဲ့ (IDA) ထံမှ



ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း



ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်

ချေးငွေအမေရိကန်ဒေါ်လာ သန်း ၁၀၀ ရယူနိုင်ရေးကိစ္စကို ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးသုံးသပ်၍ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ် က အဆိုပါ ချေးငွေနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် **၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ အစီရင်ခံစာနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်တွင် ပါရှိသည့် မူနှင့်အခြေခံသဘောဆွေးနွေးခြင်းများအပေါ်** ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်တို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ဝန်ကြီးဌာနအနေဖြင့် အစိုးရအဖွဲ့အစည်းများ၏ တည်ဆောက်ခြင်း၊ ဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်း၊ ရောင်းချခြင်းများ ဆောင်ရွက်ရာတွင် တင်ဒါလုပ်ငန်းများ၏ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ပါကြောင်း၊ ယနေ့အချိန်အထိ ဆောက်လုပ်ရေးတင်ဒါလုပ်ငန်းပြီးစီးမှုများမှာ ၂၀၁၈-၂၀၁၉ ခုနှစ် ငွေလုံးငွေရင်း ဆောက်လုပ်ရေးလုပ်ငန်းသစ်အနေဖြင့် လုပ်ငန်းပေါင်း ၁၁၈၁ ခုတွင် ၁၀၆၅ခု ပြီးစီးပြီးဖြစ်ပါကြောင်း၊ ငွေလုံးငွေရင်းဖြင့် ဆောက်လုပ်ဆဲ၊ ဆောင်ရွက်ဆဲလုပ်ငန်းများအနေဖြင့် ၃၁၈ ခုတွင် ၃၀၅ ခု ပြီးစီးပြီး ဖြည့်စွက်ရန်ပုံငွေအတွက် လုပ်ငန်းလျာထားချက်ပေါင်း ၂၃၀ တွင် ၂၁၆ခု ပြီးစီးပြီးဖြစ်ပါကြောင်း၊ အခြားကုသရေးအတွက် ဆေးနှင့်ဆေးပစ္စည်း၊ ဆေးရုံသုံးပစ္စည်း၊ ဆေးသုတေသနပစ္စည်း၊ FDA နှင့် ပတ်သက်သောပစ္စည်းများကို တင်ဒါခေါ်ယူပြီးစီးပြီး စာချုပ်ချုပ်ဆိုမှုများ ဆောင်ရွက်လျက်ရှိကာ ပစ္စည်းများရောက်ရှိရန် ဆောင်ရွက်လျက်ရှိနေပါကြောင်း။

တိုင်းဒေသကြီးများသို့ ရန်ပုံငွေခွဲဝေခြင်း၊ လုပ်ငန်းကြီးကြပ်ရေး၊ စံချိန်စံညွှန်းများ ပြည့်မီအောင် ဆောင်ရွက်ရေး၊ အချိန်မီပြီးစီးရေးတို့အတွက် အောက်တိုဘာလမှစတင်ပြီး တိုင်းဒေသကြီးအစိုးရများသို့ အကူအညီတောင်းခံစာများ ပေးပို့ထားပါကြောင်း၊ တင်ဒါလုပ်ငန်းစဉ်များကို ဆောင်ရွက်သည့်အခါတွင် လုပ်ထုံးလုပ်နည်းအရ စနစ်တကျဖြစ်စေရေးအတွက် ဆွေးနွေးရာတွင်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး



ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်

အချိန်ယူရပါကြောင်း၊ ဒေသအစိုးရအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊ ဌာနအတွင်း အဆင့်ဆင့်ကြီးကြပ်ခြင်းလုပ်ငန်းများနှင့် အချိန်မီပြီးစီးရေးကို သွက်လက်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် ကျန်လေးလအတွင်းတွင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တောင်းခံထားသည့်ပစ္စည်းများ၊ အရေးပေါ်အခြေအနေတွင် သုံးစွဲနိုင်သည့်ပစ္စည်းများကိုလည်း အကောင်းဆုံးရယူနိုင်ရန်နှင့် ပြည်သူလူထုအတွက် အကောင်းဆုံးဖြစ်စေရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်က အစီရင်ခံစာ အပိုဒ် ၁၈ တွင် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအနေဖြင့် ပေးဆောင်ရမည့် အခွန်အကောက်များနှင့် နိုင်ငံတော်သို့ ထည့်ဝင်ငွေတို့နှင့်ပတ်သက်၍ ထပ်မံလိုအပ်ချက်ပမာဏကိုသာ ဖြည့်စွက်ခွင့်ပြုငွေတွင် တောင်းခံစေသင့်ကြောင်းကို သုံးသပ်တင်ပြထားပါကြောင်း၊ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ အရအသုံး ခန့်မှန်းခြေငွေစာရင်းတွင် ခြောက်လဘတ်ဂျက်သာ ဖြစ်သဖြင့် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံရန် ခွင့်မပြုခဲ့ပါကြောင်း၊ ထို့ကြောင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်နှင့် ၂၀၁၈ ခုနှစ် ခြောက်လအတွက် နှစ်ချုပ်စာရင်းများအရ အမြတ်ပိုမိုရရှိသော အဖွဲ့အစည်းများသည် ထပ်မံပေးဆောင်ရမည့် အခွန်အခနှင့် နိုင်ငံတော်သို့ ထည့်ဝင်ငွေများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းတွင် တောင်းခံရခြင်းဖြစ်ပါကြောင်း။

အစီရင်ခံစာ အပိုဒ် ၃၂ တွင် ဖြည့်စွက်ခွင့်ပြုငွေများ သုံးစွဲရာတွင် ဘဏ္ဍာရေးကော်မရှင်၏ (၁/ ၂၀၁၉) ကြိမ်မြောက် အစည်းအဝေး၌ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မိန့်ကြားချက်များကို အလေးထားလိုက်နာဆောင်ရွက်သွားရန် ထောက်ပြထားချက်နှင့်ပတ်သက်၍ ဌာန၊ အဖွဲ့အစည်းများက လိုက်နာဆောင်ရွက်နိုင်ရန် လိုအပ်သော ညွှန်ကြားချက်များ ထုတ်ပြန်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပစ္စည်းဝယ်ယူရေး၊ တင်ဒါခေါ်ယူရေးလုပ်ငန်းစဉ်များတွင် အဓိကကြန့်ကြာတတ်သည်ကို တွေ့ရှိရသည့်အတွက် ဌာန၊ အဖွဲ့အစည်းများသို့ တွန်းအားပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် အစိုးရ၏ ဝယ်ယူရေးဆိုင်ရာကိစ္စရပ်များအား လျင်မြန်ချောမွေ့စေရန်နှင့် နိုင်ငံတကာစံချိန်စံညွှန်းမီဖြစ်စေရန် ကမ္ဘာ့ဘဏ်နှင့်ပူးပေါင်း၍ အစိုးရ၏ ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းဆိုင်ရာ ဥပဒေအား အပြီးသတ်ရေးဆွဲကာ ဥပဒေအား ပြဋ္ဌာန်းနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတွင် အသုံးစရိတ်ကိုသာ ဖော်ပြထားသော်လည်း ပြည်ထောင်စုလွှတ်တော်သို့တင်ပြသည့် ပြုပြင်ပြီးခန့်မှန်းငွေစာရင်းတွင် အသုံးစရိတ်သာမက ရငွေပြောင်းလဲမှုအခြေအနေများကိုလည်း ဖော်ပြထားပါသဖြင့် ဥပဒေဖြင့် အတည်မပြုသော်လည်း စာရင်းကို အတည်ပြုသည်ဟု မှတ်ယူနိုင်ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ဘဏ္ဍာရေးနှစ်စတင်သည့် ကာလသည် ပွင့်လင်းရာသီကာလဖြစ်သည့်အပြင် ကာလရှည် ရုံးပိတ်ရက်များနှင့် လွတ်ကင်းသဖြင့် လုပ်ငန်းဆောင်ရွက်မှုမြန်ဆန်ခြင်း၊ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်သည့်ကာလသည် အောက်တိုဘာ ၁ ရက်တွင် စတင်သော ဘတ်ဂျက်အတွက် ရှစ်လကျော် တစ်ဆက်တည်းရှိခြင်းနှင့် သုံးလပတ်အလိုက် ဘဏ္ဍာငွေသုံးစွဲမှု ပိုမိုညီညွတ်မျှတလာစေရန် စသည့် အနှစ်သာရများ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးနှင့် ဌာန၊ အဖွဲ့အစည်းများအနေဖြင့် တည်ဆောက်ရေးလုပ်ငန်းများနှင့် ပစ္စည်းဝယ်ယူရေးလုပ်ငန်းစဉ်များကို အချိန်မီအကောင်အထည်ဖော် ဆောင်ရွက်ရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးရုံး၏ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ညွှန်ကြားခဲ့ပြီးဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ သုံးသပ်ချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ သုံးသပ် အကြံပြုဆွေးနွေးချက်များအတွက် အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် လိုအပ်သော ညွှန်ကြားချက်များထုတ်ပြန်၍ ကြပ်မတ်ဆောင်ရွက်မည်ဖြစ်ပါကြောင်း တင်ပြသည်။

**စာမျက်နှာ ၇ ကော်လံ ၆ သို့ ✪**

# ၂၀၁၉ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

**နေပြည်တော် မေ ၃၁**

၂၀၁၉ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ (World No Tobacco Day 2019) အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။




အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဆေးလိပ်နှင့် ဆေးရွက်ကြီးတို့၏ ဆိုးကျိုးများကို တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်၊ ကျေးလက်တောရွာများမှ ပြည်သူများအထိ သိရှိနိုင်ကြစေရန်အတွက် ဝိုင်းဝန်းဆောင်ရွက်ကြရာတွင် လွှတ်တော်ကိုယ်စားလှယ်ကြီးများကလည်း မိမိတို့၏ မဲဆန္ဒနယ်များ၌ ပညာပေးဟောပြော၍ ပံ့ပိုးဆောင်ရွက်ကြစေလိုပါကြောင်း။

**ဆိုးကျိုးများကို ပိုမိုခံစားရနိုင်**

ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှုကြောင့် အဆုတ်ရောဂါ၊ နှလုံးရောဂါနှင့် ကင်ဆာရောဂါများအပါအဝင် ရောဂါအမျိုးမျိုးဖြစ်ပွားနိုင်ပြီး ဘဝနေထိုင်မှုအရည်အသွေးကျဆင်းခြင်း၊ အချိန်မတိုင်ခင် စောစီးစွာသေဆုံးခြင်း၊ ရောဂါဖြစ်ပွားသူ၏ မိသားစုတွင်လည်း စိတ်ပူပင်သောကဖြစ်ခြင်း၊ လူမှုစီးပွားဘဝများ ထိခိုက်ဆုံးရှုံးခြင်းနှင့် နိုင်ငံတော်အတွက်လည်း များစွာဆုံးရှုံးမှုများရှိပါကြောင်း၊ ကိုယ်တိုင်ဆေးလိပ်သောက်ခြင်းကြောင့်တင်မဟုတ်ဘဲ သူတစ်ပါးသောက်သုံးသော ဆေးလိပ်ငွေ့ကို တစ်ဆင့်ရှူရှိုက်ရသူများတွင်လည်း ဆေးလိပ်မှလောင်ကျွမ်းသည့် အခိုးအငွေ့နှင့် သောက်သုံးသူမှ ရှူရှိုက်ထုတ်သော အငွေ့များကို ရှူရသည့်အတွက် ဆိုးကျိုးများကို ပိုမိုခံစားရနိုင်ပါကြောင်း။

ဆေးလိပ်နှင့် ဆေးရွက်ကြီးတွင်ပါဝင်သော ဆိုးကျိုးများသည့် ဓာတုပစ္စည်းများကြောင့် ခန္ဓာကိုယ်တွင် ဇီဝကမ္မဖြစ်စဉ်၊ ဇီဝဓာတုဖြစ်စဉ်နှင့် ဆဲလ်အတွင်းပိုင်းဖြစ်စဉ်များကို ထိခိုက်ပျက်စီးစေပြီး ရောဂါဘယများ ထူပြောနိုင်ပါကြောင်း၊ ကိုယ်ဝန်ဆောင်မိခင်များတွင် ဆေးလိပ်သောက်ခြင်း (သို့မဟုတ်) သူတစ်ပါးသောက်သုံးသော ဆေးလိပ်ငွေ့ကို တစ်ဆင့်ရှူရှိုက်ရခြင်းကြောင့် ကိုယ်ဝန်ပျက်ခြင်း၊ လမစေ့မီမွေးဖွားခြင်း၊ မကျန်းမာသော၊ ကိုယ်အလေးချိန်မပြည့်သော ကလေးငယ်မွေးဖွားခြင်းနှင့် ထိုမွေးဖွားသော ကလေးငယ် အသက်အန္တရာယ်ရှိခြင်းတို့ ဖြစ်ပွားနိုင်ပါကြောင်း။

**လုပ်ငန်းတာဝန်များ ခွဲဝေသတ်မှတ်**

ပြည်သူများအတွက် ကောင်းကျိုးမရှိဘဲ ဆိုးကျိုးအန္တရာယ်များပြားသော ဆေးလိပ်နှင့် ဆေးရွက်ကြီး ထုတ်လုပ်မှု၊ ရောင်းဝယ်ဖောက်ကားမှုများ လျော့နည်းပပျောက်စေရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ ဦးစီးဌာနနှင့် အဖွဲ့အစည်းများ အားလုံးပါဝင်သည့် လက်တွေ့ကျပြီး မြေပြင်၌ ဆောင်ရွက်နိုင်သည့် အသင့်တော်ဆုံးမဟာဗျူဟာ လုပ်ငန်းစဉ်များချမှတ်ကာ ကဏ္ဍအလိုက် လုပ်ငန်းတာဝန်များခွဲဝေသတ်မှတ်၍ အမြန်ဆုံးဆောင်ရွက်ကြစေလိုပါကြောင်း။

ဆေးလိပ်နှင့် ဆေးရွက်ကြီး ထုတ်လုပ်ရောင်းချမှုအခြေအနေ၊ သုံးစွဲမှုအခြေအနေ၊ ပြည်သူများ၏ ဆေးလိပ်နှင့် ဆေးရွက်ကြီးဆိုင်ရာ အသိအမြင်များနှင့်ပတ်သက်၍ အသုံးချသုတေသနများပြုလုပ်ကာ လေ့လာဆန်းစစ်ပြီး ထိရောက်မှုအရှိဆုံး မဟာဗျူဟာလုပ်ငန်းစဉ်များ မွမ်းမံရေးဆွဲဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနရှိ အားကစားနှင့် ကာယပညာသိပ္ပံကျောင်းအားလုံးတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှုများကို စည်းကမ်းတင်းကျပ်စွာထားရှိပြီး အားကစားသမားများ သုံးစွဲခြင်းရှိပါက ချက်ချင်းထုတ်ပယ်မှုကိုပြုလုပ်ရန် ညွှန်ကြားထားပါကြောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်မှုဖြင့် ဇွန်လအတွင်း ကျင်းပမည့် ကျောင်းသားလူငယ်ထုအတွင်း ဆေးလိပ်၊ အရက်နှင့် မူးယစ်ဆေးကင်းဝေးရေးနှင့် ကျန်းမာရေးနှင့် ညီညွတ်သောဘဝနေထိုင်မှုပုံစံများ ကျင့်သုံးလာရေးအတွက် အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့်ဆောင်ရွက်ရန် နှီးနှောဆွေးနွေးဖလှယ်ပွဲကြီးတွင်လည်း ကျောင်းနေအရွယ်လူငယ်ထုအတွင်း ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှု ပပျောက်ရေးကိစ္စရပ်များအတွက် ဝိုင်းဝန်းဆွေးနွေးကာ မဟာဗျူဟာလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် Dr. Stephan Paul Jost က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာရုံး ညွှန်ကြားရေးမှူး၏ သဝဏ်လွှာကိုဖတ်ကြားခဲ့ပြီး ဆေးလိပ်နှင့် ဆေးရွက်ကြီးထိန်းချုပ်ရေးနှင့် သုံးစွဲမှုပပျောက်ရေးဆိုင်ရာ အရေးကြီးအချက်အလက်များကို ပြောကြားခဲ့သည်။

**ရှေ့လုပ်ငန်းစဉ်များ ရှင်းလင်းပြောကြား**

ထို့နောက် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဦးက မြန်မာနိုင်ငံတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီး ထိန်းချုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် အခမ်းအနား အထိမ်းအမှတ် ပြခန်းငယ်များအား လှည့်လည်ကြည့်ရှုသည်။

အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီအတွင်းရေးမှူးနှင့် မိတ်ဖက်အဖွဲ့အစည်းများ၊ ပြည်သူများ စုစုပေါင်း ၃၀၀ ခန့် တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်

**နေပြည်တော် မေ ၃၁**

နေပြည်တော်၌ လေ့လာရေးခရီး ရောက်ရှိနေသော ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု ကိုယ်စားလှယ်အဖွဲ့များအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ ညနေ ၆ နာရီတွင် နေပြည်တော်ရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။



**ထိန်းသိမ်းကာကွယ်စောင့်ရှောက်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က ကိုယ်စားလှယ်များအနေဖြင့် ခရီးစဉ်ပြီးမြောက်၍ မိမိတို့နေထိုင်ရာ ဒေသအသီးသီးသို့ ရောက်ရှိသွားပြီးသည့်အခါတွင်လည်း မိမိတို့ဝန်ကြီးဌာနနှင့် ဆက်သွယ်၍ တိုင်းရင်းသားများ၏ ကိစ္စရပ်များ ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်များရှိ ညွှန်ကြားရေးမှူးရုံးများနှင့် တိုက်ရိုက်ထိတွေ့ဆက်သွယ်ကာ မိမိတို့၏ တိုင်းရင်းသားအခွင့်အရေးများရရှိရေး၊ စကားစာပေရိုးရာ ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးကိစ္စရပ်များကို ဆောင်ရွက်နိုင်ပါကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ တိုင်းရင်းသားစာပေယဉ်ကျေးမှု အသင်းအဖွဲ့များသည် မိမိတို့ဝန်ကြီးဌာန၏ မရှိမဖြစ် အခြေခံအကျဆုံး မိတ်ဖက်အဖွဲ့အစည်းများဖြစ်ပါကြောင်း၊ ထို့ပြင် တိုင်းဒေသကြီး/ ပြည်နယ်များရှိ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဒေသများရှိ တိုင်းရင်းသားခေါင်းဆောင်များ၊ မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်း စသည့် အဖွဲ့အစည်းများသည်လည်း မိမိတို့ဝန်ကြီးဌာန၏ တိုင်းရင်းသားရေးရာ ကိစ္စရပ်များကို ဆောင်ရွက်ရာတွင် အတူတကွလက်တွဲဆောင်ရွက်နေသည့် မိတ်ဖက်အဖွဲ့အစည်းများ ဖြစ်ပါကြောင်း။

**"တစ်ယောက်အားဖြင့် ယူသော်မရ၊ တစ်သောင်းအားဖြင့် ယူသော်ရ၏"** ဆိုရိုးစကားအတိုင်း မိမိတို့၏ အင်အားများအားလုံးကို စုစည်းပြီး ကြိုးစားဆောင်ရွက်မည်ဆိုပါက တိုင်းရင်းသားများ အစဉ်အဆက် မျှော်လင့်တောင့်တနေသည့် တန်းတူညီမျှရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး၊ ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်ရေး ဆိုသည့်ပန်းတိုင်ကို အချိန်တိုအတွင်း ရောက်ရှိနိုင်မည်ဖြစ်ပါကြောင်း၊ ရည်မှန်းချက်ပန်းတိုင်သို့ ချီတက်ရာလမ်းကြောင်းတွင် အခက်အခဲများ၊ စိန်ခေါ်မှုများ ရှိနေမည်ဖြစ်ပါကြောင်း၊ ကြုံတွေ့ရမည့် ပြဿနာများကို အားလုံးက စိတ်ရှည်သည်းခံကာ ခွင့်လွှတ်စိတ်၊ သင်ပုန်းချေစိတ်များ မွေးမြူပြီး ငြိမ်းချမ်းရေးစားပွဲဝိုင်းပေါ်တွင် တွေ့ဆုံဆွေးနွေးညှိနှိုင်းအဖြေရှာပါက မိမိတို့မျှော်လင့်တောင့်တနေသည့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်သွားနိုင်မည်ဖြစ်ပါကြောင်း၊ မိမိတို့ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအနေဖြင့် နေထိုင်ရာ ဒေသ၊ စကားစာပေ၊ ကိုးကွယ်ယုံကြည်မှု မည်သို့ပင်ကွဲပြားခြားနားပါစေ အချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် သင့်သင့်မြတ်မြတ်နေထိုင်ကြရန် လိုပါကြောင်း၊ **နွားကွဲရင်ကျားဆွဲခံရမှာဖြစ်**သည့်အတွက် တစ်ဦးကိုတစ်ဦး ချစ်ချစ်ခင်ခင်နှင့် ဥမကွဲသိုက်မပျက် ပြည်ထောင်စုကြီး ထာဝရအစဉ်တည်မြဲအောင် ဝိုင်းဝန်းကာကွယ်စောင့်ရှောက်သွားကြရေး တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးလှမော်ဦးက နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်း၊ အဖွဲ့လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်ရန်အတွက် တစ်ဖွဲ့လျှင် ထောက်ပံ့ငွေကျပ် ငါးသိန်း ထောက်ပံ့ခြင်းနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ရာ လေ့လာရေးအဖွဲ့များက ဂါရဝပြုလက်ဆောင်များ ပြန်လည်ပေးအပ်သည်။

**ကျေးဇူးတင်စကားပြောကြား**

ထို့နောက် ကချင်ပြည်နယ် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှု အသင်း/ အဖွဲ့ကိုယ်စားလှယ်များကိုယ်စား လီဆူစာပေနှင့်ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးချောလဲနှင့် တနင်္သာရီတိုင်းဒေသကြီး တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှု အသင်းအဖွဲ့များကိုယ်စား မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ နိုင်ခင်မောင်မြင့်တို့က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် လေ့လာရေးအဖွဲ့များနှင့်အတူ ချစ်ကြည်ရင်းနှီးစွာဖြင့် ညစာသုံးဆောင်ခဲ့ကြပြီး တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု ကိုယ်စားလှယ်အဖွဲ့များက တိုင်းရင်းသားရိုးရာ တေးသီချင်းများ၊ ရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

တိုင်းရင်းသားလေ့လာရေးအဖွဲ့များသည် ငါးရက်တာ နေပြည်တော်လေ့လာရေးခရီးစဉ်အတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ တပ်မတော်စစ်သမိုင်းပြတိုက်၊ အမျိုးသားပြတိုက်၊ ကျောက်မျက်ရတနာပြတိုက်၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်၊ ဆာဖာရီဥယျာဉ်၊ သတ္တသတ္တာဟစေတီတော်(ဗုဒ္ဓဂယာပုံတူ)၊ မဟာသကျရံသီရုပ်ရှင်တော်မြတ်ကြီး၊ ငလိုက်ဆည်ဆင်စခန်း စသည့် နေပြည်တော်ရှိ အထင်ကရနေရာများအပြင် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကျင်းပနေပုံများကိုပါ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သွေးစတင်လှူဒါန်းရာမှ သွေးနှင့်သွေးပစ္စည်းများ သိုလှောင်၊ ပို့ဆောင်ဖြန့်ဖြူးမှုအထိ နည်းပညာဖြင့် အဆင့်ဆင့်ပြင်ဆင်ထိန်းသိမ်းမှု ဆွေးနွေးပွဲကျင်းပ

**ရန်ကုန် မေ ၃၁**

သွေးစတင်လှူဒါန်းရာမှ သွေးနှင့်သွေးပစ္စည်းများ သိုလှောင်၊ ပို့ဆောင်ဖြန့်ဖြူးမှုအထိ ဂျပန်နည်းပညာဖြင့် အဆင်ဆင့်လုံခြုံစိတ်ချစွာ ပြင်ဆင်ထိန်းသိမ်းသည့် “Seminar on Verification Survey for disseminating Japanese Technology for Blood Storage and Transportation Services” ဆွေးနွေးပွဲကို ရန်ကုန်မြို့ အမျိုးသားသွေးဌာန၌ ယနေ့နံနက် ၈ နာရီခွဲက ကျင်းပရာ ပြည်ထောင်စုငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။ **(ယာပုံ)**




ထို့နောက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်သန်းထွန်း၊ ဂျပန်သံရုံးမှ ကောင်စစ်ဝန် Mr. Kazuyuki Takimi၊ Daido Industries. INC မှ Mr. Shunichi Ogiri တို့က အမှာစကားများ ပြောကြားကြသည်။

**ရှင်းလင်းဆွေးနွေး**

ယင်းနောက် Daido Industries. INC မှ Mr.Shunichi Ogiri က လုံခြုံစိတ်ချရသောသွေးသွင်းမှု မြှင့်တင်ရန်အတွက် သွေးသိုလှောင်ခြင်းဆိုင်ရာ ဂျပန်နည်းပညာများ ဖြန့်ဖြူးခြင်းနှင့် ဝန်ဆောင်မှုဆိုင်ရာ အတည်ပြုထားသည့် လေ့လာချက်များအား အစီရင်ခံတင်ပြခြင်းနှင့် မြန်မာနိုင်ငံရှိ သွေးသွင်းမှုဆိုင်ရာ ဝန်ဆောင်မှုတွင် အသုံးပြုသော ကိရိယာနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးဆိုင်ရာ စိန်ခေါ်မှုအကြောင်းကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ဂျပန်ကြက်ခြေနီအသင်း သွေးစင်တာမှ Mr.Hideto Ogawa က ဂျပန်နိုင်ငံသွေးဌာနတွင် သွေးသိုလှောင်မှုဆိုင်ရာ စီမံခန့်ခွဲမှု၊ အိုဆာကာ ဆေးဝါးကောလိပ်မှ Dr.Takehiro Kohno က ဆေးဘက်ဆိုင်ရာ ဂျပန်ပညာရှင်များ၏ သွေးအသုံးပြုမှု တိုးမြှင့်ပုံ၊ ဟီရိုရှီးမား နိုင်ငံတကာတက္ကသိုလ်မှ Professor Akira Kokubunji က ဂျပန်နည်းပညာရှင်များ၏ သွေးသွင်းမှုဆိုင်ရာ စနစ်၏အခန်းကဏ္ဍ၊ Certified transfusion Nurse Ms. Mayumi Matsumoto က ဂျပန်သူနာပြုများအတွက် သွေးသွင်းခြင်းဆိုင်ရာ ပညာရပ်တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် အမျိုးသားသွေးဌာန တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာအောင်က နိဂုံးချုပ်စကားပြောကြားသည်။

ယနေ့ အခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ ကောင်စစ်ဝန် Mr. Kazuyuki Takimi နှင့် JICA၊ JETRO တို့မှ တာဝန်ရှိသူများ၊ ဆေးဘက်ဆိုင်ရာ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဆေးရုံကြီးများမှ ဆေးရုံအုပ်ကြီးများ၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ မြန်မာနိုင်ငံ ဆေးပညာရှင်များအသင်း၊ မြန်မာနိုင်ငံဆေးကောင်စီ၊ မြန်မာနိုင်ငံသူနာပြုအသင်းတို့နှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

Daido Industries မှ Senior Managing Director Mr.Shunsuke Ogiri က “အခုအခါ ကုသမှုတွေက အဆင့်မြင့်လာတယ်၊ ခွဲစိတ်ကုသမှုတွေက သွေးလိုအပ်ပါတယ်၊ လှူထားတဲ့သွေးတွေကို သွေးလိုတဲ့ လူနာရှင်အတွက် သိုလှောင်ထိန်းသိမ်းဖို့ အရေးကြီးပါတယ်၊ ဒီပရောဂျက်က အဲဒါမျိုးကို ထောက်ပံ့ပေးတာဖြစ်ပါတယ်၊ အမျိုးသားသွေးဌာနကသွေးတွေကို component သုံးမျိုးထပ်ခွဲပါတယ်၊ ဒီသုံးမျိုးကိုမတူညီတဲ့ အပူချိန်နဲ့ သိုလှောင်ရပါတယ်၊ ၂ ဒီဂရီစင်တီဂရိတ်ကနေ ၆ ဒီဂရီစင်တီဂရိတ် ကြားထဲမှာ သိုလှောင်ရပါတယ်၊ ဒီနည်းပညာက မြန်မာနိုင်ငံအတွက် အထောက်အကူဖြစ်တာသိရလို့ ဝမ်းသာပါတယ်”ဟု ပြောသည်။

**သတင်းစဉ်**

✪ စာမျက်နှာ ၅ မှ

ဆက်လက်၍ **၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်း၏ ဥပဒေအကြောင်းအရာများ၊ ရငွေသုံးငွေများ**နှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းက တစ်ပိုဒ်ချင်းစီအလိုက် အဆိုတင်သွင်းပြီး ပြည်ထောင်စုလွှတ်တော် နာယကက သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၏ သဘောထားမေးမြန်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

ထို့နောက် **၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတစ်ရပ်လုံး**ကို အတည်ပြုရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်က ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ထားသည့်အတိုင်း ပြင်ဆင်ထားသည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၉၁ အပိုဒ်ခွဲ(က) နှင့်အညီ အဆိုတင်သွင်းသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်က ဆုံးဖြတ်ထားသည့်အတိုင်း ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုရန် လွှတ်တော်၏သဘောထားရယူရာ သဘောတူသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၁၃) ရက်မြောက်နေ့ကို ဇွန် ၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)**

# ရယူထားတဲ့ မြေတွေနဲ့ပတ်သက်ပြီး အသုံးပြုမှုကို အစိုးရကသိအောင် လုပ်ရမယ့်အနေအထားတွေရှိ

**၂၀၁၈ ခုနှစ်တွင်ပြင်ဆင်ခဲ့သည့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေအရ လက်ရှိကျင့်သုံးဆောင်ရွက်နေသော မြေယာမူဝါဒများနှင့်စပ်လျဉ်း၍ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးနှင့် တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြအပ်ပါသည်။**

**မေး။ ။ ၂၀၁၈ ခုနှစ်တွင် ပြင်ဆင်ခဲ့သည့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေရဲ့ အားသာချက်တွေကို ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ။ ၂၀၁၈ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ပြင်ဆင်တဲ့ ဥပဒေကို ပြီးခဲ့တဲ့နှစ် ၁၁ လပိုင်းမှာ စတင်ပြီးတော့ ပြဋ္ဌာန်းပေးနိုင်ခဲ့ပါတယ်။ ဥပဒေရဲ့ အဓိကအားသာချက်က တိုင်းရင်းသား လူမျိုး ၁၃၅ မျိုးအားလုံးရဲ့ ဓလေ့ထုံးစံအရ အသုံးပြုထားတဲ့ မြေတွေအားလုံး၊ နောက်သူတို့ရဲ့ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးအတွက် သုံးတဲ့မြေတွေအားလုံးကို ဒီဥပဒေကနေပြီးတော့ နုတ်ပယ်လိုက်တဲ့ အနေအထား၊ မြေလွတ်၊ မြေရိုင်းစာရင်းကနေ နုတ်ပယ်လိုက်တဲ့ အနေအထားကို ဒီဥပဒေမှာ အသားပေးပြီးတော့ ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။

နောက်ပြီး လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ချထားရတဲ့ အနေအထားနဲ့ ပတ်သက်ပြီးတော့လည်း ယခင်တုန်းက တိုင်းဒေသကြီးနှင့် ပြည်နယ် လုပ်ငန်းအဖွဲ့မှာ အဓိက ဧက ၅၀ အထိပဲ လုပ်ပိုင်ခွင့် ပေးထားရာကနေပြီးတော့ အခု စိုက်ပျိုးရေးအတွက် ဧက ၃၀၀၊ မွေးမြူရေးအတွက် ဧက ၅၀ အထိ တိုးပြီး လုပ်ပိုင်ခွင့်ပိုမိုပြီး ချပေးတာဖြစ်ကြောင်း ရှင်းလင်းတင်ပြလိုပါတယ်။

**မေး။ ။ အများပြည်သူတွေ ပူပန်နေကြတဲ့ ဥပဒေပုဒ်မ ၂၂(ခ) (၂)ပါ ၆ လအတွင်း လျှောက်ထားရမယ်ဆိုတဲ့ ကိစ္စနဲ့ ပတ်သက်ပြီးတော့လည်း သိလိုပါတယ်။**

ဖြေ။ ။ ဒီ ခြောက်လအတွင်းဆိုတဲ့ ကိစ္စနဲ့ ပတ်သက်လို့ကတော့ လက်ရှိအနေအထားမှာ လျှောက်လွှာပေါင်း လေးသိန်းလောက် လက်ခံရရှိပါတယ်။ ဒီခြောက်လအတွင်းမှာတော့ စတင်လျှောက်ထားတဲ့ လျှောက်လွှာနဲ့ ပတ်သက်ပြီးတော့ စိစစ်မှုတွေ စတင် ဆောင်ရွက်နေပါတယ်။ ခြောက်လကျော်လွန်သွားခဲ့ရင်လည်း ဆက်ပြီးလျှောက်ခွင့်ရှိမှာပါ။ တစ်ခါတည်းပဲ ဒီဥပဒေအရ အရေးယူသွားမယ်ဆိုတဲ့ ကောလာဟလသတင်းတွေကတော့ မှန်ကန်မှုမရှိပါဘူး။ တကယ်လို့ ဒီလိုမျိုး ခြောက်လအတွင်းမှာ လျှောက်ထားမှုမရှိဘဲနဲ့ အသုံးပြုထားတယ်ဆိုတဲ့ အနေအထားမျိုး သတင်းပို့ချက်ရရှိရင်လည်း ကျွန်တော်တို့ဌာနက ဝန်ထမ်းတွေ အနေနဲ့ရော၊ သက်ဆိုင်ရာအဖွဲ့အစည်းအဆင့်ဆင့်က စစ်ဆေးပြီးတော့ မှန်ကန်တယ်ဆိုရင် သူတို့ကို ဒါနဲ့ပတ်သက်ပြီးတော့ လျှောက်ထားဖို့နဲ့ မလျှောက်ထားဘူးဆိုရင် ထွက်ခွာဖို့ဆိုတာ သတိပေးစာထုတ်မှာပါ။ တစ်ကြိမ်ပေးမယ်၊ နှစ်ကြိမ်ပေးမယ်၊ သုံးကြိမ်အထိ သတိပေးပြီး လိုက်နာဆောင်ရွက်မှု မရှိဘူးဆိုရင် ဥပဒေပါအတိုင်း ဆက်လက်ဆောင်ရွက်ရမယ့် အနေအထားဖြစ်ပါတယ်။

အဓိကကတော့ ခွင့်ပြုချက်မရဘဲနဲ့ အသုံးပြုထားတဲ့မြေကို အသုံးပြုထားတဲ့ သူတွေကို ပိုင်ဆိုင်မှုဖြစ်စေချင်တဲ့အတွက်ကြောင့် လုပ်တဲ့အနေအထားဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ မြေလွတ်၊ မြေရိုင်းတွေ အများကြီးရှိပါတယ်။ တစ်နိုင်ငံလုံးမှာ မြေဧရိယာပေါင်း ၁၆၇ သန်းကျော်ရှိတဲ့ အထဲမှာ မြေလွတ်၊ မြေရိုင်း ဧကပေါင်းက ၄၅ သန်းနဲ့ သန်း ၅၀ ကြားမှာ ရှိပါတယ်။ ဒီမြေတွေမှာလည်း အခုလို တရားမဝင် သူတို့ဟာသူတို့ လုပ်နေတဲ့ အနေအထားတွေလည်းရှိပါတယ်။ ဒီမြေတွေကို ကျွန်တော်တို့က ပိုင်ဆိုင်ခွင့်ပေးစေလိုတဲ့အတွက်ကြောင့် လုပ်တဲ့အနေအထားဖြစ်တာကို ရှင်းလင်းတင်ပြလိုပါတယ်။

**မေး။ ။ ပုဒ်မ ၃၀ (ခ)နဲ့ (ဂ)ပါ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာအရ သတ်မှတ်မြေများ၊ အများပြည်သူနဲ့ တိုင်းရင်းသားများဆိုင်ရာ ဘာသာရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးတို့အတွက် လက်ရှိအသုံးပြုထားတဲ့ မြေတွေနဲ့ ပတ်သက်လို့လည်း ဘယ်လို ဆက်လက်ဆောင်ရွက်သွားမယ်ဆိုတာကို ပြောပြပေးပါဦး။**

ဖြေ။ ။ တိုင်းရင်းသားလူမျိုးတွေရဲ့မြေတွေနဲ့ပတ်သက်လို့ မြေလွတ်၊ မြေရိုင်းများစာရင်းကနေပြီး ကျွန်တော်တို့ နုတ်ပယ်လိုက်တဲ့အတွက်ကြောင့် သူတို့မှာ အရင်တုန်းက စိုးရိမ်ပူပန်နေရတဲ့ အနေအထားတွေ မရှိတော့ပါဘူး။ ဒါနဲ့ပတ်သက်လို့လည်း သတ်မှတ်ချက် တစ်ခုကတော့ နောက်ပိုင်းကျရင် သက်ဆိုင်ရာ ဒေသအာဏာပိုင်တွေနဲ့ ညှိနှိုင်းပြီးတော့ ဆောင်ရွက်ရမယ့်အရာ ဖြစ်ပါတယ်။

မြေတစ်ခုကို ရှုမြင်မယ်ဆိုရင် ဘယ်နိုင်ငံမှာပဲဖြစ်ဖြစ် မြေလွတ်၊ မြေလပ်နဲ့ မြေရိုင်းများ အသွင်နဲ့ စတင်ပြီးတော့ ရှုမြင်ရပါတယ်။ ဒီမြေလွတ်၊ မြေလပ်နဲ့မြေရိုင်းများ အပေါ်မှာမှ အသုံးပြုတဲ့အပေါ်မှာ မူတည်ပြီးတော့ မြေအမျိုးအစားတွေကို ခွဲခြားရပါတယ်။ လက်ရှိ ကျွန်တော်တို့နိုင်ငံမှာဆိုရင် မြေ ၂၂ မျိုးခွဲခြားထားပါတယ်။ မြို့မြေ၊ ရွာမြေ၊ လမ်းမြေ၊ မီးရထားမြေ၊ သတ္တုတွင်းမြေ၊ သစ်တောမြေ စသည်ဖြင့် ခွဲခြားထားပါတယ်။ အဲဒီမြေတွေကိုလည်း သက်ဆိုင်ရာ ဥပဒေနဲ့အညီ စီမံခန့်ခွဲ အုပ်ချုပ်ရပါတယ်။ ဒါမှလည်း နိုင်ငံတော်ရဲ့ စနစ်ကျတဲ့ စီမံခန့်ခွဲမှု အဆင့်တွေကို မြေက အခြေပြုတဲ့အတွက်ကြောင့် ဒါတွေအောင်မြင်စွာ သုံးစွဲနိုင်မယ့် အနေအထား ဖြစ်ပါတယ်။ သူတို့ကို နုတ်ပယ်လိုက်တဲ့အတွက်ကြောင့် တိုင်းရင်းသားလူမျိုးတွေကလည်း သူတို့ရဲ့ စိုးရိမ်ပူပန်မှုတွေ လျော့ပါးသွားနိုင်သလို၊ မရှိနိုင်တော့သလို ကျွန်တော်တို့ဘက်ကလည်း မြေလွတ်၊ မြေရိုင်းတွေချထားမယ်ဆိုရင် ဒီမြေတွေကို ရှောင်လွှဲပြီးတော့ချထားတဲ့ စနစ်မျိုးဖြစ်အောင် ကျွန်တော်တို့အနေနဲ့ ဆက်ပြီးတော့ ဆောင်ရွက်မှာဖြစ်ပါတယ်။ သူတို့အနေနဲ့ကလည်း မိမိတို့ရဲ့ရိုးရာ အနေနဲ့ပဲ ပြောပြော၊ ဘာသာရေးအနေနဲ့ပဲ ပြောပြော၊ ဓလေ့ထုံးစံအနေနဲ့ပဲပြောပြော ရယူထားတဲ့ မြေတွေနဲ့ပတ်သက်ပြီး အသုံးပြုမှုကို အစိုးရကသိအောင် လုပ်ရမယ့်အနေအထားတွေရှိပါတယ်။ ဒါတွေက နောက်ပိုင်းကျတော့ တစ်ဆင့်ချင်းလုပ်သွားမှာပါ။ အဲဒီလိုလုပ်မှပဲ အသိအမှတ်ပြုမှာပါ။ နိုင်ငံတော်ကလည်း ဒါကို ပြန်တမ်းသဖွယ်ထုတ်ပြီးတော့ အသိအမှတ်ပြုမှပဲ စာရင်းဇယားဆိုတာခိုင်မြဲမှာပါ။ စာရင်းဇယား တိကျမှန်ကန်မှသာလျှင် နိုင်ငံတော်ရဲ့ စီမံခန့်ခွဲမှုစနစ်ကလည်း ကောင်းမွန်တဲ့အနေအထားဖြစ်မှာဖြစ်ကြောင်း ကျွန်တော့်အနေနဲ့ ရှင်းလင်းပြောကြားလိုပါတယ်။



ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦး

**ဟန်လင်းနိုင်**

❖ **ကျောဖုံးမှ**

ရွှေ့လုပ်ငန်းစဉ်၊ ရခိုင်ပြည်နယ်အတွင်းရှိ ပြဿနာများနှင့် ပတ်သက်၍ ရှုပ်ထွေးမှုများ၊ National Security အမျိုးသားလုံခြုံရေးနှင့် ပတ်သက်သည့် ခြိမ်းခြောက်မှုနှင့် စိန်ခေါ်မှုများကို ရှင်းလင်းတင်ပြသွားမည်ဖြစ်ပါကြောင်း။

ငြိမ်းချမ်းရေးဖြစ်စဉ်နှင့်ပတ်သက်၍ ယခုအစိုးရလက်ထက်တွင် အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးကို ဦးစားပေးလုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် ချမှတ်ဆောင်ရွက်ခဲ့ပါကြောင်း၊ အဓိကရည်ရွယ်ချက်မှာ NCA လက်မှတ် မထိုးရသေးသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ အားလုံး NCA ထဲးရိပ်အောက်ရောက်လာရန် နံပါတ်တစ်ဖြစ်ပါကြောင်း၊ သဘောတူညီထားသည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ခိုင်မာအောင်ထိန်းသိမ်းရန် ပစ်ခတ်တိုက်ခိုက်မှုများမရှိအောင် ဆက်လက်ဆောင်ရွက်ရန်မှာ နံပါတ်နှစ်ဖြစ်ပါကြောင်း၊ နံပါတ်သုံးမှာ Union Peace Conference ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ နိုင်ငံရေးဆွေးနွေးပွဲကို အကောင်အထည်ဖော်ဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ နံပါတ်လေးအချက်မှာ ပြည်ထောင်စုသဘောတူစာချုပ်တွင် အဓိကမှာ ဒီမိုကရေစီနှင့် ဖက်ဒရယ်အခြေခံမှုများနှင့်ပတ်သက်၍ သဘောတူညီချက်များရရှိအောင် ဦးတည်ချက်ထားပါကြောင်း၊ နံပါတ်ငါးအချက်မှာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ဇရိယာများတွင်ရှိသည့် တိုင်းရင်းသားပြည်သူများ ငြိမ်းချမ်းရေး၏ အသီးအပွင့်များခံစားနိုင်ရန်၊ နံပါတ်ခြောက်အချက်မှာ ဒီမိုကရေစီ ကူးပြောင်းရေးနှင့် ဖက်ဒရယ်တည်ဆောက်ရေးကို ပြည်ထောင်စုသဘောတူစာချုပ်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရန်ဆိုသည့် ရည်မှန်းချက်များနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ချဉ်းကပ်ဆောင်ရွက်ခဲ့ပါကြောင်း။

**ညှိနှိုင်းဆောင်ရွက်**

လက်ရှိအစိုးရအနေဖြင့် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်နေသည့် Stakeholder များနှင့် ညှိနှိုင်းဆွေးနွေးခဲ့ပါကြောင်း၊ JMC ကို ၂၀၁၆ ခုနှစ် ဧပြီ ၂၇ ရက်တွင် တွေ့ဆုံ၍ JMC ကို အသိအမှတ်ပြုဆက်လက်ဆောင်ရွက်ခဲ့ပါကြောင်း၊ မေလတွင် NRPC နှင့် ငြိမ်းချမ်းရေးကော်မရှင်ကို ဖွဲ့စည်းခဲ့ပါကြောင်း၊ မဖွဲ့စည်းမီ (၂၁) ရာစု ပင်လုံညီလာခံကျင်းပရေး ဗဟိုကော်မတီကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်၍ ဖွဲ့စည်းခဲ့ပါကြောင်း၊ ကော်မတီအောက်တွင် လက်မှတ်ထိုးပြီးအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊ လက်မှတ်မထိုးရသေးသည့် အဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ရန် ဆပ်ကော်မတီနှစ်ခု ဖွဲ့စည်းခဲ့ပါကြောင်း။

၂၀၁၆ ခုနှစ်တွင် UPDJC ကို အသစ်ဖွဲ့စည်းခဲ့ပါကြောင်း၊ UPDJC ဥက္ကဋ္ဌအနေဖြင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဆောင်ရွက်ပြီး ၄၈ ယောက်နှင့် သုံးပွင့်ဆိုင် UPDJC အသစ် ဖြစ်ပေါ်လာပါကြောင်း၊ ထူးခြားချက်မှာ နိုင်ငံရေးပါတီ အစုအဖွဲ့တွင် ရွေးကောက်ပွဲ၌ တစ်နေရာ အနည်းဆုံးရရမည်ဆိုသည့် စည်းမျဉ်းသတ်မှတ်ချက်များဖြင့်UPDJC တွင်ပါဝင်သည့် နိုင်ငံရေးပါတီဦးရေကို လျှော့ချဖွဲ့စည်းခဲ့ခြင်းဖြစ်ပါကြောင်း။

၂၀၁၆ ခုနှစ် ဇူလိုင် ၁၁ ရက်တွင် NRPC နှင့် Peace ကော်မရှင်ကို ဖွဲ့စည်းခဲ့ကာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ခဲ့ပါကြောင်း၊ (၂၁)ရာစုပင်လုံ သုံးကြိမ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုလက်ရှိကာလတွင် NCA ထိုးပြီးသားအဖွဲ့များ၊ မထိုးရသေးသည့် အဖွဲ့ များနှင့် အကြိမ်ပေါင်းများစွာ အလွတ်သဘောဆွေးနွေးပွဲများ၊ တရားဝင်ဆွေးနွေးပွဲများ ပြုလုပ်ခဲ့ပါကြောင်း၊ ဇွန်လတွင် NCA တွင်ပါဝင်သည့် ယန္တရားများ ပြန်လည်စတင်နိုင်ရန် မျှော်မှန်းပြီး လက်ရှိအခြေအနေအထိ ဆောင်ရွက်ခဲ့ပါကြောင်း။



ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး ရှင်းလင်းပြောကြားစဉ်။



ဒုတိယဝန်ကြီး ဦးကြည်မင်း ရှင်းလင်းပြောကြားစဉ်။

**သဘောတူညီချက်များရယူ**

NCA မထိုးရသေးသည့် အဖွဲ့များနှင့် အဆင့်သုံးဆင့် ချမှတ်ထားပါကြောင်း၊ လက်ရှိတိုက်ပွဲများဖြစ်ပွားနေသည့် မြောက်ပိုင်းလေးဖွဲ့နှင့် တိုက်ပွဲများရပ်ဆိုင်းရန် နောက်ထပ်တိုက်ပွဲများ မဖြစ်ရန်အတွက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး Agreement တစ်ရပ် လိုအပ်လာပါကြောင်း၊ နောက်တစ်ချက်မှာ ယုံကြည်မှု တည်ဆောက်ရေး ဖြစ်ပါကြောင်း၊ တပ်ပိုင်းဆိုင်ရာ သဘောတူညီချက်များနှင့် ထိုဒေသတွင်ရှိသည့် ပြည်သူများအရေးကိစ္စ၊ အထူးသဖြင့် IDP ကိစ္စများဆောင်ရွက်ရန် ညှိနှိုင်းပါကြောင်း၊ နောက်တစ်ချက်မှာ နိုင်ငံရေးအဖြေရှာရန်အတွက် ဖက်ဒရယ်အခြေခံမှုများ ညှိနှိုင်းဆွေးနွေးသည့်အဆင့်ကို တက်ရန် အဆင့်သုံးဆင့်အရ Bilateral Agreement ထိုးမည်ဖြစ်ပြီး နောက်တစ်ဆင့် NCA သွားမည်ဖြစ်ပါကြောင်း၊ NCA ၏ လမ်းပြမြေပုံခုနစ်ဆင့်အတိုင်း ဆောင်ရွက်မည် ဖြစ်သကဲ့သို့ EAO များ၏ စိုးရိမ်ချက်ဖြစ်သည့် ၂၀၂၀ မတိုင်မီနှင့် ၂၀၂၀ နောက်ပိုင်းတွင် ဆက်လက်လုပ်ဆောင်မည့် သဘောတူညီချက်များရယူမည်ဖြစ်ပါကြောင်း။

လက်ရှိ ၂၀၁၉ ခုနှစ် မေလ ၃၁ ရက်အထိ UNFC အဖွဲ့ဟောင်းပါဝင်ပါကြောင်း၊ KNPP တစ်ဖွဲ့ကျန်ရှိ၍ Joint Statement ထုတ်ပြီး Bilateral ရှိပြီးသား ဖြစ်ပါကြောင်း၊ NCA ထိုးရန် မူအားဖြင့်သဘောတူထားပြီး အချိန်ကိုဆက်လက်ညှိနှိုင်းနေပါကြောင်း။

**ပူးတွဲကြေညာချက်ထုတ်ပြန်**

နောက်တစ်ဆင့်မှာ NCA ထိုးပြီးသား ၁၀ ဖွဲ့ဖြစ်ပါကြောင်း၊ NCA အရ JICM ၊ UPDJC ၊ JMC ပြီးပါက UPC အထိသွားရန် သဘောတူညီချက်ရနေသည့် အနေအထားတွင် ပြည်ထောင်စုက ခွဲမထွက်ရေးနှင့် တစ်ခုတည်းသော တပ်မတော်ကိစ္စတွင် ညှိနှိုင်း၍ အဆင်မပြေသေးသည့် အနေအထားကြုံလာပါကြောင်း၊ Union Accord Part 1 ၊ Part 2 ရရှိနေပြီး “ဝ”၊ မိုင်းလား၊ SSPP ၊ KIA တို့နှင့် Bilateral Ceasefire Agreement ရှိပြီး KIA နှင့် Bilateral Ceasefire Agreement ပျက်ကာ တိုက်ပွဲများ ဆက်ဖြစ်နေပါကြောင်း၊ နောက် AA၊ TNLA၊ MMDA သုံးဖွဲ့ ဖြစ်ပါကြောင်း၊ Statement ထုတ်ရန် ညှိနှိုင်းခဲ့ပြီး ပူးတွဲကြေညာချက် ထုတ်ပြန်နိုင်ခဲ့ပါကြောင်း၊ Bilateral Ceasefire Agreement ကြိုးပမ်းနေပါကြောင်း၊ တွေ့ဆုံရန် သဘောတူထားပါကြောင်း၊ ဧပြီလ ၃၀ ရက်တွင် ထိုအဖွဲ့များဖြင့် နောက်ဆုံးတွေ့ဆုံခဲ့ပြီး နေရာကို ဆက်လက်ညှိနှိုင်း နေဆဲဖြစ်ပါကြောင်း၊ နေရာကို ၎င်းတို့က ကူမင်း၊ ပန်ဆန်း၊ မူဆယ် အဆိုပြုထားပြီး မိမိတို့က နေပြည်တော်၊ ရန်ကုန်၊ မြစ်ကြီးနား သုံးနေရာကို ဧပြီ ၃၀ ရက်တွင် အဆိုပြုပါကြောင်း၊ နေရာကို သဘောတူညီချက်မရသေးပါကြောင်း၊ ရရှိပါက Bilateral Ceasefire Agreement ထိုးသည့် အဆင့်ရောက်မည်ဖြစ်ပါကြောင်း၊ နောက်တစ်ဆင့်မှာ NCA ထိုးသည့် အဆင့်သွားမည် ဖြစ်ပါကြောင်း။

**သမိုင်းကြောင်းကို ပြန်ကြည့်**

မြန်မာနိုင်ငံ လွတ်လပ်ရေးမရခင်က ဖြစ်ပေါ်ခဲ့သည့် သမိုင်းကြောင်းကို ပြန်ကြည့်ပါက ၁၉၄၇ ခုနှစ်တွင် ပင်လုံစာချုပ်ချုပ်ဆိုခဲ့ပါကြောင်း၊ ထိုကာလမတိုင်ခင်က သောင်းကျန်းသူ အဖွဲ့အစည်း ငါးဖွဲ့ရှိပြီးဖြစ်ပါကြောင်း၊ ထို့နောက် 47 Constitution ပေါ်လာကြောင်း၊ ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးရရှိခဲ့ပြီး ၁၉၆၂ ခုနှစ်တွင် တော်လှန်ရေးကောင်စီ တက်လာပါကြောင်း၊ တော်လှန်ရေးကောင်စီတက်ပြီးသည့်နောက် Ceasefire Agreement ကို ကရင်အဖွဲ့တစ်ဖွဲ့နှင့် လက်နက်ဖြုတ်သိမ်းလိုက်သည့် အဆင့်ရရှိခဲ့ပါကြောင်း။

၁၉၇၄ ခုနှစ်တွင် ဆိုရှယ်လစ်လမ်းစဉ်ပေါ်လာပါကြောင်း၊ ၁၉၈၈ ခုနှစ်အထိ ဖြစ်ပါကြောင်း၊ ၁၉၈၈ ခုနှစ်မှ ၂၀၁၀ အထိ တပ်မတော်အစိုးရကာလ ဖြစ်ပါကြောင်း၊ ယင်းကာလတွင် အဖွဲ့ပေါင်း ၄၀ နှင့် Ceasefire Agreement ရခဲ့ပါကြောင်း၊ ယင်းခေတ်တွင် တစ်နိုင်ငံလုံးလွှမ်းခြုံသည့် NCA ကဲ့သို့ သဘောတူစာချုပ် မပေါ်ခဲ့ပါကြောင်း။

**မူဘောင်တစ်ရပ်ပေါ်လာ**

၂၀၁၀ ခုနှစ် ရွေးကောက်ပွဲအပြီးတွင် သမ္မတ ဦးသိန်းစိန် အစိုးရမှ ၂၀၁၅ အထိ တာဝန်ယူခဲ့ပါကြောင်း၊ ထိုကာလတွင် Bilateral Ceasefire Agreement ၁၅ ဖွဲ့ဖြင့် ရခဲ့ပါကြောင်း၊ NCA ပေါ်ပေါက်လာပါကြောင်း၊ NCA တွင် ရှစ်ဖွဲ့လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ political framework နိုင်ငံရေးဆွေးနွေးမည့် မူဘောင်တစ်ရပ် ပေါ်လာပါကြောင်း၊ သို့သော် နိုင်ငံရေးဆွေးနွေးပွဲအဆင့်အထိမရောက်ခဲ့ပါကြောင်း၊ ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း မွန်ပြည်သစ်နှင့် LDU တို့မှာ NCA ထဲသို့ ရောက်လာပါကြောင်း၊ KNPP နှင့်လည်း NCA Agreement ရလာပါကြောင်း။

နိုင်ငံရေးဆွေးနွေးပွဲတွင် ညီလာခံ သုံးကြိမ်နှင့် အခြေခံမူ သဘောတူညီချက် ၅၁ ချက်ရရှိခဲ့ပါကြောင်း၊ နိုင်ငံရေးဆွေးနွေးပွဲနှင့် framework ပေါ်ပေါက်လာပါကြောင်း၊ လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစု ပင်လုံ အစည်းအဝေးပြီးသည့်နောက်တွင် EAO ဘက်က ပြန်ပြီးဆိုင်းငံ့ထားသည့် ပြဿနာများဖြစ်လာပါကြောင်း။

**အဓိကဖြေရှင်းရမည့်ပြဿနာ**

DDR ၊ SSR လုံခြုံရေးကဏ္ဍနှင့် တစ်ခုတည်းသော တပ်မတော်ကိစ္စကို ဆက်ပြီးဆွေးနွေးရမည် ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်ပြဿနာမှာ ARSA က တိုက်ခိုက်မှုဖြစ်ပွားခဲ့သည့် နှစ်ကြိမ်အတွင်း စုစုပေါင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ပြည်သူများ သေဆုံး၊ ပျောက်ဆုံး၊ ဒဏ်ရာရ ၄၃၇ ဦးရှိခဲ့ပါကြောင်း၊ ယင်းမှာ မေ ၃၁ ရက်အထိ စာရင်းဖြစ်ပါကြောင်း၊ ရခိုင်ကိစ္စမှာ အဓိက ဖြေရှင်းရမည့် ပြဿနာဖြစ်သည်ကို မျှော်မှန်းထားသည့်အတွက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဦးဆောင်သည့် ဗဟိုကော်မတီကိုဖွဲ့စည်းခဲ့ပါကြောင်း၊ မကြာမီ ကိုဖီအာနန် အကြံပေးကော်မရှင်ကိုဖွဲ့စည်းခဲ့ပြီး ကိုဖီအာနန် မြန်မာနိုင်ငံကိုလာ၍ ပြန်သွားသည့် တစ်လတင်းတင်းပြည့်သည့်နေ့တွင် ARSA က ရဲစခန်းများကို စတင်တိုက်ခိုက်ခဲ့ပါကြောင်း၊ ယင်းဖြစ်စဉ်နှင့် စပ်လျဉ်းပြီး လူ့အခွင့်အရေးဆိုင်ရာ စွပ်စွဲမှုများရှိသည့်အတွက် ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သည့် စုံစမ်းစစ်ဆေးရေးကော်မရှင် ဒီဇင်ဘာတွင် ဖွဲ့စည်းခဲ့ပါကြောင်း၊ ၂၀၁၆ ခုနှစ်ထဲတွင် စတင်ဖြစ်ပွားခဲ့ပြီး ARSA ၏ ဒုတိယအကြိမ် တိုက်ခိုက်မှုမှာ ၂၀၁၇ ခုနှစ်တွင်ဖြစ်ပါကြောင်း၊ ကိုဖီအာနန် report ထွက်သည့် ဩဂုတ် ၂၄ ရက် ညနေပိုင်းတွင် ARSA က ရဲစခန်းများကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ဝင်ရောက်တိုက်ခိုက်ခဲ့ပါကြောင်း၊ နောက်ပိုင်းတွင် ယင်းဒေသမှ အစ္စလာမ်ဘာသာဝင်များ ဘင်္ဂလားဒေ့ရှ်ဘက်သို့ ထွက်ပြေးသည့်ပြဿနာကြောင့် ဖိအားများများစွာကြုံတွေ့လာရပါကြောင်း၊ ယင်းအချိန်တွင် ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေး၊ ရေရှည်တည်ငြိမ်ရေးလုပ်ငန်းဆောင်ရွက်ရန် UEHRD ကို စတင်ဖွဲ့စည်းခဲ့ပါကြောင်း။

**ရှင်းလင်းပြောကြား**

ထို့နောက် AA အဖွဲ့နှင့် တိုက်ပွဲများဖြစ်လာပါကြောင်း၊ ထိတွေ့မှုအကြိမ်ပေါင်း ၂၀၆ ကြိမ်ရှိပြီး AA သေဆုံးတပ်ဖွဲ့ဝင် ၁၀၀ နီးပါး ရှိပါကြောင်း၊ အရှင် ၄၈ ဦး ဖမ်းမိပါကြောင်း၊ ဥပဒေနှင့်အညီ ဆက်လက်စစ်ဆေးဆောင်ရွက်နေပါကြောင်း၊ မိုင်းဖြစ်စဉ် ၂၁ ကြိမ်ရှိပါကြောင်း၊ တပ်မတော်ယာဉ်တန်းများ၊ စစ်ကြောင်းများအား တိုက်ခိုက်မှု ကိုးကြိမ်ရှိပါကြောင်း၊ ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူများကို မိုင်းခွဲတိုက်ခိုက်မှု ကိုးကြိမ်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်မြို့နယ် ခုနစ်ခုနှင့် ချင်းပြည်နယ် ပလက်ဝတွင် ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားပါကြောင်း၊ လူပေါင်း ၃၃၀၀၀ ကျော် IDP တွင် နေထိုင်နေရပါကြောင်း ရှင်းလင်းပြောကြားသည်။

တက်ရောက်လာကြသည့် သတင်းမီဒီယာများက နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ရခိုင်ပြည်နယ် အင်းဒင်ကိစ္စနှင့် ပတ်သက်ပြီး အရေးယူခံထားရသည့် တပ်မတော်သားများ ပြန်လည်လွတ်မြောက်မှုရှိ၊ မရှိ၊ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ကြန့်ကြာနေရသည့်ကိစ္စရပ်များ၊ နေပြည်တော်ကောင်စီ၌ နိုင်ငံတော်သမ္မတနှင့် ဝန်ထမ်းများတွေ့ဆုံပွဲတွင် နိုင်ငံတော်သမ္မတ ပြောကြားခဲ့သည့် မိန့်ခွန်း၊ ဆရာတော်ဦးဝီရသူအား ဖမ်းဆီးရန် ဆောင်ရွက်နေမှု အခြေအနေ၊ နိုင်ငံတော်အစိုးရ အဖွဲ့အစည်းများတွင် နိုင်ငံခြားသားအကြံပေး ပညာရှင်များအား ခန့်အပ်ထားသည့် အရေအတွက်နှင့် ခန့်အပ်သည့် မူဝါဒ၊ မြန်မာနိုင်ငံအတွင်း မလေးရှားနိုင်ငံဘက်မှ အကြမ်းဖက်သမားများ ဝင်ရောက်လာမှု အခြေအနေနှင့် နိုင်ငံတော်အစိုးရမှ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ အမျိုးသားရေး ထောက်ခံပွဲများအား ဖမ်းဆီးအရေးယူသည့်အခါ နောက်ဆက်တွဲပြဿနာများ မဖြစ်ပေါ်စေရန် စီမံခန့်ခွဲမှုအခြေအနေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများကို အုပ်ချုပ်ရန် ဝန်ကြီးတစ်ပါး တိုးချဲ့ခန့်အပ်ရန် အစီအစဉ် ရှိ၊ မရှိ၊ သိမ်းဆည်းခံမြေများ ပြန်လည်စွန့်လွှတ်ရေးနှင့် မူလတောင်သူများထံ အမြန်ပြန်လည်ပေးအပ်နိုင်ရေး ဆောင်ရွက်နေမှုအခြေအနေ၊ အစိုးရအပြောင်းအလဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ငွေကြေးကွာဟမှု ဖြစ်စဉ်များကို ပြည်သူကိုချပြရန် အစီအစဉ် ရှိ၊ မရှိ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များက ရရန်ရှိသော ငွေကြေးများနှင့်စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေ၊ မြောက်ပိုင်းအဖွဲ့ လေးဖွဲ့နှင့် တွေ့ဆုံဆွေးနွေးသွားမည့် အခြေအနေ၊ တပ်မတော်နှင့် AA တိုက်ပွဲကိစ္စ၊ မြစ်ဆုံကိစ္စနှင့်စပ်လျဉ်း၍ ထုတ်ပြန်ရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းကြရာ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ပြန်လည်ရှင်းလင်းဖြေကြားသည်။

**ဘွဲ့တံဆိပ်တော်များ ဆက်ကပ်**

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ပြည်သူ့အတွက် တတိယ(၁)နှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကြည်မင်းက သာသနာရေးဆိုင်ရာဆောင်ရွက်ချက်များအနေဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ အခမ်းအနားကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ နှစ်စဉ် တပေါင်းလပြည့်နေ့တွင် ကျင်းပလျက်ရှိရာ ၂၀၁၉ ခုနှစ်တွင် ရဟန်း ၂၅၄ ပါး၊ သီလရှင် ၁၄ ပါးနှင့် လူပုဂ္ဂိုလ် ၉၃ ဦးတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း ချီးမြှင့်အပ်နှင်းခဲ့ပါကြောင်း။

တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲနှင့် ချီးကျူးပူဇော်ပွဲအခမ်းအနားများကို နှစ်စဉ်ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီး၌ ဒီဇင်ဘာလမှစတင်၍ ၃၃ ရက်ကြာ ကျင်းပပြုလုပ်ပါကြောင်း၊ ထို့အပြင် တိပိဋကဓရ၊ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ အခမ်းအနားကိုလည်း မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ နှစ်စဉ်မေလတွင် ကျင်းပပြုလုပ်ပါကြောင်း။

**ထပ်မံပေါ်ထွန်း**

(၆၉) ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် စကားဝါလမ်း တိပိဋကိကာယကျောင်းတိုက်မှ ဘဒ္ဒန္တဝီရိယာနန္ဒသည်(၁၄) ပါးမြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒအဖြစ် သာသနာ့ အာဇာနည်အရှင်သူမြတ်တစ်ပါး ထပ်မံပေါ်ထွန်းခဲ့ပါကြောင်း။

ဓမ္မာစရိယစာမေးပွဲ၊ အစိုးရ၊ ပါဠိပထမပြန်စာမေးပွဲနှင့် နိကာယ်စာမေးပွဲများ ကျင်းပခြင်းအနေဖြင့် မြန်မာတစ်နိုင်ငံလုံးတွင် ဓမ္မာစရိယ စာဖြေဌာန ၅၄ ဌာနရှိပြီး နှစ်စဉ်မတ်လ၌ စာမေးပွဲများ ကျင်းပပြုလုပ်ပါကြောင်း၊ အစိုးရပါဠိ ပထမပြန်စာမေးပွဲကို တစ်နိုင်ငံလုံးတွင် စာဖြေဌာန ၂၄၀ ၌ နှစ်စဉ်သင်္ကြန်မတိုင်မီ ဧပြီလ ပထမပတ်အတွင်း ကျင်းပပြုလုပ်ပါကြောင်း၊ နိကာယ်စာမေးပွဲကို စာဖြေဌာန ၇၄ ဌာနတို့၌ နှစ်စဉ်ဇွန်လအတွင်း ကျင်းပပြုလုပ်ပေးလျက်ရှိပါကြောင်း။

ယခင်က နိကာယ်စာဖြေဌာန ၇၀ ရှိရာမှ သုံးနှစ်တာကာလအတွင်း ဘားအံစာဖြေဌာန၊ လမ်းမတော်စာဖြေဌာန၊ တွံတေးစာဖြေဌာနနှင့် သာကေတစာဖြေဌာနဟူ၍ အသစ်လေးခု တိုးချဲ့ ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း။

**စာမျက်နှာ ၉ သို့ »»**

»»» စာမျက်နှာ ၈ မှ

ဓမ္မာစရိယစာမေးပွဲ၊ အစိုးရပါဠိ ပထမပြန်စာမေးပွဲ၊ အဘိဓမ္မာနှင့်ဝိသုဒ္ဓိမဂ် စာမေးပွဲများကို နှစ်စဉ်ကျင်းပလျက်ရှိရာ ၂၀၁၈ ခုနှစ်တွင် ဓမ္မာစရိယစာမေးပွဲ အောင်မြင်သူ ၂၉၃၂ ဦး၊ အစိုးရပါဠိပထမပြန်စာမေးပွဲများ အောင်မြင်သူ ၂၄၁၅၉ ဦး၊ အဘိဓမ္မာ(ရိုးရိုး) အောင်မြင်သူ ၁၈၂၅၉ ဦး၊ အဘိဓမ္မာ (ဂုဏ်ထူးဆောင်) အောင်မြင်သူ ၂၈၀၃ဦး၊ ဝိသုဒ္ဓိမဂ် အောင်မြင်သူ ၄၃၈၄ ဦး ရှိခဲ့ပါကြောင်း။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသ၊ သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ကိုယ်စားလှယ် အဖွဲ့သည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ Sanam Luang Pavilion ရှိ ဆာနမ်လွန် မဟာချက်သဝဘောဒင် မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည့် The New Year's for Happiness in 2019 သို့ တက်ရောက်ခဲ့ပြီး ဗုဒ္ဓခါတ်တော်၊ ဆံတော်ပွားနှင့် စွယ်တော်ပွားများ လှူဒါန်းခြင်း၊ နဝကမ္မအလှူတော်ငွေများ လှူဒါန်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

**ဖွဲ့စည်း တာဝန်ပေးအပ်**

ရွှေတိဂုံ စေတီတော်မြတ်ကြီးအား ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ရေး လုပ်ငန်းဆောင်ရွက်ရန် ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ရေး ဦးစီးကော်မတီနှင့် ဆပ်ကော်မတီ ရှစ်ခုအား ဖွဲ့စည်းတာဝန်ပေးအပ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ရွှေတိဂုံ စေတီတော်မြတ်ကြီးတွင် အရည်အသွေး ပြည့်မီသော တစ်ပေပတ်လည်ရွှေစင်၊ ရွှေပြားများဖြင့် တာရှည်တည်တံ့ခိုင်မြဲစွာရွှေသင်္ကန်းများ ကပ်လှူနိုင်ရေးနှင့် ရွှေစင်၊ ရွှေပြားများ စတင်ထုတ်လုပ်ရာတွင် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေး အတွက် ရွှေတိဂုံစေတီတော် အောက်ပစ္စယံတောင်ဘက်တွင် ရွှေပြားကြိတ်စက်ရုံတည်ဆောက်၍ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ကာဒီနယ်ချားလ်မောင်ဘို ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ၂၀၁၈ ခုနှစ် မေ ၂၆ ရက်မှ ၂၈ ရက်အထိ ရခိုင်ပြည်နယ် စစ်တွေ မောင်တောသို့ သွားရောက်ခဲ့ကြပါကြောင်း။

ထို့နောက် ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်မှုများ ကြုံတွေ့ခံစားခဲ့ရသော ပြည်သူလူထုအတွက် ထောက်ပံ့ပေးနိုင်ရန် ပုပ်ရဟန်းမင်းကြီး His Holiness Pope Francis က မြန်မာနိုင်ငံ ကက်သလစ် ဂိုဏ်းချုပ်ဆရာတော် ကာဒီနယ်ချားလ်မောင်ဘို မှတစ်ဆင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနသို့ ၂၀၁၈ ခုနှစ် ဇွန် ၄ ရက်တွင် လှူဒါန်းခဲ့သော အမေရိကန်ဒေါ်လာ ၁ သိန်းနှင့် ညီမျှသည့် မြန်မာငွေကျပ် ၁၃၃၀၀၀၀၀၀ (တစ်ထောင် သုံးရာသုံးဆယ်သိန်း)ကို ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော တာဝန်ရှိသူများက ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၉ ရက်မှ ၃၀ ရက်အထိ ရခိုင်ပြည်နယ်သို့ သွားရောက်လှူဒါန်းမှု ပြုခဲ့ပါကြောင်း။

**ကျင်းပလျက်ရှိ**

ဗုဒ္ဓဘာသာ ယဉ်ကျေးမှုစာမေးပွဲကို နှစ်စဉ်ပြေးလည်၌ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြို့နယ်ပေါင်း ၁၄၆ မြို့နယ်၌ ကျင်းပလျက်ရှိပြီး ၂၀၁၈ ခုနှစ်တွင် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းများဖွင့်လှစ်ခဲ့ရာ စာရင်းသွင်းသူပေါင်း ၁၁၂၇၅၁ ဦး၊ ဖြေဆိုသူပေါင်း ၁၀၃၄၅၉ ဦးရှိရာတွင် ရိုးရိုးအောင်မြင်သူပေါင်း ၅၈၃၄၅ ဦး၊ ဂုဏ်ထူးအောင် ၃၀၄၀၆ ဦးနှင့် သုံးဘာသာ



ဒုတိယအမြဲတမ်းအတွင်းဝန် ဦးလှထွန်း ရှင်းလင်းပြောကြားစဉ်။



အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင် ရှင်းလင်းပြောကြားစဉ်။

အောင်မြင်သူပေါင်း ၁၃၆၈၉ ဦးတို့ ရှိခဲ့ပါကြောင်း။

တက္ကသီလ မဟာဘွဲ့နှင်းသဘင် အခမ်းအနားအား နှစ်စဉ်ရန်ကုန်နှင့် မန္တလေးတို့၌ တစ်လှည့်စီ ကျင်းပလျက်ရှိပြီး ၁၃၈၀ ပြည့်နှစ် (၂၀၁၈) တွင် (၂၄) ကြိမ်မြောက်တက္က သီလ မဟာဘွဲ့နှင်းသဘင် အခမ်းအနားကို နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (မန္တလေး)၌ ကျင်းပခဲ့ရာ နပသ (ရန်ကုန်) တွင် ဓမ္မာစရိယဘွဲ့ B.A (Buddhism) ၅၅ ပါး၊ နပသ (မန္တလေး)တွင် ဓမ္မာစရိယဘွဲ့ B.A (Buddhism) ၅၆ ပါး၊ နပသ(ရန်ကုန်) တွင် မဟာဓမ္မာစရိယဘွဲ့ M.A(Buddhism) ခုနစ်ပါး၊ နပသ (မန္တ လေး)တွင် မဟာဓမ္မာစရိယဘွဲ့ M.A (Buddhism) ခုနစ်ပါးတို့ အားဆက်ကပ်အပ်နှင်းချီးမြှင့်နိုင်ခဲ့ပါကြောင်း ရှင်းလင်းပြောကြားသည်။

**လာရောက်စစ်ဆေးကြည့်ရှု**

ယဉ်ကျေးမှုဆိုင်ရာ ဆောင်ရွက်ချက်များအနေဖြင့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးအတွက် အဆိုပြုစာတွဲ(အပြည့်အစုံ) Nomination Dossier(Complete)ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် ကမ္ဘာ့အမွေအနှစ်ကော်မတီသို့ တင်ပြခဲ့ပါကြောင်း။ ကမ္ဘာ့အမွေအနှစ်ကော်မတီ၏ အကြံပေးအဖွဲ့ ဖြစ်သော နိုင်ငံတကာ အထိမ်းအမှတ်အဆောက်အအုံနှင့် နေရာများကောင်စီ (ICOMOS-International Council on Monuments and Sites) သည် ပုဂံယဉ်ကျေးမှု အမွေအနှစ် ဒေသသို့ ၂၀၁၈ခုနှစ်၊ စက်တင်ဘာ ၁၅ ရက် မှ ၂၅ ရက်အထိ လာရောက်စစ်ဆေးကြည့်ရှုခဲ့ပြီး ဖြစ်ပါကြောင်း၊ အဇာဘိုင်ဂျန်နိုင်ငံ ဘာကူမြို့တွင် ၂၀၁၉ ခုနှစ် ဇွန် ၃၀ ရက်မှ ဇူလိုင် ၁၀ ရက်အထိ ကျင်းပမည့် ကမ္ဘာ့အမွေအနှစ်ကော်မတီ ညီလာခံအစည်းအဝေးတွင် ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသအား ကမ္ဘာ့အမွေ အနှစ်စာရင်းအဖြစ် အတည်ပြု၊ မပြု ဆုံးဖြတ်မည်ဖြစ်ပါကြောင်း။

မြောက်ဦး ယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေး အတွက် ဆောင်ရွက်လျက်ရှိပြီး ၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် အဆိုပြု စာတွဲ(မူကြမ်း) နှင့် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁ ရက် မတိုင်မီ အဆိုပြုစာတွဲ (အပြည့်အစုံ) Nomination Dossier (Complete)ကို တင်ပြ ဆောင်ရွက်မည် ဖြစ်ပါကြောင်း။

**အသိအမှတ်ပြု**

ရခိုင်ပြည်နယ် မြောက်ဦးဒေသရှိ အာနန္ဒစန္ဒြကျောက်စာ၏ အဆိုပြုပုံစံကို ၂၀၁၇ ခုနှစ် ဩဂုတ် ၃၁ ရက်က အာရှ-ပစိဖိတ်ဒေသတွင်း မှတ်တမ်းအမွေအနှစ် ကော်မတီသို့ တင်သွင်းခဲ့ပြီး ၂၀၁၈ ခုနှစ် မေ ၂၉ ရက်မှ ဇွန် ၁ ရက်အထိ ကိုရီးယားနိုင်ငံ ဂွမ်ဂျူးမြို့တွင် ပြုလုပ်ခဲ့သည့် ကမ္ဘာ့မှတ်တမ်းအမွေအနှစ် ကော်မတီ၏ အဋ္ဌမအကြိမ်မြောက် အထွေထွေအစည်းအဝေးတွင် အာရှ-ပစိဖိတ်ဒေသတွင်း ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်းဝင် အဖြစ် အသိအမှတ်ပြုခဲ့ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် UNESCO သို့ ဆက်လက်၍ တင်သွင်းမည်ဖြစ်ပါကြောင်း။

**သုတေသနလုပ်ငန်းများ ဆောင်ရွက်**

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအနေဖြင့် ပရိုင်းမိတ် သုတေသနပြုလုပ်ခြင်း၊ ကျောက်ခေတ်သုတေသနပြုလုပ်ခြင်း၊ ကြေးခေတ်၊ သံခေတ် သုတေသနပြုလုပ်ခြင်း၊ ဟန်လင်းမြို့ဟောင်းတူးဖော်မှု၊ သရေခေတ္တရာမြို့ဟောင်း တူးဖော်ခြင်း၊ ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ အထောက်အထားများရရှိရေးအတွက် မြို့ဟောင်းများ၊ စဉ့်ဖိုများ၊ နန်းတော်ရာများ အစရှိသည့် တူးဖော်မှုများနှင့် အခြား တူးဖော်သုတေသနလုပ်ငန်းများ၊ ကွင်းဆင်းသုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါကြောင်း။

ရှေးဟောင်းပစ္စည်းများ စုဆောင်းထိန်းသိမ်းခြင်းအဖြစ် မြန်မာနိုင်ငံတစ်ဝန်းတွင် ပျံ့နှံ့တည်ရှိနေသည့် ရှေးဟောင်းဝတ္ထုပစ္စည်းများကို ဆုကြေးငွေချီးမြှင့်၍ စုဆောင်းထိန်းသိမ်းခြင်းအတွက် လာရောက်အပ်နှံသူ ၉၆ ဦးထံမှ ရှေးဟောင်းဝတ္ထုပစ္စည်း ၃၆၁၅ မျိုးအား ချီးမြှင့်ငွေကျပ် သိန်းပေါင်း ၂၃၃၆ ဒသမ ၁၃၇၂၀၅ နှင့် လှူဒါန်းမှုများမှ လက်ခံထိန်းသိမ်းခြင်းအတွက် လာရောက်လှူဒါန်းအပ်နှံသူ ၂၃ ဦးထံမှ ရှေးဟောင်း ဝတ္ထုပစ္စည်း ၈၁ မျိုးအား စုဆောင်းထိန်းသိမ်းနိုင်ခဲ့ပါကြောင်း။

**ပြောင်းလဲသတ်မှတ်**

ဇုန်နယ်နိမိတ် သတ်မှတ်ထိန်းသိမ်းခြင်းလုပ်ငန်းအဖြစ် မြန်မာနိုင်ငံအတွင်းရှိ ယဉ်ကျေးမှုအမွေအနှစ်များ တစုတဝေးတည်ရှိရာဒေသ ၄၈ နေရာအား သတ်မှတ် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိရာ ၂၀၁၈ ခုနှစ် မေ ၈ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာ (၂/၂၀၁၈) ဖြင့် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံ-ညောင်ဦးမြို့နယ်နှင့် မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့နယ်-ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသအား ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန်၊ ကာကွယ်ထိန်းသိမ်းထားသောဇုန်များအဖြစ် ပြောင်းလဲသတ်မှတ်ခဲ့ပါကြောင်း။

ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ် ဟိုခိုကျေးရွာအနီးရှိ သမိုင်းဝင်ဆရာစံသဘာဝ ထုံးကျောက်ဂူအား ၂၀၁၉ခုနှစ် ဇန်နဝါရီ ၇ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာ (၁/၂၀၁၉)ဖြင့် ရှေးဟောင်း အထိမ်းအမှတ် အဆောက်အအုံတည်ရှိရာ ဇုန်အဖြစ် သတ်မှတ်ခဲ့ပါကြောင်း။

အမျိုးသားစာကြည့်တိုက် (ရန်ကုန်) ပြောင်းရွှေ့ဖွင့်လှစ်မည့် အမှတ် (၆၀၄/၆၀၈) ကုန်သည်လမ်း၊ ပန်းဘဲတန်းမြို့နယ်ရှိ အဆောက်အဦကို အကြီးစားပြင်ဆင်ခြင်း လုပ်ငန်း ဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၇ ခုနှစ် ဩဂုတ် ၁၀ ရက်တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသား စာကြည့်တိုက်ဦးစီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦ ဦးစီးဌာနတို့ လုပ်ငန်းသဘောတူစာချုပ်ချုပ်ဆို၍ လုပ်ငန်းများ စတင်လုပ်ကိုင်ခဲ့ပြီး ဆက်လက်ဆောင်ရွက်ဆဲ ဖြစ်ပါကြောင်း။

သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနအနေဖြင့် အမျိုးဘာသာသာသနာတော် ထွန်းကားပြန့်ပွားရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကို သာမက အမျိုးသားရေး လက္ခဏာများကိုလည်း မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ခိုင်မာစေရေးတို့ကိုပါ ဆောင်ရွက်လျက်ရှိပါကြောင်း။

**ဝန်ဆောင်မှု ပေးလျက်ရှိ**

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ နိုင်ငံသားတိုင်း လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ရရှိစေရေးနှင့် မတူကွဲပြားသည့် ဘာသာဝင်များ အချင်းချင်းအတူတကွ ချစ်ကြည်စွာဖြင့် ရေရှည်ယှဉ်တွဲနေထိုင်ရေး အတွက် တတ်စွမ်းသမျှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယဉ်ကျေးမှုဆိုင်ရာ ဘာသာရပ်ကျွမ်းကျင်သူများကို မွေးထုတ်ပေးလျက်ရှိသည့်အပြင် ပြည်တွင်း ပြည်ပ ယဉ်ကျေးမှုအမွေအနှစ်၊ စာပေအမွေအနှစ်များ၊ အထောက်အထား အချက်အလက်များ စုဆောင်းထိန်းသိမ်း ဝန်ဆောင်မှုပေးရာ ပြတိုက်နှင့် စာကြည့်တိုက်များကိုလည်း ဗဟိုဌာနအဖြစ် ရပ်တည်၍ သတင်းအချက်အလက်များအားပြည်သူလူထုအတွက် ဝန်ဆောင်မှု ပေးလျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

**ပြန်လည်ဖြေကြား**

တက်ရောက်လာကြသည့် သတင်းမီဒီယာများက သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ဝန်ကြီးဌာနအနေဖြင့် ဆန္ဒထုတ်ဖော်ပွဲများတွင် သံဃာတော်များ မပါဝင်ရေး ညွှန်ကြားချက်ထုတ်ပြန်ရန် ရှိ၊ မရှိ၊ မြောက်ဦးဒေသတွင် ဖြစ်ပွားလျက်ရှိသော တိုက်ပွဲများကြောင့် အဆိုပါဒေသရှိ ဘုရား၊ စေတီ၊ ပုထိုးနှင့် ရှေးဟောင်းယဉ် ကျေးမှုအမွေအနှစ်များ ထိခိုက်ပျက်စီး ဆုံးရှုံးမှုအခြေအနေနှင့် နိုင်ငံတော်အစိုးရမှ အရေးယူရန် အစီအစဉ် ရှိ၊ မရှိ၊ မြောက်ဦးဒေသတွင် ဖြစ်ပွားလျက်ရှိသော တိုက်ပွဲများ၏ အကျိုးဆက်ကြောင့်ဖြစ်ပေါ်လာသည့် ပျက်စီးဆုံးရှုံးမှုများသည် ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်စာရင်းဝင်ရန် ဆောင်ရွက်နေမှုကို ထိခိုက်မှု ရှိ၊ မရှိ၊ နိုင်ငံအတွင်း အမျိုးသားရေးလှုပ်ရှားမှုများကြောင့် ဘာသာတစ်ခုနှင့် တစ်ခုအကြား ပဋိပက္ခများ မဖြစ်ပေါ်စေရန် ဆောင်ရွက်နေမှု၊ ဆရာတော် ဦးဝီရသူအား ဝိနည်းမညီညွတ်သဖြင့် အရေးယူရန်ဆောင်ရွက်နေမှု၊ ရွှေတိဂုံဘုရားမှ ရွှေစင်ပြားများ စစ်ဆေးမှုရလဒ်ကို ထုတ်ပြန်ရန် ရှိ၊ မရှိ၊ နိုင်ငံအတွင်းရှိ တန်ခိုးကြီး ဘုရားစေတီပုထိုးများ၏ ဂေါပကအဖွဲ့များတွင် အငြိမ်းစားတပ်မတော်သားများ ပါဝင်မှုများ နေခြင်း၊ ဂေါပကအဖွဲ့ ဖွဲ့စည်းသည့် ရွေးချယ်မှုနှင့်မူဝါဒ၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေကို ကမ္ဘာ့ရှေးဟောင်း အမွေအနှစ်စာရင်း ဝင်ရန် ဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေစသည့် မေးခွန်းများကို မေးမြန်းကြရာ ဒုတိယဝန်ကြီး ဦးကြည်မင်းနှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

ဆက်လက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ ပြည်သူ့အတွက် တတိယ (၁)နှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးလှထွန်းက စိုက်ပျိုးရေးဦးစီးဌာနသည် စားနပ်ရိက္ခာဖူလုံရေး၊ အစားအစာ ဘေးကင်းလုံခြုံစေရေး၊ တောင်သူများ၏ ဝင်ငွေတိုးတက်ရရှိစေရေး၊ အရည်အသွေး ကောင်းမွန်ပြီး ပြည်တွင်း ပြည်ပ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် အမယ်စုံသီးနှံများနှင့် စက်မှုကုန်ကြမ်း သီးနှံများ တိုးချဲ့စိုက်ပျိုးရေးကို မျှော်မှန်းပြီး အားထုတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

**စိုက်ပျိုး**

ယခုနှစ်တွင် ဆန်စပါးမျိုးစေ့ထုတ်ကေ ပေါင်း ၇၁၃၇ ဧကကို စိုက်ပျိုးနိုင်ခဲ့ပြီး တင်းပေါင်း ၅၈၀၅၆၂၀ ထုတ်လုပ်နိုင်ခဲ့ပါကြောင်း၊ GAP စံပြကွက်များအဖြစ် မိုးမြေပဲ ၁၅၅၈ ဧက၊ ဆောင်းမြေပဲ ၃၂၅ ဧက၊ ဆောင်းနှမ်း ၆၅ ဧက နှင့် ဆောင်းနေကြာ ၈၃ ဧက ကို စိုက်ပျိုးပေးနိုင်ခဲ့ပါကြောင်း။

GAP အသိအမှတ်ပြု လက်မှတ် ၂၅၃ စောင်ထုတ်ပေးခဲ့ပြီး မြေဩဇာကော်မတီ အနေဖြင့် မှတ်ပုံတင်လက်မှတ် ၁၁၉၇ ခုကို ထုတ်ပေးခဲ့ပါကြောင်း၊ ဇီဝနည်းပညာခေတ်ခွဲခန်းကို ကြံသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ (ပျဉ်းမနား) တွင် ဖွင့်လှစ်နိုင်ခဲ့ပြီး ရောဂါအမျိုးအစားများကို ခွဲခြားပေးနိုင်ခဲ့ပါကြောင်း၊ ကြံမျိုးသစ် နှစ်မျိုးအသိအမှတ်ပြုလက်မှတ်ရရှိခဲ့ပြီး ရာသီကော်ဖီဌာနခွဲ အနေဖြင့် နိုင်ငံပိုင်ခြံနှင့် ပုဂ္ဂလိကခြံ ရှစ်ခုတို့ကို GAP Certificate ထုတ်ပေးခဲ့ကာ ကော်ဖီမျိုးကောင်းမျိုးသန့် ၁၂ မျိုးကိုလည်း မှတ်ပုံတင် နိုင်ခဲ့ပါကြောင်း။

**ပိုးချည်ထုတ်လုပ်ရေး**

ချည်မျှင်ရှည်ဝါအနေဖြင့် မျိုးကောင်းမျိုးသန့် ၄၃၄၆၂ ဒသမ ၅ ပိဿာထုတ်လုပ်နိုင်ခဲ့ပါကြောင်း၊ ပိုးချည်ထုတ်လုပ်ရေးအတွက် F1 မျိုးပိုးဥ ၂၈၈ ကတ် ဖြန့်ဖြူးပေးခဲ့ပြီး တောင်သူ ၅၂၂ ဦးကိုလည်း ပညာပေးသင်တန်းအကြိမ် (၂၀) ဆောင်ရွက်ပေးခဲ့ပါကြောင်း။

လယ်ယာမြေစီမံခန့်ခွဲရေးဖြင့် စာရင်းအင်းဦးစီးဌာနအနေဖြင့် လက်ရှိအချိန်အထိ တောင်သူပေါင်း ၆၀၂၈၀၉၀ ကို ဧရိယာ ၂၅၂၀၆၂၇၄ ဧက အတွက် ပုံစံ(၇)ထုတ်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ရာခိုင်နှုန်းအားဖြင့် ၉၃ ဒသမ ၃၅ ဆောင်ရွက်နိုင်ခဲ့ပြီး ယခုနှစ်အတွင်း တောင်သူ ပေါင်း ၅၉၅၄၈ အတွက် ဧရိယာ ၂၄၆၂၀၉ ဧက ကို ပုံစံခုနစ်ထုတ်ပေးနိုင်ခဲ့ကာ သုံးနှစ်တာ ကာလအတွင်း တောင်သူ ၂၁၅၁၉၀ အတွက် ပုံစံခုနစ် ၉၆၇၁၀၁ ဧကကို ထပ်မံ ထုတ်ပေးနိုင်ခဲ့ပါကြောင်း။

**စိစစ်ခွင့်ပြု**

ယခင်ခွင့်ပြုခဲ့ပြီးဖြစ်သည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအနက် ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ခြင်းမရှိသည့် မြေ ၁၄၃၆၉၅ ဒသမ ၂၂ ဧကကို လက်ရှိအချိန်အထိ ပြန်လည်သိမ်းဆည်းခဲ့ပြီး ဖြစ်ပါကြောင်း၊ ယခုအချိန်တွင် ယင်းမြေများအပါအဝင် နိုင်ငံတစ်ဝန်းရှိ မြေလွတ်မြေလပ်နှင့် မြေရိုင်းများကို တည်ဆဲဥပဒေ၊ နည်းဥပဒေများအညီ နိုင်ငံသားတိုင်း လျှောက်ထားရယူပြီး အသုံးပြုနိုင်ရေးကို သက်ဆိုင်ရာ စီမံခန့်ခွဲရေး ကော်မတီများမှ စိစစ်ခွင့်ပြုပေးနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ၂၀၁၇-၂၀၁၈ ခုနှစ်တွင် နွေစပါးနှင့် အခြားသီးနှံဧက ၁၃ ဒသမ ၉၂ သိန်းခန့်နှင့် မိုးစပါး ၁၂ ဒသမ ၃ သိန်းခန့်ကို ဆည်ရေပေးဝေနိုင်ခဲ့ပြီး ယခုနှစ်နွေရာသီတွင် နွေစပါးနှင့် အခြားသီးနှံစိုက်ဧက ၁၄ ဒသမ ၁ သိန်းခန့် အထိ တိုးတက်ပြီး ဆည်ရေပေး ဝေနိုင်ခဲ့ပါကြောင်း။

စာမျက်နှာ ၁၀ သို့ »»»

## သတင်းစာရှင်းလင်းပွဲ

»» စာမျက်နှာ ၉ မှ

ယခုနှစ်အတွင်း ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်းရှိ တောင်နဝင်း၊ မြောက်နဝင်း၊ ဝဲကြီး၊ တောင်ညိုဆည်များ၏ ဆည်ရေသောက်စနစ်များ တူးမြောင်းများကို ယခုနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်မည် ဖြစ်သည့်အတွက် စုစုပေါင်း လယ်ဧက ၂၁၆၂၈၅ ဧကကို ဒေသခံတောင်သူများအတွက် စိုက်ပျိုးရေကို ထိရောက်အကျိုးရှိစွာ သုံးစွဲနိုင်ရေးဆောင်ရွက်ပေးနိုင်ပြီဖြစ်ပါကြောင်း။

### ထိရောက်စွာ ကာကွယ်

ရေကြီးနစ်မြုပ်မှု ကာကွယ်ရေးလုပ်ငန်းများအဖြစ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ချောင်းကော၊ မြောင်းကောနှင့် ရေနုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်းပေါင်း ၄၉၃ ခုကို ဆောင်ရွက်နိုင်ခဲ့သည့်အတွက် လယ်မြေဧက ၃ ဒသမ ၂၉ သိန်းခန့်ကို ထိရောက်စွာ ကာကွယ်ပေးနိုင်တော့မည် ဖြစ်ပါကြောင်း။

စက်မှုလယ်ယာဦးစီးဌာန အနေဖြင့် မြို့နယ်ပေါင်း ၉၄ မြို့နယ်မှ ပုဂ္ဂလိကလယ်ယာဝန်ဆောင်မှုလုပ်ဆောင်သူ ၂၄၀၇ ဦးကို စုစည်းပြီး စက်မှုလယ်ယာဝန်ဆောင်မှုအသင်း ၁၁၅ သင်းကို ဖွဲ့စည်းပေးနိုင်ခဲ့ပြီး ယင်းတို့ပိုင် ထွန်စက်ကြီး ၁၇၉၅ စီးနှင့် ရိတ်သိမ်းခြွေလှေ့စက် ၄၉၉ စီးတို့ဖြင့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေပါကြောင်း။

တန်ဖိုးကြီးမားသည့် လယ်ယာသုံး စက်ကိရိယာများ ဝယ်ယူသုံးစွဲလိုသူများနှင့် လယ်ယာဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်လိုသူများအတွက် စက်တန်ဖိုး၏ ၁၀ ရာခိုင်နှုန်းကို ပထမအရစ်ပေးသွင်းပြီး စက်ရယူကာ ကျန် ၉၀ ရာခိုင်နှုန်းကို သုံးနှစ်အတွင်း ခြောက်ကြိမ်ခွဲပြီး ပြန်လည်ပေးသွင်းနိုင်အောင် ဌာနနှင့် ပုဂ္ဂလိက ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ယခုနှစ်အတွင်း ထွန်စက်ကြီး ၃၈၁ စီးနှင့် ရိတ်သိမ်းခြွေလှေ့စက် အစီး ၆၀ အပါအဝင် သုံးနှစ်တာကာလအတွင်း ထွန်စက်ကြီး ၁၈၇၃ စီးနှင့် ရိတ်သိမ်းခြွေလှေ့စက် ၁၃၃ စီးအထိ ရောင်းချပေးနိုင်ခဲ့ပါကြောင်း၊ ထို့ပြင် ဌာနရန်ပုံငွေအစီအစဉ်ဖြင့် ၂၀၁၈ ခုနှစ် ဧပြီလမှ ယခုအထိ လက်တွန်းထွန်စက် ၅၈၄၇ စီး၊ ထွန်စက်ကြီး ၁၁၇ စီး၊ ရိတ်သိမ်းခြွေလှေ့စက် ၇၇ စီး ဖြန့်ဖြူးပေးနိုင်ခဲ့သည့်အတွက် သုံးနှစ်တာကာလအတွင်း လက်တွန်းထွန်စက် ၂၁၈၄၁ စီး၊ ထွန်စက်ကြီး ၄၉၆ စီးနှင့် ရိတ်သိမ်းခြွေလှေ့စက် ၁၄၇ စီးတို့ကို လက်ငင်းငွေချေစနစ်၊ နှစ်နှစ် သုံးရစ်ဆပ်စနစ်များနှင့် ဖြန့်ဖြူးပေးနိုင်ခဲ့ပါကြောင်း။

### တိုးချဲ့ဖွင့်လှစ်

တိုးတက်များပြားလာသည့်စက်များကို ပြင်ဆင်ထိန်းသိမ်းနိုင်ရန် စက်မှုလယ်ယာစခန်း ၄၉ ခုတွင် ပြင်ဆင်ရေးအလုပ်ရုံများ အဆင့်မြှင့်တင် တိုးချဲ့ဖွင့်လှစ်ခဲ့ပြီး ယခုနှစ်အတွင်း စက်ပေါင်း ၉၂၁ စီးကို ပြင်ဆင်ပေးနိုင်ခဲ့ပါကြောင်း။

စက်မှုလယ်ယာစနစ် ကျင့်သုံးနိုင်သည့် လယ်ယာမြေ အဆင့်မြှင့်တင်ခြင်းနှင့် ကုန်းမြင့်လယ်ယာဖော်ထုတ်ခြင်းတို့ကို ယခုနှစ်အတွင်း အဆင့်မြှင့်တင်ခြင်း ဧက ၁၂၄၀ နှင့် ကုန်းမြင့်လယ်ယာ ၃၈၈ ဧက ဖော်ထုတ်ပေးခဲ့ပြီး သုံးနှစ်တာကာလအတွင်း လယ်ယာမြေ အဆင့်မြှင့်တင်ခြင်း ၁၇၀၀၆ ဧကနှင့် ကုန်းမြင့်လယ်ယာ ၃၄၂၆ ဧကကို ဖော်ထုတ်ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

ယခုနှစ်အတွင်း မိုးရာသီ ရေကြီးရေလျှံမှုကြောင့် မကွေး၊ စစ်ကိုင်း၊ ပဲခူး၊ တနင်္သာရီ တိုင်းဒေသကြီးများနှင့် ကရင်ပြည်နယ်ရှိ ပျက်စီးလယ်ယာမြေများကို သီးနှံများအချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် ဧကလွှာ ၅၁၀၂၀ ကို ထွန်ရက်ပေးနိုင်ခဲ့ပါကြောင်း။

စိုက်ပျိုးရေးသုတေသနဦးစီးဌာန အနေဖြင့် ဒေသအလိုက်သင့်တော်သည့် အထွက်ကောင်းမျိုး မျိုးသစ်မွေးမြူထုတ်လုပ်ခြင်းသုတေသနလုပ်ငန်းတွင် စပါးသီးနှံအတွက် ရှစ်မျိုး၊ ပြောင်းသီးနှံအတွက် တစ်မျိုး၊ နေကြာ တစ်မျိုး၊ မြေပဲ တစ်မျိုး၊ ပဲစင်းငုံ တစ်မျိုး၊ ဂျုံ တစ်မျိုးနှင့် ကြံ တစ်မျိုးအပါအဝင် စုစုပေါင်း မျိုးသစ် ၁၄ မျိုးကို ထုတ်လုပ်နိုင်ခဲ့ပါကြောင်း၊ ယခုနှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ ဇလုပ်စိုက်ပျိုးရေးသုတေသနခြံကိုလည်း ဒေသအဆင့်မြင့်သုတေသနခြံအဖြစ် တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

သမဝါယမဦးစီးဌာနအနေဖြင့် တစ်နိုင်ငံလုံး သမဝါယမအသင်းပေါင်း ၄၀၅၁၈ ဖွဲ့စည်းထားရှိပြီးဖြစ်ပါကြောင်း၊ သုံးနှစ်တာကာလအတွင်း အသင်းသစ် ၆၅၄ သင်းကို တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ပါကြောင်း၊ မြို့နယ် ၁၁၉ မြို့နယ်တွင် လယ်ယာအထောက်အကူပြု ဝန်ဆောင်မှုအဖြစ် သမဝါယမအသင်း ၅၄ သင်း အပါအဝင် မြို့နယ်သမဝါယမအသင်းစုများက ဝန်ဆောင်မှုလုပ်ငန်း ၁၄၀ ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ မျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးရေး သမဝါယမအသင်းများ ဖွဲ့စည်းစေပြီး မြို့နယ်အသင်း ၁၆၆ သင်းမှ မျိုးစေ့ထုတ်ဧက ၁၂၃၁၃ အတွက် ချေးငွေကျပ် ၂၆၇၃ ဒသမ ၅၈၅ သန်းကို ထုတ်ချေးနိုင်ခဲ့ပါကြောင်း။

### အဆင့်မြှင့်တင်

လယ်ယာမြေ အဆင့်မြှင့်တင်သည့် လုပ်ငန်းအတွက် မြို့နယ် ၁၆၈ မြို့နယ်မှာ လယ်ယာမြေ စုစုပေါင်း ၈၇၀၀၂ ဒသမ ၈ ဧကအတွက် ချေးငွေကျပ်သန်းပေါင်း ၂၆၆၂၅ ဒသမ ၀၀၁ သန်းကို ထုတ်ချေးပြီး အဆင့်မြှင့်တင်သည့်လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပါကြောင်း။

အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် ၂၀၁၈ ခုနှစ် ဧပြီလမှ ယခုအချိန်ထိ အသက်မွေးဝမ်းကျောင်း ကာလတိုသင်တန်း ၃၆၆ ကြိမ် အပါအဝင် သုံးနှစ်တာကာလအတွင်း သင်တန်းပေါင်း ၁၁၄၅ ခုကို ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် ပြည်သူလူထုများအနေဖြင့် တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်လာနိုင်ပြီး ဝင်ငွေတိုးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ခြင်းတို့ကို ဖြစ်စေခဲ့ပါကြောင်း၊ သုံးနှစ်တာကာလအတွင်း အသေးစားစက်မှုလက်မှုလုပ်ငန်း ၆၈၈၉ ခုကို မှတ်ပုံတင်ပေးနိုင်ခဲ့ပြီး ထုတ်ကုန်များအတွင်း ဘေးဥပဒ်ဖြစ်စေသည့် ဓာတုပစ္စည်းများပါဝင်မှု ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်ပေးသည့် လုပ်ငန်းပေါင်း ၉၂၅၇ ခုကိုလည်း ဆောင်ရွက်ပေးခဲ့ပါကြောင်း။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်းကို ဆောင်ရွက်ပြီးစီးခဲ့ပြီး ယခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် တိရစ္ဆာန်ကောင်ရေစာရင်းကို အတည်ပြုထုတ်ပြန်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

### ကျန်းမာရေးထောက်ခံချက်များ ထုတ်ပေး

စီးပွားဖြစ်မွေးမြူရေးခြံများနှင့် တစ်ပိုင်တစ်နိုင်ခြံများမှ မွေးမြူထားသော ကျွဲ၊ နွားအရှင်များကို ပြည်တွင်းစားသုံးမှုနှင့် လုပ်ငန်းခွင်အသုံးပြုမှုမထိခိုက်စေဘဲ တည်ဆဲဥပဒေများနှင့်အညီ ပြည်ပတင်ပို့နိုင်ရေးအတွက် ကျန်းမာရေးထောက်ခံချက်များ ထုတ်ပေးကာ ဈေးကွက်ဖော်ဆောင်ခြင်းကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည့်အတွက် နိုင်ငံခြားဝင်ငွေ အမေရိကန်ဒေါ်လာ ၅၆၂ ဒသမ ၈၅၉ သန်းကျော် ရှာဖွေပေးနိုင်ခဲ့ပါကြောင်း။

ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် မြန်မာ့ပင်လယ်ပြင် ငါးသယံဇာတတည်ရှိမှုနှင့် သဘာဝအခြေအနေများကို လေ့လာရန် နော်ဝေနိုင်ငံ Dr. Fridjof Nansen သုတေသနရေယာဉ်ဖြင့် ငါးများ၏ဥနှင့် သားလောင်းများ ပျံ့နှံ့တည်ရှိမှု၊ အသားတွင်း မိုက်ခရိုပလတ်စတစ်ပါဝင်မှုတို့ကို သုတေသနပြုဆောင်ရွက်နိုင်ခဲ့ပါကြောင်း။



**အမြဲတမ်းအတွင်းဝန် ဦးအေးလွင် ရှင်းလင်းပြောကြားစဉ်။**

ပြည်ပသို့ ရေထွက်ပစ္စည်းတင်ပို့မှုအနေဖြင့် ၂၀၁၈ ခုနှစ် ဧပြီလမှ ၂၀၁၉ ခုနှစ် မတ်လအထိ ငါး၊ ပုစွန်နှင့် အခြားရေထွက်ပစ္စည်း အမေရိကန်ဒေါ်လာ ၇၂၀ ဒသမ ၀၂ သန်းဖိုး တင်ပို့နိုင်ခဲ့ပါကြောင်း။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ကျေးလက်ဒေသတွင် သန့်ရှင်းသည့်သောက်သုံးရေ ဖူလုံစွာရရှိရန် UNICEF နှင့် ပူးပေါင်းပြီး ကျေးလက်ရေရရှိရေးနှင့် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်ရေးဆွဲပြီး ရေရရှိရေးလုပ်ငန်းပေါင်း ၁၀၅၁ ခုကို ကျေးရွာ ၉၈၉ ရွာတွင် ဆောင်ရွက်ခဲ့သည့်အတွက် လူဦးရေ ၇ ဒသမ ၀၈ သိန်းကို အကျိုးပြုစေနိုင်ခဲ့ပါကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင်လည်း ကျေးလက်ရေရရှိရေးလုပ်ငန်းပေါင်း ၂၂၀၉ ခုကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း။

### ကုန်ထုတ်လမ်း ဖောက်လုပ်

မဟာဓာတ်အားလိုင်းပြင်ပ ကျေးလက်မီးလင်းရေးလုပ်ငန်းများကို ကျေးရွာ ၂၄၆၇ ရွာတွင် လူဦးရေ ၆ ဒသမ ၆၉ သိန်းအတွက် အကျိုးပြုဆောင်ရွက်နိုင်ခဲ့ပြီး ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းကို ကျေးရွာ ၇၉ ရွာအတွက် အရှည် ၇၅ မိုင်ကျော်ကို ဖော်ထုတ်ပေးနိုင်ခဲ့ကာ ယခုဘဏ္ဍာနှစ်တွင်လည်း ကုန်ထုတ်လမ်း ၁၇၁ လမ်း အရှည်မိုင် ၂၂၀ ကျော်ကို ဖောက်လုပ်ပေးသွားမည်ဖြစ်ပါကြောင်း။

လူထုဗဟိုပြုစီမံကိန်းကို မြို့နယ် ၆၁ မြို့နယ်ရှိ ကျေးရွာအခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်း ၁၄၇၆၉ ခုတွင် ဆောင်ရွက်နိုင်ခဲ့ပြီး လူဦးရေ ၇ ဒသမ ၁ သန်းကို အကျိုးပြုစေနိုင်ခဲ့ပါကြောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် မြို့နယ် ၂၆ မြို့နယ်မှ ပျက်စီးမှုများကို ပြင်ဆင်ရန် ငွေကျပ် ၅၅၈ ဒသမ ၆၆၁ သန်းကို ထောက်ပံ့ပေးနိုင်ခဲ့ပါကြောင်း၊ မြစိမ်းရောင်စီမံကိန်းအနေဖြင့် ကျေးရွာတစ်ရွာလျှင် အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၃၀၀ စီနှင့် ကျေးရွာပေါင်း ၁၀၀၀ အတွက် တိုးချဲ့ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ထို့ပြင် ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း စီမံကိန်းကို ကျေးရွာ ၃၁၉၈ ရွာတွင် ဆောင်ရွက်နိုင်ခဲ့ပြီး ကျေးလက် အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေမြှင့်တင်ရေးစီမံကိန်းကို ကျေးရွာ ၂၉၃ ရွာတွင် အကောင်အထည်ဖော်နိုင်ခဲ့ပါကြောင်း ရှင်းလင်းပြောကြားသည်။

တက်ရောက်လာကြသည့် သတင်းမီဒီယာများက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပြီး ပြန်လည်မပေးဆပ်နိုင်သည့် တောင်သူအရေအတွက်နှင့် ဝန်ကြီးဌာနမှ ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေ၊ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရန် နှောင့်နှေးကြန့်ကြာနေမှုများကို ဖြေရှင်းဆောင်ရွက်သွားမည့် အခြေအနေ၊ ဝန်ကြီးဌာနအနေဖြင့် တောင်သူများကို သီးနှံဈေးကွက်အခြေအနေနှင့် သီးနှံဈေးနှုန်းများ အလွယ်တကူသိရှိစေရန် ဆောင်ရွက်နေမှုအခြေအနေ စသည့် မေးခွန်းများကို မေးမြန်းကြရာ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးလှထွန်းနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

### ဆောင်ရွက်လျက်ရှိ

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ပြည်သူ့အတွက် တတိယ(၁)နှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ အလုပ်သမားရေးရာဆိုင်ရာ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က အလုပ်သမားရေးရာဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်နိုင်ရန်အတွက် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ လူမှုဖူလုံရေးအဖွဲ့၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနဟူ၍ ဦးစီးဌာန လေးခုဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

အလုပ်သမားရေးရာဆိုင်ရာ လုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် ပြည်တွင်း၌ အစိုးရဌာနများတွင် ၉၈၂၂ ဦး၊ ပုဂ္ဂလိကကဏ္ဍတွင် ၂၃၇၆၂၁ ဦး စုစုပေါင်း ၂၄၇၄၄၃ ဦး အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ပြည်ပ ကိုးနိုင်ငံသို့ ၂၅၀၆၉၉ ဦး စေလွှတ်ပေးနိုင်ခဲ့ပါကြောင်း။

ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ရေးဗဟိုဌာန MRC ရုံးများဖွင့်လှစ်ခြင်း အနေဖြင့် ရွှေ့ပြောင်းလုပ်သားများ လုံခြုံစွာရွှေ့ပြောင်း သွားလာလုပ်ကိုင်နိုင်ရေးအတွက် ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ရေး ဗဟိုဌာန MRC ရုံး နှစ်ရုံး တိုးချဲ့ဖွင့်လှစ်ခဲ့ပြီး စုစုပေါင်း ၁၅ ရုံး ရှိပြီဖြစ်ပါကြောင်း။

ကျွမ်းကျင်လုပ်သားများစစ်ဆေးအကဲဖြတ်ခြင်းအနေဖြင့် မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု"စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့မှ အတည်ပြုထားသည့် ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ဌာနများတွင် အလုပ်အကိုင် ၂၃ မျိုးအတွက် ကျွမ်းကျင်မှုအဆင့် (၁) လုပ်သား ၄၄၀၁ ဦး၊ ကျွမ်းကျင်မှု အဆင့် (၂) အတွက် လုပ်သား ၅၁၅ ဦး စုစုပေါင်း ၄၉၁၆ ဦးကို ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးနိုင်ခဲ့ပါကြောင်း၊ အဆိုပါလုပ်ငန်းစဉ်အတွက် သက်ဆိုင်ရာဝန်ကြီးဌာန ၁၀ ခုနှင့် ပုဂ္ဂလိကသင်တန်းကျောင်းများ၊ အလုပ်ရှင်အဖွဲ့အစည်းများ၊ အလုပ်သမားအဖွဲ့အစည်းများ၊ ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများ၊ လုပ်ငန်းဆိုင်ရာ အဖွဲ့အစည်းများ ပူးပေါင်းပါဝင်သော အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု "စံ"ရေးဆွဲရေးကော်မတီ ၁၅ ခု၊ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးနှင့် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရေးကော်မတီ၊ အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုလေ့ကျင့်ရေးကော်မတီတို့ ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း။

### အတည်ပြုထုတ်ပြန်

အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ ညှိနှိုင်းအစည်းအဝေးများကို အကြိမ်ကြိမ်ကျင်းပပြုလုပ်ခဲ့ပြီး ၁၀ ဦးနှင့်အထက်ရှိသော လုပ်ငန်းများအတွက် တစ်နာရီလျှင် ကျပ် ၆၀၀ နှုန်းဖြင့် အလုပ်ချိန်ရှစ်နာရီ(တစ်ရက်)အတွက် ကျပ် ၄၈၀၀/- သတ်မှတ်နိုင်ရေး ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ အတည်ပြုချက်ဖြင့် ၂၀၁၈ ခုနှစ် မေ ၁၄ ရက်တွင် အတည်ပြုထုတ်ပြန်နိုင်ခဲ့ပြီး ဖြစ်ပါကြောင်း။

လုပ်သားအင်အား စစ်တမ်းများ ကောက်ယူခြင်းအနေဖြင့် ရာသီချိန်အလိုက် အလုပ်သမားများ အလုပ်အကိုင်ရရှိမှု အခြေအနေသိရှိနိုင်ရန် လုပ်သားအင်အား စစ်တမ်း၊ ကလေးလုပ်သားနှင့် ကျောင်းပြီးလုပ်ငန်းခွင်ဆောင်ရွက်မှု အကူးအပြောင်းဆန်းစစ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ စာရင်းကောက်ကွက် ၇၈၀ အိမ်ထောင်စုပေါင်း ၁၄၀၄၀ ကို လွှမ်းခြုံကောက်ယူခဲ့ပြီးဖြစ်ပါကြောင်း။

လူမှုဖူလုံရေး အကျိုးခံစားခွင့်များ ပြန်လည်ထုတ်ပေးခြင်းအပိုင်းတွင် တတိယ (၁)နှစ်တာ ကာလအတွင်း အကျုံးဝင် အာမခံအလုပ်သမား ၁၃၀၄၈၅၅ ဦးတို့အတွက် ဆေးကုသမှုကုန်ကျစရိတ်များနှင့် ငွေကြေးအကျိုးခံစားခွင့်အဖြစ် စုစုပေါင်း ငွေကျပ် ၂၁၃၆၃ ဒသမ ၀၈၀ သန်းကို ဥပဒေနှင့်အညီ ခွင့်ပြုထုတ်ပေးနိုင်ခဲ့ပါကြောင်း။

### ချမှတ်ဆောင်ရွက်

မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအပိုင်းတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သည့် မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီကို ဖွဲ့စည်းထားကာ အစည်းအဝေး နှစ်ကြိမ် ကျင်းပခဲ့ပြီး ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှစပြီး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကို မူအားဖြင့် ချမှတ်ဆောင်ရွက်လျက်ရှိသည့်အပြင် ကလေးအလုပ်သမားဆိုင်ရာ အန္တရာယ်ရှိသော အလုပ်စာရင်း(မူကြမ်း) ရေးဆွဲကာအတည်ပြုပြဋ္ဌာန်းနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း။

လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီ ဖွဲ့စည်းခြင်းအပိုင်းတွင် စက်ရုံ၊ အလုပ်ရုံများ၌ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ လက်ရှိအချိန်အထိ ကော်မတီ ၁၂၇၄ ခု ဖွဲ့စည်းနိုင်ခဲ့ပြီးဖြစ်ပါကြောင်း။

အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှုများကို ငြိမ်းချမ်းစွာဖြေရှင်းဆောင်ရွက်ရာတွင် အခြေခံကျသည့် အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC)ကို မြန်မာနိုင်ငံတစ်ဝန်းရှိ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများတွင် ၁၂၉၁ ဖွဲ့ ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါကြောင်း။

### အငြင်းပွားမှု ၆၈ မှုကို ဖြေရှင်းပေး

အလုပ်သမားရေးရာ အငြင်းပွားမှုများ ဖြေရှင်းဆောင်ရွက်ခြင်းအပိုင်းတွင် ခုံသမာဓိကောင်စီမှ အလုပ်သမားရေးရာ အငြင်းပွားမှု ၆၈ မှုကို ဖြေရှင်းပေးခဲ့ရာ အလုပ်သမား ၁၂၁၉ ဦးအတွက် ငွေကြေးအကျိုးခံစားခွင့် ငွေကျပ် သန်းပေါင်း ၃၃၂၆၃၆ နှင့် အမေရိကန်ဒေါ်လာ ၁၆၀၄၇ ရရှိစေခဲ့ပါကြောင်း။

ထို့ပြင် ခုံသမာဓိအဖွဲ့အနေဖြင့် အလုပ်သမားရေးရာ အငြင်းပွားမှု ၁၀၆ မှုကို ဖြေရှင်းပေးခဲ့ရာ အလုပ်သမား ၁၃၈ ဦး အတွက် ငွေကြေးအကျိုးခံစားခွင့် ငွေကျပ် သန်းပေါင်း၂၇ ဒသမ ၁၁ နှင့် အမေရိကန်ဒေါ်လာ ၁၉၇၅ ကို ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အလုပ်သမားရေးရာဆိုင်ရာ ကိစ္စရပ်များနှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ကိစ္စရပ်များကို အစိုးရ၏ တတိယ (၁)နှစ်တာကာလအတွင်း ပြုပြင်ပြောင်းလဲရေးဆိုင်ရာ လုပ်ငန်းများအား ပြည်သူများအတွက် ဖြေလျှော့မှုနည်းလမ်းများနှင့် စီမံချက်များရေးဆွဲချမှတ်ကာ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ခဲ့ပါကြောင်းနှင့် ဆက်လက်၍ ဝန်ကြီးဌာန၏ နောင်လာမည့်ကာလများတွင် ယခုထက် ပိုမိုတိုးတက်စေရန် ပြည်သူနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ပြည်သူ့အတွက် တတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ အမြဲတမ်းအတွင်းဝန် ဦးအေးလွင်က လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်ပြီး

စာမျက်နှာ ၁၁ သို့ »»

»» စာမျက်နှာ ၁၀ မှ

လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာန စသည့် ဦးစီးဌာန သုံးခုနှင့် အဓိကလုပ်ငန်းတာဝန် သုံးရပ်ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ တာဝန်ပေးချက်အရ မိမိတို့ဝန်ကြီးဌာနသည် ပြည်ဝင်ဗီဇာဆိုင်ရာ တာဝန်ခံဝန်ကြီးဌာန (Focal Ministry) အဖြစ် ဆောင်ရွက်လျက်ရှိပါကြောင်း။

**တာဝန်ခံဆောင်ရွက်**

ဆိုက်ရောက်ဗီဇာ (Visa On Arrival) စနစ်နှင့် e-visa စနစ်ဖြင့် ခွင့်ပြုပေးခြင်းကို မိမိတို့ဝန်ကြီးဌာနက တာဝန်ခံဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံသို့ လာရောက်လိုသည့် နိုင်ငံခြားသားများအား အပြည်ပြည်ဆိုင်ရာလေဆိပ်သုံးခုဖြစ်သည့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်လေဆိပ်တို့မှလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းမှလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာနယ်စပ် ဝင်၊ ထွက်ပေါက်ခြောက်ခုဖြစ်သည့် တာချီလိတ်၊ မြဝတီ၊ ကော့သောင်း၊ ထီးခီး၊ တမူး၊ ရိဒ်ခေါဒါရ် နယ်စပ်ဝင်၊ ထွက်ပေါက်တို့မှလည်းကောင်း ဝင်၊ ထွက်ခွင့်ပြုလျက်ရှိပါကြောင်း၊ မြန်မာ-လာအိုနယ်စပ်ရှိ ကျိုင်းလပ်-စီအင်ကောက်ဂိတ်အား ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး ယင်းဂိတ်ကိုလည်း အပြည်ပြည်ဆိုင်ရာ နယ်စပ် ဝင်၊ ထွက်ပေါက်အဖြစ် သတ်မှတ်နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ဆိုက်ရောက်ဗီဇာ (Visa On Arrival) စနစ်ဖြင့် လုပ်ငန်းဗီဇာ၊ အလုပ်ရုံ၊ ဆွေးနွေးပွဲ၊ အစည်းအဝေး၊ သုတေသနဗီဇာ၊ ယာဉ်အမှုထမ်းဗီဇာနှင့် ဖြတ်သန်းဗီဇာတို့ကို နိုင်ငံပေါင်း ၅၃ နိုင်ငံ ခွင့်ပြုဆောင်ရွက်လျက်ရှိရာမှ ယခုအခါ ရုရှားနှင့် ယူကရိန်းတို့ကို ထပ်မံခွင့်ပြုခဲ့သည့်အတွက် ဆိုက်ရောက်ဗီဇာကို နိုင်ငံပေါင်း ၅၅ နိုင်ငံ ခွင့်ပြုပေးလျက်ရှိပါကြောင်း။

ထို့ပြင် သာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သော တရုတ်နိုင်ငံသားနှင့် အိန္ဒိယနိုင်ငံသား ကမ္ဘာလှည့်ခရီးသွားများအား ဆိုက်ရောက်ဗီဇာ (VOA) စနစ်ဖြင့် ထပ်မံခွင့်ပြုပေးခဲ့ပါကြောင်း၊ ယခုအခါ ဆိုက်ရောက်ဗီဇာ (VOA) စနစ်ဖြင့် နိုင်ငံခြားသားခရီးသည် ၄၁၅၆၀၇ ဦးကို ခွင့်ပြုခဲ့ပါကြောင်း။

သံတမန်နိုင်ငံကူးလက်မှတ်နှင့် အထူးနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသူများအား အပြန်အလှန်ဗီဇာကင်းလွတ်ခွင့် သဘောတူညီချက်ကို မြန်မာနိုင်ငံနှင့် အာဆီယံနိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၂၄ နိုင်ငံနှင့် စာချုပ်ချုပ်ဆိုနိုင်ခဲ့ပြီး အစ္စရေးနိုင်ငံအား သဘောတူစာချုပ်လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သော်လည်း စာချုပ်အသက်ဝင်သည့်ရက်အား အတည်မပြုနိုင်သေးသဖြင့် လက်ရှိတွင် နိုင်ငံပေါင်း ၂၃ နိုင်ငံမှ သံတမန် နိုင်ငံကူးလက်မှတ်နှင့် အထူးနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသူများအား ဗီဇာကင်းလွတ်ခွင့်ပြုလျက်ရှိပါကြောင်း၊ သာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသူများအတွက် အပြန်အလှန်ဗီဇာကင်းလွတ်ခွင့် သဘောတူညီချက်ကို မလေးရှားနိုင်ငံမှအပ ကျန်အာဆီယံ ရှစ်နိုင်ငံနှင့် စာချုပ်ချုပ်ဆို ခွင့်ပြုလျက်ရှိပါကြောင်း၊ ထို့ပြင် ဂျပန်၊ တောင်ကိုရီးယား၊ တရုတ်နိုင်ငံ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်သည့် ဟောင်ကောင်နှင့် မကာအိုတို့မှ နိုင်ငံသားများအား ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁ ရက်မှစပြီး ဗီဇာကင်းလွတ်ခွင့်ဖြင့် အပြည်ပြည်ဆိုင်ရာ ဝင်၊ ထွက်ပေါက်များမှ ဝင်၊ ထွက်ခွင့်ပြုလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ၏ online e-Visa စနစ်ကို ၂၀၁၄ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး e-Visa (Tourist) ဖြင့် နိုင်ငံပေါင်း ၁၀၀ နှင့် e-Visa (Business) ဖြင့် နိုင်ငံပေါင်း ၅၅ နိုင်ငံအားခွင့်ပြုပေးခဲ့ပါကြောင်း၊ ထပ်မံ၍ Express e-Visa (Tourist) အား ၂၄ နာရီအတွင်း ထပ်မံခွင့်ပြုဆောင်ရွက်ခဲ့ရာ e-Visa စနစ် စတင်ဆောင်ရွက်ချိန်မှ ယခုကာလအထိ နိုင်ငံခြားသားခရီးသည် ၁၁၄၇၈၅၇ ဦးတို့ကို ခွင့်ပြုပေးခဲ့ပါကြောင်း။

**ပြန်လည်ခံယူခွင့်ပြု**

မြန်မာနိုင်ငံသားဟောင်းများအား မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့်ပြုခဲ့ရာ ယခုအချိန်ထိ စုစုပေါင်း ၂၁၁ ဦးအား မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့်ပြုပေးနိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်(PR)စနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ PR စနစ်စတင်ချိန်မှ ယခုထိ ခွင့်ပြုပြီးသူ ၄၈၀ ရှိပြီဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ်အတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးအတွက် တောင်ပြို(ဝဲ)နှင့် ငါးခူရ ပြန်လည်လက်ခံရေးစခန်း နှစ်ခု ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံအတွင်းနေထိုင်သည့် ပြည်သူများအားလုံး ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုးထုတ်ပေးနိုင်ရေးအတွက် ဖြေလျှော့မှုနည်းလမ်းများကိုအသုံးပြု၍ သစ္စာစီမံချက်ဖြင့် အစိုးရသစ်၏ သုံးနှစ်တာကာလအတွင်း ပြည်သူ ၆၇၆၂၀၁၃ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ သုံးနှစ်တာကာလအတွင်း ပြည်တွင်းရွှေ့ပြောင်း နေထိုင်သူများနှင့် အလုပ်သမားများကို ၎င်းတို့ရောက်ရှိသည့် ဒေသမှာပင် အိမ်ထောင်စု ၄၄၇၆၇ စုအား အိမ်ထောင်စုလူဦးရေစာရင်း ထုတ်ပေးနိုင်ခဲ့ပြီး ရွှေ့ပြောင်းနေထိုင်သူ ၁၆၈၂၅ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနိုင်ခဲ့ပါကြောင်း၊ ဒေသအသီးသီးရှိ စာသင်ကျောင်းများမှာ အသက်ပြည့်မီသူ ကျောင်းသားကျောင်းသူ စုစုပေါင်း ၁၁၃၂၄၁၂ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ခဲ့ပါကြောင်း။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၄ မြို့နယ်မှ စက်ရုံ၊ အလုပ်ရုံနှင့် အလုပ်ဌာနများမှ အလုပ်သမားများအား သစ္စာစီမံချက်ဖြင့် လုပ်ငန်းခွင်မပျက် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ လုပ်သား ၈၄၈၃ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံအတွင်း နေထိုင်သူများအနက် နိုင်ငံသားစိစစ်မှုခံယူရန် လိုအပ်သူများအား ဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (NV Card) ထုတ်ပေးဆောင်ရွက်လျက်ရှိရာ အစိုးရ၏ သုံးနှစ်တာကာလအတွင်း စုစုပေါင်း ၆၇၆၉၉ ဦးအား NV Card ထုတ်ပေးခဲ့ပါကြောင်း။

**ကြိုတင်ပြင်ဆင်**

၂၀၂၄ ခုနှစ်တွင် နောက်တစ်ကြိမ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ထပ်မံမကောက်ယူမီ လျင်မြန်စွာပြောင်းလဲနေသည့် လူမှုစီးပွားရေးဆိုင်ရာ အကြောင်းအရာများကို လေ့လာသုံးသပ်ရန်နှင့် စာရင်းအင်းလိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းရန်အတွက် ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း ကောက်ယူသွားမည်ဖြစ်ပြီး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

တက်ရောက်လာကြသည့် သတင်းမီဒီယာများက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ပြီးခဲ့သည့် သင်္ကြန်ကာလက ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လာကြသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများထံမှ မြန်မာဘက်မှ ဘတ် ၁၀၀ ကောက်ခံခဲ့မှုနှင့် အရေးယူသွားမည့်အခြေအနေ၊ လာမည့်နှစ်တွင် ကိုရီးယားနိုင်ငံသို့ မြန်မာလုပ်သားများ စေလွှတ်ရေးဆောင်ရွက်သွားမည့် အခြေအနေ၊ ၂၀၁၈ ခုနှစ်အတွင်း အများပြည်သူရုံးပိတ်ရက်များတွင် အလုပ်ဆင်းခိုင်းသည့် အမှုအရေးအတွက်နှင့် အရေးယူဆောင်ရွက်ခဲ့မှု၊ အမည်မည်းစာရင်းမှ ပယ်ဖျက်ပေးခဲ့သည့် နိုင်ငံသားနှင့် နိုင်ငံခြားသားအရေအတွက်နှင့် ကျင့်သုံးလျက်ရှိသည့် မူဝါဒ၊ ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများအား အရေးယူခဲ့မှု၊ ယခုနှစ်တွင် အရေးယူခဲ့သည့် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ ဝန်ထမ်းအရေအတွက်၊ ဝန်ထမ်းများထံမှ လူမှုဖူလုံရေးကြေး ဖြတ်တောက်မှုနှင့် ဝန်ဆောင်မှုအခြေအနေ၊ အနိမ့်ဆုံးလုပ်ခလစာကို နှစ်နှစ်တစ်ကြိမ် ပြန်လည်သုံးသပ်သတ်မှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းများကို မေးမြန်းကြရာ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်၊ အမြဲတမ်းအတွင်းဝန် ဦးအေးလွင်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထွန်းနန္ဒာ

❂ ဗီယက်နမ်မှ

သူရိန်စိုး(ရန်ကုန်)၊ ဇင်ရဲနောင် (အား/ကာသိပ္ပံ)၊ စည်သူမိုးခန့်(ယူ-၁၈)၊ **အလယ်တန်း**-လွင်မိုးအောင်၊ နန်းထိုက်ဇော်(ရောဝတီ)၊ မြတ်ကောင်းခန့်၊ အောင်နိုင်ဝင်း (ရတနာပုံ)၊ ကျော်မျိုးနိုင် (အား/ကာသိပ္ပံ)၊ ကောင်းထက်စိုး(ရန်ကုန်)၊ စိုးလွင်လွင်၊ နေမိုးနိုင်၊ ဇင်မင်းထွန်း (မကွေး)၊ **ရှေ့တန်း**-ဟိန်းထက်အောင် (ဟံသာဝတီ)၊ ဝင်းနိုင်ထွန်း (ရတနာပုံ)၊ ထက်ဖြိုးဝေ၊ စအောင်ပြည့်ကို (ရှမ်းယူနိုက်တက်)နှင့် အောင်ကောင်းမာန် (ရောဝတီ) တို့ ပါဝင်ကြသည်။

မြန်မာ ယူ-၂၂ အသင်းသည် မေ ၂၁ ရက်မှစ၍ လေ့ကျင့်မှုပြုလုပ်ခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲကျင်းပနေသည့်ကာလဖြစ်သောကြောင့် ရက်အနည်းငယ်သာ လူစုံလေ့ကျင့်နိုင်ခဲ့သည်။ မြန်မာ ယူ-၂၂ အသင်းသည် ဗီယက်နမ်နှင့်ခြေစမ်းပွဲကို ကစားသမား ၂၀ ဖြင့် ယှဉ်ပြိုင်မည်ဖြစ်သောကြောင့် ပဏာမခြောက်ဦး လျှော့ချရမည်ဖြစ်ပြီး ရက်ပိုင်းအတွင်း အပြီးသတ်လူစာရင်းထုတ်ပြန်ဖွယ်ရှိနေသည်။ မြန်မာ ယူ-၂၂ အသင်းသည် အသင်းဖွဲ့စည်းအပြီး ပထမဆုံးခြေစမ်းပွဲအဖြစ် မေ ၃၀ ရက်က တောင်ကိုရီးယားကလပ် ပိုဟန်စတီးလားစ်အသင်းနှင့် ယှဉ်ပြိုင်ကစားရာ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မြန်မာနှင့် ဗီယက်နမ် ယူ-၂၂ အသင်းသည် ဇွန် ၇ ရက်တွင် ဗီယက်နမ်နိုင်ငံ၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း-ရှိုင်းထက်ဇော်

ဓာတ်ပုံ-ဘုန်းသော်



**ကျောက်တံတားမြို့နယ် အမှတ်(၁) ရပ်ကွက်တွင် မေလ တတိယပတ်က လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် အမျိုးသမီးများ အကြမ်းဖက်ခံရမှုမှ ကာကွယ်တားဆီးရေး အသိပညာပေး ဟောပြောရာ ကျောက်တံတားမြို့မ ရဲစခန်းမှူး ဒုရဲမှူး ပိုထွန်းက အမှတ်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများအား အသိပညာပေး ဟောပြောစဉ်။**

ကြေးမုံ



# အမေရိကန်နိုင်ငံဆိုင်ရာ မြောက်ကိုရီးယားထိပ်တန်းစေ့စပ်ညှိနှိုင်းသူနှင့် အခြားလေးဦးအား ကွပ်မျက်သည့်သတင်းများ ထွက်ပေါ်

**ဆိုးလ် မေ ၃၁**

အမေရိကန်နိုင်ငံဆိုင်ရာ မြောက်ကိုရီးယားထိပ်တန်းစေ့စပ်ညှိနှိုင်းသူနှင့် အခြားလေးဦးအား မြောက်ကိုရီးယားအစိုးရက ကွပ်မျက်ခဲ့ကြောင်း တောင်ကိုရီးယားမီဒီယာက ယနေ့သတင်းဖော်ပြကြသည်။

ဖေဖော်ဝါရီလအတွင်း အမေရိကန်-မြောက်ကိုရီးယားနှစ်နိုင်ငံ ဒုတိယအကြိမ် ထိပ်သီးအစည်းအဝေးတွင် နျူကလီးယားအရေးဆိုင်ရာကိစ္စရပ်များကို အမေရိကန်နိုင်ငံနှင့် သဘောတူညီမှုရရှိရန် ဆွေးနွေးနိုင်ခြင်းမရှိခဲ့သည်ကို အကြောင်းပြုပြီး ၎င်းတို့အား ကွပ်မျက်ခဲ့ခြင်းဖြစ်သည်။



အမေရိကန်နိုင်ငံဆိုင်ရာ မြောက်ကိုရီးယားထိပ်တန်းစေ့စပ်ညှိနှိုင်းသူ ကင်ရှောက်ချို

အမေရိကန်နိုင်ငံဆိုင်ရာ မြောက်ကိုရီးယားထိပ်တန်းစေ့စပ်ညှိနှိုင်းသူ ကင်ရှောက်ချိုနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူလေးဦးအား မတ်လအတွင်းက နိုင်ငံတော်ခေါင်းဆောင်အား သစ္စာဖောက်ပြီး အမေရိကန်နိုင်ငံအတွက် သူလျှိုလုပ်ဆောင်ပေးသည်ဟု စွပ်စွဲကာ ကွပ်မျက်ခဲ့ခြင်းဖြစ်သည်ဟု တောင်ကိုရီးယားမီဒီယာက ဆိုသည်။ အမေရိကန်နိုင်ငံဆိုင်ရာ မြောက်ကိုရီးယား ထိပ်တန်းစေ့စပ်ညှိနှိုင်းသူ ကင်ရှောက်ချိုသည် မြောက်ကိုရီးယားနိုင်ငံဆိုင်ရာ အမေရိကန်အထူးကိုယ်စားလှယ် စတီဖန်ဘီဂန်နှင့်အတူ နှစ်နိုင်ငံထိပ်သီးအစည်းအဝေးကျင်းပနိုင်ရေးနှင့် နျူကလီးယားအရေးတို့ကို စေ့စပ်ညှိနှိုင်းမှုများ ဆောင်ရွက်ရသည်။

အမေရိကန်နိုင်ငံဆိုင်ရာ မြောက်ကိုရီးယားထိပ်တန်းစေ့စပ်ညှိနှိုင်းသူ ကင်ရှောက်ချိုသည် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်၏ ယုံကြည်စိတ်ချရသူ တစ်ဦးဖြစ်သည်။ သို့သော် သူ့အား အလုပ်ကြမ်းနှင့် ပြန်လည်ပြုစုပျိုးထောင်ရေးစခန်းသို့ ကွပ်မျက်ခြင်းမခံရမီ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

နှစ်နိုင်ငံခေါင်းဆောင်များအကြား သဘောတူညီမှုမရရှိဘဲ အဆုံးသတ်ခဲ့ရသည့် ဟန်ွိုင်းထိပ်သီးဆွေးနွေးပွဲပြီးနောက် အမေရိကန်နှင့် မြောက်ကိုရီးယားတို့အကြား နျူကလီးယားလက်နက် ကင်းစင်ပပျောက်ရေး ဆွေးနွေးမှုသည် ကြန့်ကြာလျက်ရှိသည်။

မြောက်ကိုရီးယားအစိုးရက အမေရိကန်နိုင်ငံဆိုင်ရာ မြောက်ကိုရီးယား ထိပ်တန်းစေ့စပ်ညှိနှိုင်းသူ ကင်ရှောက်ချိုနှင့် အခြားလေးဦးတို့အား ကွပ်မျက်ခဲ့ခြင်းနှင့် ပတ်သက်သည့် ဆက်စပ်သတင်းများထွက်ပေါ်မှုကို တောင်ကိုရီးယားအစိုးရက ဆက်လက်စောင့်ကြည့်လျက်ရှိသည်။ အဆိုပါကိစ္စရပ်နှင့်ပတ်သက်ပြီး အတည်ပြုပြောကြားသည့် သတင်းအချက်အလက်များ မရရှိသေးကြောင်း ကိုရီးယားနှစ်နိုင်ငံ ပြန်လည်ပေါင်းစည်းရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ဆိုသည်။

၂၀၁၃ ခုနှစ်တွင် ခေါင်းဆောင် ကင်ဂျုံအန်၏ ဦးလေးအား နိုင်ငံတော်သစ္စာဖောက်မှုဖြင့် သေဒဏ်စီရင်ချက်ချမှတ်ခဲ့သည်။ မကြာသေးမီက မလေးရှားနိုင်ငံတွင် လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသော ခေါင်းဆောင် ကင်ဂျုံအန်နှင့် ဖအေတူမအေကွဲ ညီအစ်ကိုတော်စပ်သူ ကင်ဂျုံနမ် သေဆုံးမှုနှင့်ပတ်သက်ပြီး ခေါင်းဆောင် ကင်ဂျုံအန်အား ဝေဖန်ရှုတ်ချကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

# ဖိလစ်ပိုင်တောင်ပိုင်းမှ အိုင်အက်စ်နှင့် ဆက်နွှယ်မှုရှိသည့် သူပုန်များ ဖမ်းဆီးထားသည့် ဒတ်ချ်လူမျိုးဓားစာခံ သေဆုံး

**မနီလာ မေ ၃၁**

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတွင် မေ ၃၁ ရက်က ဖိလစ်ပိုင်အစိုးရတပ်ဖွဲ့ဝင်များနှင့် အိုင်အက်စ်တို့နှင့်ဆက်နွှယ်မှုရှိသည့် သူပုန်အဖွဲ့ဝင်များအကြား တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ သူပုန်အဖွဲ့မှ ဓားစာခံအဖြစ် ဖမ်းဆီးခံထားရသည့် ဒတ်ချ်လူမျိုး ငှက်စောင့်ကြည့်ရေးသမားမှာ သေနတ်ထိမှန်သေဆုံးခဲ့ကြောင်း၊ တိုက်ပွဲဖြစ်ပွားစဉ်အတွင်း ဒတ်ချ်လူမျိုးဓားစာခံက ထွက်ပြေးလွတ်မြောက်ရန် ကြိုးပမ်းစဉ် ၎င်းအားဖမ်းဆီးထားသည့်သူများ၏ ပစ်ခတ်မှုကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း ဖိလစ်ပိုင်စစ်ဘက်က ပြောကြားသည်။


အီဝူးလ်ဟွန်းအမည်ရှိ ယင်းဒတ်ချ်နိုင်ငံသားသည် ၂၀၁၂ ခုနှစ်အတွင်းက အဘူဆေယက်ဖ် သူပုန်အဖွဲ့က ပြန်ပေးရွေးငွေဖြင့် ရွေးယူရန်အတွက် ပြန်ပေးဆွဲခံရသူဖြစ်ပြီး မေ ၃၁ ရက်က ဖြစ်ပွားသည့် ဖိလစ်ပိုင်စစ်ဘက်တပ်ဖွဲ့ဝင်များနှင့် အဘူဆေယက်ဖ်သူပုန်အဖွဲ့တို့အကြား မိနစ် ၉၀ ကြာ ပစ်ခတ်တိုက်ခိုက်မှုတွင် သေစေလောက်သည့် ဒဏ်ရာများရရှိခဲ့ခြင်းဖြစ်သည်။

ဂျီဟတ်ဝါဒီသူပုန်များနှင့် ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များသည် ၎င်းစစ်သွေးကြွများ အင်အားတောင့်တင်းသည့် ဒေသဖြစ်သည့် ဂျိုလိုကျွန်းတွင် တိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဂျီဟတ်ဝါဒီသူပုန်များနှင့် ဖိလစ်ပိုင်တပ်ဖွဲ့အကြား ဖြစ်ပွားခဲ့သည့်အပြန်အလှန်ပစ်ခတ်မှုအတွင်း ဟွန်းသေဆုံးခဲ့ကြောင်း ဒတ်ချ်နိုင်ငံခြားရေးဝန်ကြီးဌာနက အတည်ပြုခဲ့သည်။ ၎င်းသေဆုံးခဲ့ရသည့် အခြေအနေအတိအကျကို သိရှိနိုင်ရေးအတွက် စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်နေကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ဆက်လက်ပြောကြားသည်။

ယနေ့နံနက်အစောပိုင်းက ဖြစ်ပွားခဲ့သည့် ဖိလစ်ပိုင်တပ်ဖွဲ့နှင့် အဘူဆေယက်ဖ်သူပုန်တို့တိုက်ခိုက်မှုအတွင်းတွင် ဟွန်းက လွတ်မြောက်ရန်ကြိုးပမ်းရာ၌ ၎င်းကိုစောင့်ကြပ်နေသည့် သူပုန်တပ်ဖွဲ့ဝင်တစ်ဦးက ပစ်ခတ်ခဲ့မှုကြောင့် ၎င်းသေဆုံးခဲ့ရခြင်းဖြစ်ကြောင်း ဖိလစ်ပိုင်တပ်ဖွဲ့မှ ဗိုလ်မှူးချုပ် ဒီဗီဒိုရှိုင်းရာဘာရိုက ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းဒေသသည် နာမည်ဆိုးဖြင့် ကျော်ကြားနေသည့် လက်နက်ကိုင်အဖွဲ့များ၏ ဇာတိနယ်မြေဖြစ်ပြီး ၎င်းတို့ထဲမှ အချို့အဖွဲ့များသည် ခရစ်ယာန်ဘာသာဝင်အများစုနေထိုင်ရာ နိုင်ငံဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံ၏ တောင်ပိုင်းအကျဆုံး ဒေသ၌ မွတ်စလင်ပြည်နယ် ရရှိရေးအတွက် ဆယ်စုနှစ်များစွာ ရည်ရွယ်လုပ်ဆောင်နေသည့် ပုန်ကန်တိုက်ခိုက်မှုများနှင့် ဆက်နွှယ်မှုရှိနေသည်။



**အေအက်ဖ်ပီ**

# အီရတ်နိုင်ငံ ကာကွတ်မြို့တွင် ပေါက်ကွဲမှု ခြောက်ကြိမ်ဖြစ် လူလေးဦးထက်မနည်းသေ၊ ၂၀ ဒဏ်ရာရ



**ဘဂ္ဂဒက် မေ ၃၁**

အီရတ်နိုင်ငံမြောက်ပိုင်း ကာကွတ်မြို့တွင် မေ ၃၀ ရက်က ပေါက်ကွဲမှုခြောက်ကြိမ်ဖြစ်ပွားခဲ့ပြီး ယင်းပေါက်ကွဲမှုများကြောင့် လူလေးဦးထက်မနည်းသေဆုံးကာ ၂၀ ဒဏ်ရာရခဲ့သည်ဟု ရဲတပ်ဖွဲ့တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်၏ မြောက်ဘက် ကီလိုမီတာ ၂၅၀ အကွာရှိ ကာကွတ်မြို့၏ အဓိက လမ်းမကြီးသုံးခု၏ နံဘေးတွင် ပေါက်ကွဲမှုများဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အီရတ်စစ်ဘက် ပူးတွဲစစ်ဆင်ရေးရုံး ပြန်ကြားရေးဌာနက သတင်းထုတ်ပြန်သည်။

ရဲတပ်ဖွဲ့မှ နောက်ဆုံးရရှိသည့် အစီရင်ခံစာအရ သေဆုံးသူလေးဦးတွင် ရဲတပ်ဖွဲ့ဝင်တစ်ဦးပါဝင်ပြီး ဒဏ်ရာရသူ ၂၀ ၌ ရဲတပ်ဖွဲ့ဝင်လေးဦးပါဝင်ကြောင်း ကာကွတ်ပြည်နယ် ရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ယင်းပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ရာနေရာသို့ သွားသည့်လမ်းများကို ပိတ်ထားခဲ့ပြီး စုံစမ်းစစ်ဆေးမှုများ ချက်ချင်းလုပ်ဆောင်နေသည်ဟု ၎င်းက ပြောကြားသည်။

လမ်းများပေါ်၌ ဗုံးများထောင်ခဲ့သည်ဟု သံသယရှိသည့် မော်တော်ယာဉ်နှစ်စင်းကို ရဲတပ်ဖွဲ့ဝင်များက ရှာဖွေနေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကာကွတ်မြို့သည် ကာ့ဒ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် အီရတ်ဗဟိုအစိုးရအကြား ပိုင်ဆိုင်မှုအငြင်းပွားဖွယ် နယ်မြေအစိတ်အပိုင်းတစ်ခုဖြစ်ခြင်းကြောင့် တင်းမာမှုများ နှစ်ပေါင်းများစွာတည်ရှိနေခဲ့သည်။

ယင်းဗုံးဖောက်ခွဲတိုက်ခိုက်မှုများကို လုပ်ဆောင်ခဲ့ကြောင်း မည်သည့်အဖွဲ့အစည်းကမျှ ဝန်ခံပြောကြားခြင်းမရှိသေးသော်လည်း အီရတ်နိုင်ငံတစ်ဝန်းလုံးရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဈေးများ၊ ကော်ဖီဆိုင်များနှင့် ဝတ်ပြုဆုတောင်းရာ ဗလီများကဲ့သို့ အများပြည်သူနေရာများကို ပစ်မှတ်ထား တိုက်ခိုက်မှုများကို အိုင်အက်စ်အဖွဲ့က အများဆုံး လုပ်ဆောင်လေ့ရှိသည်။ **ဆင်ဟွာ**

# အိန္ဒိယအစိုးရအဖွဲ့သစ်စာရင်း ဝန်ကြီးချုပ် မိုဒီ ကြေညာ



**နယူးဒေလီ မေ ၃၁**

အိန္ဒိယအထွေထွေရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ပြီး ဝန်ကြီးချုပ်အဖြစ် ဒုတိယသက်တမ်း ဆက်လက်ထမ်းဆောင်မည့် မိုဒီဦးဆောင်သော အစိုးရအဖွဲ့သစ်စာရင်းကို အိန္ဒိယသမ္မတရုံးက ယနေ့ ကြေညာလိုက်ပြီဖြစ်သည်။

အိန္ဒိယအစိုးရအဖွဲ့သစ်တွင် အေမက်ရှားက ပြည်ထဲရေးဝန်ကြီး၊ ရာနတ်ဆင်းက ကာကွယ်ရေးဝန်ကြီးနှင့် နီမာလာ ဆီသာရာမန်က ဘဏ္ဍာရေးဝန်ကြီး ဖြစ်လာမည်ဖြစ်သည်။ နိုင်ငံခြားရေးအတွင်းဝန်ဟောင်း အက်စ် ဂျိုင်ရှန်ကာမှာ ပြည်ပရေးရာဝန်ကြီးဖြစ်လာမည်ဖြစ်ပြီး ရှမ်ရီတီ အီရန်နီက အမျိုးသမီးနှင့် ကလေးသူငယ် ဖွံ့ဖြိုးရေးဝန်ကြီး ဌာနနှင့် အထည်အလိပ်လုပ်ငန်းဝန်ကြီးဌာနကို ပူးတွဲကိုင်တွယ်မည်ဟု အိန္ဒိယသမ္မတရုံးက ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်အရ သိရသည်။

အလားတူ နီတင်ဂါကာရီက လမ်းပန်းပို့ဆောင်ရေးနှင့် အဝေးပြေးလမ်းမများဝန်ကြီးအဖြစ် ဆက်လက်ထမ်းဆောင်မည်ဖြစ်ပြီး ပီယက်ဂိုရယ်လ်က မီးရထားနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး၊ ရာဇီရှန်ကာပရာဆတ်က ဥပဒေ၊ တယ်လီကွန်းအပြင် အိုင်တီဝန်ကြီးဌာနများကို ဦးဆောင်မည်ဖြစ်သည်။ ဝန်ကြီးချုပ် မိုဒီက အဏုမြူစွမ်းအင် ကဲ့သို့သော ဝန်ကြီးဌာနများကို ချုပ်ကိုင်မည့်အပြင် အရေးပါသော မူဝါဒရေးရာကိစ္စရပ်များ ချမှတ်မည်ဖြစ်သည်။ မိုဒီသည် ယမန်နေ့က ဒုတိယသက်တမ်းအတွက် ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့ပြီး ၎င်းနှင့် ဘီဂျေပီပါတီဥက္ကဋ္ဌ အေမက်ရှားအပါအဝင် ဝန်ကြီး ၅၈ ဦးပါ အစိုးရအဖွဲ့သစ်စာရင်းကို ကြေညာခဲ့သည်။

Jal Shakti ဆိုသော ဝန်ကြီးဌာနသစ်တစ်ခုကိုလည်း ဖွဲ့စည်းခဲ့ပြီး ဂါဂျန္ဒရာဆင်းရှီခွာဝတ်က ယင်းဝန်ကြီးဌာနသစ်၏ ဝန်ကြီးဖြစ်လာမည်ဖြစ်သည်။

**ကိုးကား-ပီတီအိုင်၊ ဘာသာပြန်-ကျော်ထိုက်စိုး**

# ဒေသတွင်း ဝင်ရောက်စွက်ဖက်မှုအဆုံးသတ်ရန် အီရန်အား အာရပ်အဖွဲ့ချုပ် တိုက်တွန်း

**ရီယာ့ဒ် မေ ၃၁**

ဒေသတွင်း အီရန်၏ အခန်းကဏ္ဍနှင့်ပတ်သက်၍ ပြန်လည်စဉ်းစားရန် အီရန်နိုင်ငံအား အာရပ်အဖွဲ့ချုပ်နှင့် ပင်လယ်ကွေ့ ပူးပေါင်းဆောင်ရွက်မှုကောင်စီက မေ ၃၁ ရက်တွင် တိုက်တွန်းလိုက်ကြောင်း ဆော်ဒီသတင်းအေဂျင်စီက သတင်းဖော်ပြသည်။



ဆော်ဒီအာရေဗျနိုင်ငံ မက္ကာမြို့တွင် ကျင်းပသော ပင်လယ်ကွေ့နှင့် အာရပ်ထိပ်သီးအစည်းအဝေးအပြီး ထုတ်ပြန်ချက်တစ်ရပ်ပြုလုပ်ရာ ယင်းထုတ်ပြန်ချက်တွင် ဆော်ဒီနိုင်ငံခြားရေးဝန်ကြီး အီဘရာဟင် အယ်လ်အေဆပ်ဖ်က မကြာသေးမီ ဆော်ဒီအာရေဗျနှင့် ကာတာနိုင်ငံတို့၏ သင်္ဘောများ တိုက်ခိုက်ခံရမှုနှင့်ပတ်သက်၍ ဆော်ဒီအာရေဗျနှင့် ကာတာနိုင်ငံတို့၏ အီရန်နိုင်ငံအပေါ် ဆန့်ကျင်ဝေဖန်မှုအပေါ် ပင်လယ်ကွေ့နှင့် အာရပ်နိုင်ငံများ၏ ထောက်ခံအားပေးမှုကို ဖွင့်ဟထုတ်ဖော်ပြခဲ့သည်။

အကယ်၍ အီရန်နိုင်ငံအနေဖြင့် ဒေသတွင်းရှိ အကြမ်းဖက်သမားများအပေါ် ၎င်း၏ ထောက်ခံအားပေးမှုကို ရပ်တန့်နိုင်ခဲ့ပါက ပင်လယ်ကွေ့နိုင်ငံများသည် အီရန်နှင့် ငြိမ်းချမ်းရေးတည်ဆောက်ပြီး ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိကြောင်း၊ အီရန်အား ကျောထောက်နောက်ခံပြုသည့် ဟူသီစစ်သွေးကြွများသည် မကြာသေးမီက ဆော်ဒီအာရေဗျနိုင်ငံရှိ ရေနံဖြန့်ဝေရေး စခန်းနှစ်ခုအပေါ် ဒရုန်းလေယာဉ်များဖြင့် တိုက်ခိုက်မှုအပါအဝင် ဆော်ဒီအာရေဗျနိုင်ငံကို ဒုံးကျည်နှင့် ဒရုန်းလေယာဉ်များဖြင့် ၂၂၅ ကြိမ် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ဆော်ဒီနိုင်ငံခြားရေးဝန်ကြီးဌာနက ဖွင့်ဟပြောဆိုခဲ့သည်။

မကြာသေးမီတိုက်ခိုက်မှုများက ဒေသတွင်း တင်းမာမှုကို အရှိန်မြင့်မားစေခဲ့သလို အီရန်နှင့် အမေရိကန်ပြည်ထောင်စုအကြား တင်းမာမှုကိုလည်း အရှိန်မြင့်တက်စေခဲ့ကြောင်း ဆော်ဒီဝန်ကြီးက ဆက်လက်ပြောကြားသည်။ အမေရိကန်ပြည်ထောင်စုနှင့် အာရပ်နိုင်ငံများအကြား ညှိနှိုင်းဆောင်ရွက်မှုနှင့် စေ့စပ်ဆွေးနွေးမှုသည် ပင်လယ်ကွေ့နိုင်ငံများနှင့် အမေရိကန်ပြည်ထောင်စုအကြား ဆက်ဆံရေး ခိုင်မာတောင့်တင်းစေရေးအတွက် နှစ်ဖက်အကြား မဟာဗျူဟာ ပူးပေါင်းဆောင်ရွက်မှုကို ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်က ထပ်လောင်းဖော်ပြထားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ဂျေတီ**

# နဂါးလှေပွဲတော်ကာလအတွင်း တရုတ်ခရီးသွား သန်း ၁၀၀ ကျော် ပြည်တွင်း၊ ပြည်ပသို့ လည်ပတ်မည်

**ရှန်ဟိုင်း မေ ၃၁**

လာမည့် နဂါးလှေပွဲတော်ကာလအတွင်း တရုတ်နိုင်ငံသား သန်း ၁၀၀ ကျော်မှာ တရုတ်နိုင်ငံတစ်ဝန်းနှင့် ပြည်ပနိုင်ငံများသို့ သွားရောက်လည်ပတ်မည်ဟု မျှော်မှန်းရကြောင်း တရုတ်နိုင်ငံမှ နာမည်ကျော် အွန်လိုင်းခရီးသွားလုပ်ငန်းတစ်ခုဖြစ်သည့် Ctrip ၏ ဖော်ပြချက်အရ သိရသည်။

တရုတ်ခရီးသွားများသည် ဇွန် ၇ ရက်မှ ၉ ရက်ထိ ကျရောက်မည့် အဆိုပါပွဲတော်အတွင်း ကမ္ဘာ့နိုင်ငံပေါင်း ၉၂ နိုင်ငံရှိ ခရီးသွားနယ်မြေ ၈၀၀ ကျော်သို့ သွားရောက်လည်ပတ်ရန် အွန်လိုင်းမှတစ်ဆင့် ကြိုတင်လက်မှတ် မှာယူခဲ့ကြောင်း Ctrip က နောက်ဆုံးထုတ်ပြန်သည့် အစီရင်ခံစာတစ်စောင်အတွင်း ဖော်ပြခဲ့သည်။ ပြီးခဲ့သည့်နှစ် နဂါးလှေပွဲတော်အတွင်း တရုတ်ပြည်သူများမှာ ပြည်တွင်းခရီးစဉ် ၈၉ သန်းကျော်ထိ လည်ပတ်ခဲ့ပြီး စုစုပေါင်း ယွမ် ၃၆ ဒသမ ၂ ဘီလီယံ (အမေရိကန်ဒေါ်လာ ၅ ဒသမ ၃ ဘီလီယံ) သုံးစွဲခဲ့ကြောင်း တရုတ်ခရီးသွားလုပ်ငန်းအကယ်ဒမီက ဖော်ပြခဲ့သည်။

နဂါးလှေပွဲတော်မှာ ပုံမှန်အားဖြင့် ခရီးသွားများ အများဆုံးလည်ပတ်သည့် ရာသီမဟုတ်သော်လည်း ပြည်တွင်းခရီးစဉ်များတွင် လက်မှတ်ဈေးနှုန်းများ သက်သာခြင်း၊ သယ်ယူပို့ဆောင်ရေးနှင့် ဗီဇာမူဝါဒများ ပိုမိုအဆင်ပြေခြင်းတို့ကြောင့် လူအများစုက ထိုကာလတွင် ခရီးသွားခြင်းကို ပိုနှစ်သက်သည်ဟု အစီရင်ခံစာကဆိုသည်။ အကျော်ကြားဆုံး ပြည်ပခရီးစဉ်များမှာ ဂျပန်၊ ထိုင်း၊ ရုရှား၊ ဗီယက်နမ်၊ အီတလီနှင့် အင်ဒိုနီးရှားတို့ဖြစ်ပြီး ဆန်ညာ၊ ရှန်ဟိုင်း၊ ကွမ်ကျိုး၊ ကျားမင်နှင့် ချန်ဒူးတို့မှာ ပြည်တွင်း၌ ခရီးသွားများအနှစ်သက်ဆုံး ခရီးသွားနယ်မြေများဖြစ်သည်။

နဂါးလှေပွဲတော် အားလပ်ရက်အတွင်း ပြည်ပခရီးစဉ်များအတွက် လူတစ်ဦးအတွက် ပျမ်းမျှ ကုန်ကျစရိတ်မှာ ယွမ် ၄၅၀၀ (အမေရိကန်ဒေါ်လာ ၆၅၂ ဒေါ်လာ) ဝန်းကျင်ဖြစ်ပြီး အနီးစပ်ဆုံး ခရီးသွားရာသီဖြစ်သည့် မေဒေးအားလပ်ရက်အတွင်း လူတစ်ဦးအတွက် ပျမ်းမျှကုန်ကျစရိတ်ထက် ၁၃ ရာခိုင်နှုန်း နည်းပါးသည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ကျော်ထိုက်စိုး**

# Trash Hero-Minbu နှင့် MPRL E&P တို့ ပူးပေါင်း၍ အမှိုက်ကောက်လှုပ်ရှားမှု မင်းဘူးမြို့၌ ပြုလုပ်

**မင်းဘူး မေ ၃၁**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်ရှိ မန်းရေနံမြေတွင် ရေနံတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE) နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် MPRL E&P Pte Ltd. ၏ CSR လုပ်ငန်းအစီအစဉ်အရ မန်းရေနံမြေဒေသခံပြည်သူများအတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိရာ မန်းရေနံမြေဒေသခံပြည်သူများ၊ အမှိုက်ကောက်သူရဲကောင်းအဖွဲ့-မင်းဘူး (Trash Hero-Minbu) နှင့် ပူးပေါင်း၍ မင်းဘူးမြို့တွင်း သတ်မှတ်နေရာများတွင် အမှိုက်ကောက်လှုပ်ရှားမှုကို ယမန်နေ့ ညနေပိုင်းက ပြုလုပ်သည်။



MPRL E&P အနေဖြင့် မန်းရေနံမြေဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေနံမြေတစ်ခွင် သန့်ရှင်းသာယာရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ရေရှည်ဆောင်ရွက်နိုင်မည့် အစီအမံများဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိရာ မန်းရေနံမြေဒေသခံများ ဦးဆောင်သည့် ကိုယ့်အားကိုယ်ကိုး အမှိုက်သိမ်းစနစ်ကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလက မင်းဘူးမြို့နယ် စည်ပင်သာယာနယ်နိမိတ်၌ မပါရှိသော ကျေးရွာ ရှစ်ရွာတွင် ကနဦးစီမံချက်အဖြစ် စတင်ခဲ့သည်။ ၂၀၁၉ ခုနှစ် မတ်လမှစတင်၍ အဆိုပါစီမံချက်ကို ရာနှုန်းပြည့် အကောင်အထည်ဖော်နိုင်ရန် MPRL E&P က ရေရှည်ဆောင်ရွက်နိုင်မည့် အစီအမံများ ပံ့ပိုးခြင်းဖြင့် မင်းဘူးမြို့နယ် စည်ပင်သာယာနယ်နိမိတ်အတွင်း မပါရှိသည့် မန်းရေနံမြေနှင့် ထိစပ်ကျေးရွာ ၁၂ ရွာတွင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကိုယ့်အားကိုယ်ကိုးအမှိုက်သိမ်းစနစ် ကနဦးစတင်သည့် စီမံချက်ကာလအတွင်း မန်းရေနံမြေတစ်ခွင်တွင် စွန့်ပစ်အမှိုက်ကင်းစင်ရေးလှုပ်ရှားမှုများကို ဆက်တိုက်ဆောင်ရွက်ခဲ့ရာ ယနေ့ညနေပိုင်းတွင် အမှိုက်ကောက်သူရဲကောင်းအဖွဲ့-မင်းဘူးနှင့်ပူးပေါင်း၍ မကြီးချောင်းမှ မန်းရေနံမြေအဝင်အထိ စုစုပေါင်းအင်အား ၄၈၄ ဦးဖြင့် အမှိုက်တန်ချိန် စုစုပေါင်း ၅ ဒသမ ၈၉ တန်အထိ ကောက်ယူရှင်းလင်းနိုင်ခဲ့သည်။


မြန်မာနိုင်ငံရှိ ကုန်းတွင်းရေနံထုတ်လုပ်သည့် ရေနံမြေများတွင် ရေနံအထွက်တိုးရေးလုပ်ငန်းစီမံချက်အတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှထုတ်ပေးသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate) ကို ပထမဆုံးရရှိသည့် ရေနံမြေဖြစ်သည်။ ထို့ပြင် မန်းရေနံမြေတွင် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် MPRL E&P သည် ကုန်းတွင်းနှင့် ကမ်းလွန်ရေနံလုပ်ကွက်များတွင် ရေနံတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများကို တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံသားပိုင် မြန်မာစွမ်းအင်ကုမ္ပဏီတစ်ခုဖြစ်သည်။

**သတင်းစဉ်**

ကြေးမုံ



# မြေပုံမြို့နယ် ရန်ကုန်-စစ်တွေကားလမ်းမကြီးပေါ်၌ ခရီးသည်တင်ယာဉ်တစ်စီး AA အဖွဲ့ထောင်ထားသည့် မြေမြှုပ်မိုင်းအား နင်းမိပေါက်ကွဲ




**နေပြည်တော် မေ ၃၁**

မြေပုံမြို့နယ် ကြာအင်းတောင်ကျေးရွာအနီး ရန်ကုန်-စစ်တွေသွား ကားလမ်း မိုင်တိုင်အမှတ် (၆၉/၇၀)အကြား စစ်တွေမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသည့် ရွှေမန်းရတနာ ခရီးသည်တင် မှန်လုံယာဉ်သည် ယနေ့ညနေ ၄ နာရီ ၄၅ မိနစ်ခန့်တွင် AA အဖွဲ့ထောင်ထားသည့် မြေမြှုပ်မိုင်းအား နင်းမိပေါက်ကွဲခဲ့ရာ ယာဉ်အနည်းငယ်ပျက်စီးပြီး ယာဉ်ပေါ်ပါသူများ ထိခိုက်ဒဏ်ရာ ရရှိခြင်းမရှိခဲ့ကြောင်း သိရသည်။

ယာဉ်ပေါ်ပါ ခရီးသည်များအား အခြားယာဉ်တစ်စီးဖြင့် ပို့ဆောင်နိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ ရေမိုင်လှည့်ကင်း ဆောင်ရွက်

**နေပြည်တော် မေ ၃၁**

မောင်တောမြို့နယ် နယ်မြေ(၇) မကျီးချောင်းချောင်းဝရဲကင်းစခန်းမှ ဒုရဲမှူးနိုင်အောင်သူ ဦးစီးသည့် ရေယာဉ်တပ်ဖွဲ့စု (မောင်တော)မှ ငါးမန်းအမြန်သွားတိုက်ခိုက်ရေး ရေယာဉ်အမှတ် (၀၀၆)ပါ နှစ်စင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၂) နယ်ခြားစောင့်တပ် Shahparirdip BOP ကင်းစခန်းမှ Subedar MD, Nur E Allam ဦးဆောင်သည့် စက်တပ်ရေယာဉ် နှစ်စင်း စုစုပေါင်း လေးစင်းတို့သည် မေ ၃၀ ရက် နံနက်ပိုင်းက မကျီးချောင်း ချောင်းဝထိပ်၊ ရေမိုင်အမှတ်(၂)အနီးမှ ကညင်ချောင်း ချောင်းဝထိပ် ရေမိုင်အမှတ်(၅)အနီး



အထိ နတ်မြစ်ကြောင်းအတိုင်း နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ ရေမိုင်ကင်းလှည့် ခဲ့ပြီး ရေယာဉ်အမှတ် (၀၀၆)ပေါ်၌ နှစ်ဖက်ကင်းလှည့်သည့် အဖွဲ့များ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ရဲပြန်ကြား**

# ဇန်းမောက်-အင်းတော်သွား ကားလမ်းတွင် ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်

**ဇန်းမောက် မေ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဇန်းမောက်မြို့နယ် ဇန်းမောက်-အင်းတော်သွား ကားလမ်းမပေါ်တွင် ဆိုင်ကယ်နှစ်စီးမျက်နှာချင်းဆိုင်တိုက်မှု ယမန်နေ့ နံနက်ပိုင်းက ဖြစ်ပွားခဲ့ကြောင်း ဇန်းမောက်မြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ မေ ၃၀ ရက် နံနက် ၉ နာရီခွဲက အရှေ့ဘက်မှအနောက်ဘက်သို့ ထွန်းဝေမောင်းနှင်ပြီး နောက်မှ ၎င်း၏မိခင် ဒေါ်စိန်အေး လိုက်ပါလာသည့် SHAYAN 125 နှင့် မျက်နှာချင်းဆိုင်ဘက်မှ စန်းမြင့်အောင် မောင်းနှင်လာသည့် KENBO 125 အမျိုးအစားအစိမ်းရောင်ဆိုင်ကယ်တို့ နံနက် ၆ နာရီ ၄၅ မိနစ်ခန့်တွင် ဇန်းမောက်-အင်းတော်သွား ကားလမ်းမပေါ် ဆင်ကန်ကျေးရွာလမ်းခွဲ နဂါးရုံဘုရားရှေ့ မိုင်တိုင်အမှတ် ၃၇ × ၃၈ ကြား ကားလမ်းမပေါ်တွင် မျက်နှာချင်းဆိုင်တိုက်မိရာမှ ဒဏ်ရာများရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါဖြစ်စဉ်နှင့်စပ်လျဉ်း၍ ထွန်းဝေနှင့် စန်းမြင့်အောင်တို့အား ဇန်းမော်မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

# မောင်တောမြို့နယ်၌ စိတ်ကြွဆေးပြား ၁၄၅၀၀၀ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၃၁**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ ယမန်နေ့ မွန်းလွဲ ၁၂ နာရီခွဲက စိတ်ကြွဆေးပြား ၉၇၅၀၀ နှင့် ညနေ ၆ နာရီခွဲတွင် စိတ်ကြွဆေးပြား ၄၇၅၀၀ စုစုပေါင်း စိတ်ကြွဆေးပြား ၁၄၅၀၀၀ ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မောင်တောခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ မေ ၃၀ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မောင်တောမြို့နယ် ဂုံနားကျေးရွာနေ မစီနာရ်(၃၄)နှစ် (ဘ)ဦးဒေါ်လူ၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွဆေးပြား ၉၇၅၀၀ ပြားအား သိမ်းဆည်းရမိခဲ့သည်။

၎င်းအား စစ်မေးရာ မူးယစ်ဆေးဝါးများအား မောင်တောမြို့နယ် လက်သာအောက်ကျေးရွာနေ အမျိုးသားတစ်ဦး (စိစစ်ဆဲ)က လာရောက်အပ်နှံထား



မစီနာရ်နှင့် နူရ်မာမက်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ခြင်းဖြစ်ကြောင်း ထွက်ဆိုသဖြင့် မစီနာရ်အား မောင်တောမြို့မရဲစခန်းက မူးယစ်(ပ)၂၃/၂၀၁၉၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

အလားတူ အမှတ်(၄)နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့ခွဲ၊ လှဘော်ဇားရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယင်းနေ့ ညနေ ၆ နာရီခွဲတွင် မောင်တောမြို့နယ် မောင်တော-လှဖိုးခေါင်ကားလမ်း လှဘော်ဇားရဲကင်းစခန်းရှေ့၌ မောင်တောမြို့နယ် (၂)ရပ်ကွက်နေ နူရ်မာမက် (ဘ)နူရ်ဟာကိန်း မောင်းနှင်လာသည့် ဆိုင်ကယ်အား စစ်ဆေးရန် တားဆီးစဉ် မောင်းနှင်ထွက်ပြေးသွား၍ လိုက်လံဖမ်းဆီးခဲ့ရာ ကျွဲတားပြင်ကျေးရွာပျက်အနီး ပုစွန်ကန်ဘေး၌ စိတ်ကြွဆေးပြား ၄၇၅၀၀ နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် နူရ်မာမက်အား ပြင်ဖြူနယ်မြေရဲစခန်းက မူးယစ်(ပ)၃၂/၂၀၁၉၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**




# ရှေ့နေနှင့် ရာထူးဂုဏ်ရှိန်

ဦးဟန်ညွန့် (ဥပဒေ)




**နိဒါန်း**

"ဆရာ"
"ဗျာ"
"ဒီတစ်ပတ်ဆောင်းပါးခေါင်းစဉ်က ဘာလဲဆရာ"
"ရှေ့နေနှင့် ရာထူးဂုဏ်ရှိန်ပါတဲ့"
"ဘာကို ဆိုလိုတာလဲဆရာ"
"ဖတ်ကြည့်ကြစို့"

**ရှေ့နေချုပ် အဘဦးအေးမောင်**

ရှေ့နေချုပ်(ငြိမ်း) အဘ ဦးအေးမောင် (သရေစည်သူ ဦးအေးမောင်) က ကျွန်တော့်အား စာအုပ်တစ်အုပ် လက်ဆောင်ပေးသည်။ စာအုပ်အမည်က 'အစိုးရ ၁၅ ဆက်အောက် အုပ်ချုပ်ရေးခရီးနှင့် ကျွန်တော်၏ဘဝ' ဖြစ်သည်။ ခိုင်ပြည့်စုံစာပေက ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် ပထမအကြိမ် ထုတ်ဝေခြင်းဖြစ်သည်။

**မာတိကာ**

အမှာစာ၊ နိဒါန်း၊ ကိုလိုနီအစိုးရကာလ၊ ဖက်ဆစ်ဂျပန်အစိုးရကာလ၊ အင်္ဂလိပ် BMA( Burma Military Administration) အစိုးရကာလ၊ Civil Affair Service ( Burma)(CAS) (B) အစိုးရကာလ၊ ဖဆပလအစိုးရကာလ၊ သန့်ရှင်းဖဆပလအစိုးရကာလ၊ အိမ်စောင့်အစိုးရကာလ၊ ပြည်ထောင်စုအစိုးရကာလ၊ တော်လှန်ရေးကောင်စီအစိုးရကာလ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဦးဆောင်သော ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် အစိုးရကာလ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (နဝတ) အစိုးရကာလ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (နယက) အစိုးရကာလတို့ ပါဝင်ဖွဲ့စည်းရေးသားထားသည်။

**အကြောင်းအရာများ**

အကြောင်းအရာများက လေးနက်သည်။ အစိုးရ ၁၅ ဆက်ရှိသည်ကိုပင် ယနေ့လူငယ်တို့ သိနိုင်စွမ်းနည်းသည်။ ပြီးတော့ 'အုပ်ချုပ်ရေးခရီး' ဟု အဘဦးအေးမောင်ကရေးသည်။ 'ကျွန်တော်၏ဘဝ' ဟူ၍ ဆိုပြန်သည်။ သရေစည်သူဘွဲ့ရ၊ နိုင်ငံတော်ရှေ့နေချုပ် (အငြိမ်းစား) တစ်ဦးအနေဖြင့် ဤစာအုပ်ကို ရေးခြင်းဖြစ်သည်။ ကျွန်တော်တို့ ဥပဒေအရာရှိဘဝတွင် ထိန်းကျောင်းသွန်သင်ခဲ့သော ကျေးဇူးရှင်ဆရာကြီးလည်းဖြစ်သည်။ ထို့ကြောင့် အဘဦးအေးမောင်၏ စာအုပ်ကိုဖတ်ပြီး ကျွန်တော့်အသိအမြင်ဗဟုသုတ (ရရှိခံစားမိသမျှ) မျှဝေရခြင်းဖြစ်ပါသည်။ ဆက်၍ရှုပါ။

**မမြဲသောသဘောတရား**

ဒုတိယကမ္ဘာစစ်အပြီး မြန်မာနိုင်ငံလွတ်လပ်ရေးရကာစ (၁၉၄၈၊ ၁၉၄၉) ပတ်ဝန်းကျင်ကို အဘဦးအေးမောင်က ပြန်လည်သတိရ လွမ်းဆွတ်ပြသည်။ အဘတို့ အတွေ့အကြုံခံစားရပုံတွေကို ပြန်ပြောသည်။ သောင်းကျန်းသူအန္တရာယ်ကို ထောက်ပြသည်။ လက်နက်ကိုင် ဆူပူသောင်းကျန်းမှုတွေကို သံဝေဂရသည်။ ထိုအနိဋ္ဌာရုံများကို သတင်းစာများက ရေးခဲ့ပုံကို 'တိုင်းပြည်က နုနု၊ မုန်တိုင်းက ထန်ထန်' ဟု ဖော်ညွှန်းရေးပြသည်။

**ခါးသီးသော ဖြစ်ရပ်မတွေ့ကြုံရအောင်**

နိုင်ငံတော်၌ ဖြစ်ပွားခဲ့သော အန္တရာယ်အမျိုးမျိုးကို နောင်လာနောက်သား မျိုးဆက်သစ်တို့အား မခံစားစေလို။ ခါးသီးသောဖြစ်ရပ်တွေ ထပ်မံမကြုံကြစေလို။ အေးအတူပူအမျှ ဥမကွဲသိုက်မပျက် စည်းလုံးညီညွတ်စေလို။ အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ဆီသို့ လျှောက်လှမ်းစေရန်ရည်ရွယ်၍ ဤစာအုပ်ကို အဘဦးအေးမောင်က ရေးခဲ့ခြင်းဖြစ်ပါသည်တဲ့။

**တစ်ဦးနှင့်တစ်ဦး အားပြိုင်မှု**

လူကိုပျက်စီးစေသည့် အာဏာများရရှိလာသည့်အခါ တစ်ဦးနှင့်တစ်ဦး အားပြိုင်မှုရှိလာတတ်သည့်အချက်ကို အဘဦးအေးမောင်က ထောက်ပြသတိပေးသည်။ ဥပမာ-သန့်ရှင်းဖဆပလနှင့် တည်မြဲဖဆပလ ကွဲခဲ့ကြပုံ။

အနိုင်ရသူက မည်မျှပင်အာဏာများကို ရရှိစေကာမူ ခေတ္တသာ ထွန်းတောက်ပြီး နောက်ပိုင်းတွင် ကွယ်ပျောက်သွားတတ်ပုံ၊ အကွဲအပြဲဇာတ်လမ်းများကြောင့် တိုင်းပြည်နှင့် ပြည်သူများ မည်မျှနစ်နာခဲ့ကြောင်း သတိပေးသည်။ သင်ခန်းစာပေးသည်။

လူ့သဘာဝအရ တိုက်ကြ၊ ခိုက်ကြ၊ အနိုင်ရကြပုံ၊ အနိုင်ရသူက ခေတ္တအသာစီးရပြီး နောက်ပိုင်း လူ့ဘဝဇာတ်ခုံပေါ်က ပျောက်ကွယ်သွားပုံ၊ သံဝေဂရပုံ၊ မမြဲသော သဘောတရားကို ဖော်ကျူးပုံများ အဘဦးအေးမောင်က ရေးထားသည်။

**တခဏမျှသာ**

တခဏမျှသာ ရာထူးဂုဏ်ရှိန် စည်းစိမ်ဥစ္စာတိုးတက်မြင့်မားလာကြသည့် လူအချို့သည် ရာထူးဂုဏ်၊ ပစ္စည်းဂုဏ်ကို မက်မော မောက်မာတတ်သည်။ ထိုသို့ ရရှိထားသည့် ရာထူးဂုဏ်၊ ပစ္စည်းဂုဏ်တို့မှာ အနန္တသူရိယအမတ်ကြီးရေးသားသကဲ့သို့ ခေတ္တယာယီမျှသာဖြစ်ကြောင်း နိုင်ငံတကာသမိုင်းကြောင်းများနှင့် မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းများတွင်လည်း တွေ့မြင်နိုင်သည်။ (စာ-၈) ဟု ရေးခဲ့သည်။

**ထက်မြက်သောခေါင်းဆောင်မှု**

(၁) ကိုယ့်မင်းကိုယ့်ချင်း ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် နေထိုင်ခဲ့ကြသော မြန်မာနိုင်ငံတော်။
(၂) ပထမမြန်မာနိုင်ငံတော်၊ ဒုတိယမြန်မာနိုင်ငံတော်၊ တတိယမြန်မာနိုင်ငံတော်ဟူ၍ သမိုင်းတွင်ခဲ့သော ကျွန်တော်တို့နိုင်ငံတော်။
(၃) မြန်မာနိုင်ငံသား တိုင်းရင်းသားအပေါင်း ခေါင်းဆောင်မှုဖြင့် ထက်မြက်သောခေါင်းဆောင်မှုရှိခဲ့သော နိုင်ငံတော်။ ညီညွတ်သောနိုင်ငံတော်။
(၄) သူတစ်လူ ငါတစ်မင်း အင်အားပြိုင်သည့်အချိန်၊ ဝါးအစည်းပြေသကဲ့သို့ ညီညွတ်မှုပျက်ပြားမျက်နှာငယ်ခဲ့ရသောအချိန်၊ အိမ်ကြက်ချင်း အိုးမဲသုတ်၊ အချင်းချင်းခွပ်၊ အဖြစ်ဆိုးကြုံခဲ့ရဖူးသော နိုင်ငံတော်။

ဤအခြေအနေ၊ ဤသမိုင်းစဉ်တွေကို မေ့၍မဖြစ်။ သမိုင်းသင်ခန်းစာယူစရာ။ မကောင်းသည်ကိုပယ်၊ ကောင်းသည်ကို အမွေပေး။

**အချက် (၄) ချက်**

(၁) အမျိုးသားရေးအမြင်မှန်မှန်ဖြင့် ဆောင်ထားအပ်သော ညီညွတ်ရေးစိတ်ဓာတ် (Spirit of Unity)
(၂) ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးတို့၏ သာယာဝပြောစွာ အေးအတူပူအမျှနေထိုင်လိုကြသည့် မျှော်မှန်းချက် (Aspirations)
(၃) မြန်မာတို့၏ အချုပ်အခြာအာဏာနှင့် ကိုယ့်ကြမ္မာကိုယ် ဖန်တီးခွင့်အတွက် သမိုင်းအစဉ်အဆက်မပျက်သော အစဉ်အလာဖြင့် ကိန်းအောင်းသယ်ဆောင်ခဲ့သော ( Historical Continuity ) စိတ်ဓာတ်အစဉ်အလာ
(၄) လောကပါလတရားများ ထွန်းကားရေးနှင့် ယှဉ်သော စံသဘောများ (Ideals) တို့ကို တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်ကြရန် အဘဦးအေးမောင် အကြံပြုသည်။

**ကျွန်တော့်ဆရာများ**

ကျွန်တော့်အနေနှင့် ဥပဒေအရာရှိ တာဝန်ထမ်းဆောင်စဉ်ကာလများကို ပြန်လည်လွမ်းဆွတ် တမ်းတမိသည်။ နိုင်ငံတော်ရှေ့နေချုပ်များနှင့် တွေ့ဆုံခဲ့ရသည့် အချိန်များကို ပြန်လည်သတိရမိသည်။ ယင်းတို့အနက် အဘဦးသာထွန်းအကြောင်း ကောက်နုတ်တင်ပြပါရစေ။

**ရှေ့နေချုပ် ဦးသာထွန်း**

၁၉၈၈ ခုနှစ် စက်တင်ဘာတွင် အဘရှေ့နေချုပ် ဦးသာထွန်းလက်ထက် ကြုံဆုံခဲ့သည်။ ထိုစဉ်က ကျွန်တော်သည် ရန်ကုန်တိုင်းဥပဒေရုံး၊ ဥပဒေဝန်ထမ်းအဆင့်(၁)၊ (ဒုတိယတိုင်းဥပဒေအရာရှိ) ဖြစ်သည်။ ထို့နောက် ဟင်္သာတခရိုင် ဥပဒေအရာရှိ (၁၉၈၉)၊ ဧရာဝတီတိုင်းဥပဒေအရာရှိ (၁၉၉၂-၁၉၉၇)၊ ရန်ကုန်တိုင်းဥပဒေအရာရှိ (၁၉၉၇-၂၀၀၃) ဖြစ်သည်။ အတွေ့အကြုံ၊ ဥပဒေပညာအမွေများ သင်ကြားပေးခဲ့သော ရှေ့နေချုပ်ဦးသာထွန်း၏ ကျေးဇူးကြောင့် အမှုရှုပ်ထွေးများပြားသော ရန်ကုန်တိုင်းကို ကောင်းစွာနိုင်နိုင်နင်းနင်း စီမံဆောင်ရွက်နိုင်ခဲ့သည်။ ရှေ့နေချုပ်ဆု (ပထမဆင့်) လက်ခံရရှိခဲ့သည်။

ရှေ့နေချုပ် အဘဦးသာထွန်းသည် အုပ်ချုပ်ရေး အတွေ့အကြုံကြွယ်ဝခြင်း၊ ဥပဒေပညာနှံ့စပ်ကျွမ်းကျင်ခြင်း၊ အငြိမ်းစားသံအမတ်ကြီးတစ်ဦးလည်းဖြစ်ခြင်း၊ ပေါင်းသင်းဆက်ဆံရေးအတတ်ပညာ နူးညံ့သိမ်မွေ့လွန်းခြင်းတို့ကြောင့် ဥပဒေလောကတွင် ထင်ရှားလှသည်။ ဥပဒေအရာရှိ တပည့်အပေါင်း၏ ချစ်ခင်လေးစားကြည်ညိုခြင်းခံရသော ရှေ့နေချုပ်ကြီးတစ်ဦး ဖြစ်ခဲ့ပေသည်။ ရာထူးဂုဏ်ရှိန်အပေါ် ဘဝင်မမြင့်ခဲ့သော ရှေ့နေချုပ် အဘဦးသာထွန်းအကြောင်း လူတိုင်းအသိပါ။ အခြားအခြားသော ရှေ့နေချုပ်ကြီးများ( ဥပဒေပါမောက္ခ ဦးလှအောင်အပါအဝင် ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌကြီးများအကြောင်း) သီးခြားရေးသားဂါရဝပြုပါမည်။ အဘဦးအေးမောင်ရေးသည့် စာအုပ်အကြောင်း ဆက်ပါရစေဦး။

**လူတစ်ယောက်၏ဘုန်းတန်ခိုး**

အဘဦးအေးမောင်ရေးသည့်စာအုပ်ထဲက ကျွန်တော်အကြိုက်နှစ်သက်ဆုံး စာစုမှာ -

"လူတစ်ယောက်၏ ဘုန်းတန်ခိုးဆိုသည်မှာ အလုပ်လုပ်ခြင်းပင်ဖြစ်ကြောင်း၊ ဆင်ခြေပေးသည့်ပါးစပ်ထမင်းငတ်တတ်ကြောင်း၊ မေ့ခြင်းဆိုသည်မှာ မလေးစား၍ဖြစ်ကြောင်း၊ ကြောက်ခြင်းဆိုသည်မှာ မိမိကိုယ်မိမိ မခိုင်လုံ၍ဖြစ်ကြောင်း၊ နှေးခြင်းသည် မလေးစား၍ဖြစ်ကြောင်း၊ သို့သော် နှေးခြင်းသည် အရေးမကြီး၊ ရပ်မနေရန်သာ အရေးကြီးကြောင်း၊ သူတစ်ပါးကို မနာလိုမဖြစ်သင့်ကြောင်း၊ အလုပ်လုပ်သူသည် နေရာရနိုင်ကြောင်း၊ စာရိတ္တကောင်းလျှင် နောက်ကြောင်းရှင်းနိုင်ကြောင်း၊ မလုပ်တတ်ကြောင်း များများပြောသူသည် ပို၍ပို၍ မလုပ်တတ်ကြောင်း၊ မိမိတို့ဘဝတွင် လိုသလိုမရနိုင်သော်လည်း မိမိတို့လုပ်နိုင်သလောက် ရနိုင်ကြောင်း၊ အထူးသတိထားရန်မှာ လူတစ်ဦး၏ အကျင့်စာရိတ္တသည် ထိုသူ၏ ကံကြမ္မာဖြစ်ကြောင်း ပညာရှိများက အဆိုအမိန့်များ ပြောကြားခဲ့ပါသည်။

အဆိုပါ အဆိုအမိန့်များကို မိမိတို့၏ဘဝလမ်းညွှန်သဖွယ် ရင်ဝယ်ပိုက်ကြ၊ လိုက်နာကြဖို့ဖြစ်ကြောင်း ဟူသော စာစုပါပဲ။

**အလုပ်လုပ်ခြင်း**

ကျွန်တော်တို့ အလုပ်လုပ်နေကြပါသည်။ အလုပ်တာဝန်အမျိုးမျိုး ဖြစ်ပါသည်။ ပုဂ္ဂလိကလုပ်ငန်း၊ အစိုးရလုပ်ငန်းဟူ၍ ခွဲခြားနိုင်ပါသည်။ နိုင်ငံ့ဝန်ထမ်းတာဝန်ကတော့ အဓိကအရေးကြီးလှပါသည်။ နိုင်ငံရေးတာဝန်ဟု ပြောနိုင်သော အဆောင်အယောင်၊ ရာထူးဂုဏ်ရှိန်ရှိသည့် တာဝန်များကို ထမ်းဆောင်ရလျှင် ပို၍ပို၍ တာဝန်ကြီးသည်ဟု ပြောရပါမည်။

အခွင့်ထူးခံ၍ မရသော၊ အခွင့်ထူးခံယူရန် မသင့်သော ရာထူးဂုဏ်ရှိန်ယူထားသော ပုဂ္ဂိုလ်အပေါင်းသည် နိုင်ငံအတွက်၊ ပြည်သူအတွက်၊ အများအတွက် တာဝန်ထမ်းနေကြသူများဖြစ်ကြောင်း၊ မမေ့အပ်ပါ။ အောက်ခြေမလွတ်သင့်ပါ။

ရှေ့နေချုပ် အဘဦးအေးမောင်ရေးသော စာအုပ်ထဲမှ ရာထူးဂုဏ်ရှိန်အကြောင်း ဖတ်ပြီး နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ မိန့်မှာချက်ကို အောက်ပါအတိုင်း ကောက်နုတ်သတိရမိပါသေးသည်။

**နိုင်ငံတော်သမ္မတကြီး ဦးဝင်းမြင့်၏ မိန့်မှာချက်**

"ချီးမြှင့်ငွေ၊ လစာ၊ အဆောင်အယောင်ပေါ်မှာ အဲဒီမှာသာယာပြီးတော့ အိပ်လိုက်၊ စားလိုက်၊ ကိုယ့်အလုပ်ကိုယ်မလုပ်။ ကြီးကြပ်ရမှာ မကြီးကြပ်၊ ကွပ်ကဲရမှာ မကွပ်ကဲ။ အဲဒီတော့ ပြုပြင် ပြောင်းလဲမှုလုပ်ချင်တာ။ အဲဒီအတိုင်း ဘယ်လိုပြုပြင်ပြောင်းလဲမှုလုပ်လို့ရမှာလဲ" ဟု နေပြည်တော်ကောင်စီနယ်မြေအတွင်း ဌာနဆိုင်ရာဝန်ထမ်းများနှင့်တွေ့ဆုံ၍ (၂၄-၅-၂၀၁၉) တွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က မိန့်မှာခဲ့ပါသည်။ ရာထူးဂုဏ်ရှိန်ယူထားသူတိုင်း သတိချပ်သင့်ပါသည်။ မိမိ၏ရာထူးဂုဏ်ရှိန်အပေါ် ဘဝမေ့၊ အောက်ခြေလွတ်၊ သာယာပြီး တာဝန်ထမ်းဆောင်မှု မကျေပွန်ခဲ့လျှင် တစ်ချိန်ချိန်တွင် နောင်တရပေလိမ့်မည်။ ပြည်သူက လက်ပိုက်ကြည့်နေမည်တော့ မဟုတ်ချေ။ သတိသံဝေဂရသင့်ပေသည်။

**နိဂုံး**

"ရွှေအိမ်နန်းနှင့်၊ ကြငှန်းလည်းခံ၊ မတ်ပေါင်းရံလျက် ပျော်စံရိပ်ငြိမ်၊ စည်းစိမ်မကွာ မင်းချမ်းသာကား သမုဒ္ဒရာ ရေမျက်နှာထက် ခဏတက်သည့် ရေပွက်ပမာ တစ်သက်လျာတည်း" ဟူသော အနန္တသူရိယအမတ်ကြီး၏ကဗျာဖြင့် ရာထူးဂုဏ်ရှိန်အကြောင်း သတိချပ်ကြပါစေကြောင်း။

# စာပေနှင့်အနုပညာ မူပိုင်ခွင့်ဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှ အဆက်**

၄၈။ စာပေနှင့် အနုပညာမူပိုင်ခွင့်မှတ်ပုံတင်ရန် လျှောက်ထားသူသည်-

(က) မှတ်ပုံတင်အရာရှိက မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက် မချမှတ်မီဖြစ်စေ၊ မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်အပေါ် အယူခံခြင်းနှင့်စပ်လျဉ်း၍ အေဂျင်စီက ဆုံးဖြတ်ချက်မချမှတ်မီ ဖြစ်စေ လျှောက်ထားချက် သို့မဟုတ် စာရွက်စာတမ်းအထောက် အထားတစ်ခုခုတွင်ပါရှိသည့် စာအရေးအသားအမှားနှင့် ပြင်ဆင်ခွင့်ပြုနိုင်သည့် အခြားမှားယွင်းမှုများကို ပြင်ဆင်လိုပါက သတ်မှတ်ထားသော အခကြေးငွေပေးသွင်းပြီး ပြင်ဆင်ပေးရန် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

(ခ) မှတ်ပုံတင်အရာရှိက မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်မချမှတ်မီဖြစ်စေ၊ မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်အပေါ် အယူခံခြင်းနှင့်စပ်လျဉ်း၍ အေဂျင်စီက ဆုံးဖြတ်ချက်မချမှတ်မီ ဖြစ်စေ စာပေ သို့မဟုတ် အနုပညာလက်ရာကို မှတ်ပုံတင်ပေးရန်လျှောက်ထားချက်ကို ရုပ်သိမ်းနိုင်သည်။

၄၉။ ပုဒ်မ ၄၇ အရ အကြောင်းကြားစာလက်ခံရရှိသော်လည်း လျှောက်ထားသူက အကြောင်းကြားစာလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း လိုအပ်ချက်များကို ဆောင်ရွက်တင်ပြခြင်းမရှိလျှင် စာပေ သို့မဟုတ်အနုပညာလက်ရာကို မှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို ရုပ်သိမ်းပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၅၀။ သတ်မှတ်ချက်နှင့် ညီညွတ်သော စာပေ သို့မဟုတ် အနုပညာလက်ရာကို မှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိသည်-

(က) ပုဒ်မ ၁၃၊ ၁၄၊ ၁၅၊ ၁၆ ပါအချက်များနှင့် ကိုက်ညီမှုရှိမရှိ စစ်ဆေးပြီးနောက် မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို စာပေနှင့် အနုပညာမူပိုင်ခွင့်မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ပြီး လျှောက်ထားသူထံ အကြောင်းကြားရမည့်အပြင် မှတ်ပုံတင်ရန်ခွင့်ပြုပါက သတ်မှတ်ထားသည့် နည်းလမ်းနှင့်အညီ ထုတ်ပြန် ကြေညာရမည်။

(ဂ) မှတ်ပုံတင်ရန်ခွင့်ပြုပါက စာပေနှင့်အနုပညာမူပိုင်ခွင့် မှတ်ပုံတင်လက်မှတ်ကို လျှောက်ထားသူအား ထုတ်ပေးရမည်။

၅၁။ (က) စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင်သည် ယင်း၏ မှတ်ပုံတင်လက်မှတ်မူရင်း ပျက်စီး သို့မဟုတ် ပျောက်ဆုံးပါက မိတ္တူမှန် ထုတ်ပေးရန် သတ်မှတ်ထားသော အခကြေးငွေပေးသွင်းပြီး မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

(ခ) မှတ်ပုံတင်အရာရှိသည် စိစစ်၍ စာပေနှင့်အနုပညာမူပိုင်ခွင့် မှတ်ပုံတင်လက်မှတ် မိတ္တူမှန်ကို ထုတ်ပေးရမည်။

၅၂။ စာပေနှင့် အနုပညာ မူပိုင်ခွင့်ပိုင်ရှင်သည် မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားသော စာအရေးအသားအမှားနှင့် ပြင်ဆင်ခွင့်ပြုနိုင်သည့် အခြားမှားယွင်းမှုကိုလည်းကောင်း၊ နိုင်ငံသားနှင့် နေရပ်လိပ်စာများကိုလည်းကောင်း ပြင်ဆင်ပေးရန် သတ်မှတ်ထားသည့် အခကြေးငွေ ပေးသွင်းပြီး မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၅၃။ ဆက်နွှယ်သည့်အခွင့်အရေးပိုင်ရှင်သည် ဆက်နွှယ်သည့် အခွင့်အရေး ရရှိကြောင်း ခိုင်လုံသော သက်သေအထောက်အထား ရရှိစေရန်အလို့ငှာ ဖျော်ဖြေတင်ဆက်မှုနှင့် ဖိုနိုဂရမ်တို့ကိုမှတ်ပုံတင်လိုပါက ဤအခန်းပါ မှတ်ပုံတင်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်နှင့်အညီ မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၅၄။ စာပေနှင့် အနုပညာဆိုင်ရာ မူပိုင်ခွင့်သည်လည်းကောင်း၊ ဖျော်ဖြေသူ၊ ဖိုနိုဂရမ်ထုတ်လုပ်သူနှင့် ထုတ်လွှင့်သည့် အဖွဲ့အစည်းများ၏ ဆက်နွှယ်သည့် အခွင့်အရေးများသည်လည်းကောင်း ဤဥပဒေအရ မှတ်ပုံတင်သည်ဖြစ်စေ၊ မတင်သည်ဖြစ်စေ ဤဥပဒေပါအခွင့်အရေးများကို ရရှိစေရမည်။

**အခန်း (၁၇)**

**စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ်**

**ဆက်နွှယ်သည့်အခွင့်အရေးများကို မှတ်ပုံတင်ခြင်းအားပယ်ဖျက်ခြင်း**

၅၅။ မှတ်ပုံတင်ထားသော စာပေနှင့် အနုပညာ မူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးနှင့်စပ်လျဉ်းသည့် အခွင့်အရေးတစ်ခုခုသည် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အများအကျိုးကိုထိခိုက်ကြောင်း တွေ့ရှိပါက သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် အဆိုပါ မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ရန် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၅၆။ မှတ်ပုံတင်အရာရှိသည် သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ လျှောက်ထားချက်အရ အောက်ပါအချက်တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်း တွေ့ရှိပါက စာပေနှင့် အနုပညာမူပိုင်ခွင့် မှတ်ပုံတင်ထားခြင်း သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးအား မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ရမည်-

(က) ပုဒ်မ ၁၆ ပါ အကာအကွယ်ပေးခြင်းမခံရသည့် စာပေ သို့မဟုတ် အနုပညာလက်ရာဖြစ်ကြောင်း ပေါ်ပေါက်လာခြင်း၊

(ခ) မူလလက်ရာရှင် သို့မဟုတ် စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးပိုင်ရှင်သည် မှတ်ပုံတင်ခွင့်ရထိုက်သူမဟုတ်ကြောင်း ပေါ်ပေါက်လာခြင်း၊

(ဂ) စာပေနှင့် အနုပညာမူပိုင်ခွင့်မှတ်ပုံတင်လက်မှတ် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေး မှတ်ပုံတင်လက်မှတ်ကို လိမ်လည်လှည့်ဖြား၍ဖြစ်စေ၊ မမှန်မကန်တင်ပြ၍ဖြစ်စေ၊ သတ်မှတ်ထားသော အရေးပါသည့် အချက်အလက်တစ်ရပ်ရပ်ကို ထိမ်ချန်၍ဖြစ်စေ ရယူထားကြောင်းပေါ်ပေါက်လာခြင်း၊

(ဃ) စာပေနှင့် အနုပညာမူပိုင်ခွင့်မှတ်ပုံတင် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးမှတ်ပုံတင်ပယ်ဖျက်ရန် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ မူပိုင်ခွင့်တရားရုံး၏ အပြီးသတ်ဆုံးဖြတ်ချက် သို့မဟုတ် စီရင်ချက်ကို လက်ခံရရှိခြင်း။

၅၇။ မှတ်ပုံတင်အရာရှိသည် စာပေနှင့် အနုပညာမူပိုင်ခွင့် မှတ်ပုံတင်စာရင်း သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေး မှတ်ပုံတင်စာရင်းမှပယ်ဖျက်ပြီးပါက အဆိုပါပယ်ဖျက်ခြင်းကို မှတ်တမ်းတင်၍ စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးပိုင်ရှင်ထံ အကြောင်းကြားပြီး သတ်မှတ်ထားသောနည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

**အခန်း (၁၈)**

**အယူခံခြင်း**

၅၈။ (က) မှတ်ပုံတင်အရာရှိက ဤဥပဒေအရ ချမှတ်သောဆုံးဖြတ်ချက် တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက်ကို ထုတ်ပြန်ကြေညာသည့်နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း အေဂျင်စီထံ အယူခံဝင်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ အယူခံမှုတွင် အေဂျင်စီသည် မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ပြောင်းလဲခြင်း သို့မဟုတ် သက်သေခံအထောက်အထားများ ထပ်မံရယူရန် ညွှန်ကြားခြင်းပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ သက်သေခံအထောက်အထား ထပ်မံရယူတင်ပြလာလျှင် အေဂျင်စီသည် မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ပြောင်းလဲခြင်းပြုနိုင်သည်။

၅၉။ အေဂျင်စီကချမှတ်သော ဆုံးဖြတ်ချက်ကိုမကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း ဤကိစ္စအလို့ငှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စီရင်ပိုင်ခွင့် အာဏာ အပ်နှင်းထားသည့် မူပိုင်ခွင့်တရားရုံးသို့ လျှောက်ထားနိုင်သည်။

**အခန်း (၁၉)**

**စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့်**

**အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့်အဖွဲ့အစည်းကို**

**ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ**

၆၀။ စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းကို ဖွဲ့စည်းလိုသူသည် -

(က) သတ်မှတ်ထားသည့် စာပေနှင့် အနုပညာမူပိုင်ခွင့်ကဏ္ဍအလိုက် စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းကို တည်ထောင်ခွင့်ပြုရန် အေဂျင်စီသို့ မိမိတို့ အဖွဲ့အစည်း၏ ဖွဲ့စည်းပုံ၊ စည်းမျဉ်းစည်းကမ်းနှင့်အတူ လျှောက်ထားရမည်။

(ခ) ပုဒ်မခွဲ (က) အရ စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းကို ဖွဲ့စည်းရေးအတွက် လျှောက်ထားရာတွင် စာပေနှင့် အနုပညာမူပိုင်ခွင့်ကဏ္ဍအလိုက် သက်ဆိုင်ရာ ကျွမ်းကျင်သော ပညာရှင်တို့ကို အဖွဲ့ဝင်အဖြစ်ပါဝင်လျက် ဖွဲ့စည်းနိုင်သည်။

၆၁။ အေဂျင်စီသည် -

(က) ပုဒ်မ ၆၀ အရ လျှောက်ထားချက်ကို စိစစ်ပြီး စည်းကမ်းချက်များသတ်မှတ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) သတ်မှတ်ထားသည့် စာပေနှင့် အနုပညာမူပိုင်ခွင့်ကဏ္ဍအလိုက် ဖွဲ့စည်းခွင့်ပြုထားသော စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ လမ်းညွှန်ခြင်း၊ လိုအပ်ပါက ညှိနှိုင်းပေါင်းစပ်ပေးခြင်းပြုနိုင်သည်။

၆၂။ စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့်အဖွဲ့အစည်းသည် သက်ဆိုင်ရာစာပေနှင့် အနုပညာ မူပိုင်ခွင့်ကဏ္ဍအလိုက် -

(က) စာပေနှင့် အနုပညာဆိုင်ရာ ဖန်တီးမှုများကို အားပေးမြှင့်တင်သည့် လုပ်ငန်းများကို ဆောင်ရွက်ရမည်။

(ခ) မူလလက်ရာရှင်နှင့် စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးပိုင်ရှင်တို့၏ အခွင့်အရေးများရရှိရေးအတွက်လည်းကောင်း၊ ယင်းအခွင့်အရေးများ ထိပါးချိုးဖောက်ခြင်းနှင့် စပ်လျဉ်း၍ အကာအကွယ်ပေးရေးအတွက်လည်းကောင်း စေ့စပ်ညှိနှိုင်းဖြေရှင်းပေးခြင်း ပြုနိုင်သည်။

(ဂ) မူလလက်ရာရှင်နှင့် စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးပိုင်ရှင်တို့က အပ်နှံသည့် စာပေ သို့မဟုတ် အနုပညာလက်ရာများ၊ ဖျော်ဖြေတင်ဆက်မှုများ၊ ဖိုနိုဂရမ်များကို လက်ခံခြင်းနှင့် အသုံးပြုသူများထံမှ သင့်တင့်မျှတသော အခကြေးငွေကောက်ခံပြီး ထိုသူတို့အား ပြန်လည်ခွဲဝေပေးခြင်းပြုနိုင်သည်။

(ဃ) လိုအပ်သောစာပေ သို့မဟုတ် အနုပညာလက်ရာများ၊ ဖျော်ဖြေတင်ဆက်မှုများ၊ ဖိုနိုဂရမ်များကို မပျောက်ပျက်စေရေးအတွက် မူလလက်ရာရှင်၊ စာပေနှင့် အနုပညာ မူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးပိုင်ရှင်၏ ဆန္ဒအရသော်လည်းကောင်း၊ ဝယ်ယူခြင်းဖြင့်သော်လည်းကောင်း စုဆောင်းခြင်းနှင့် ထိန်းသိမ်းခြင်းပြုနိုင်သည်။

(င) ပြည်ပရှိ စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့်ဆက်သွယ်၍ အကူအညီများရယူခြင်းနှင့် အကူအညီပေးခြင်းတို့ပြုနိုင်သည်။

(စ) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ သတ်မှတ်ထုတ်ပြန်ထားသော စည်းမျဉ်း၊ စည်းကမ်းများနှင့် အေဂျင်စီမှ သတ်မှတ်ထုတ်ပြန်ထားသော စည်းကမ်းချက်များ၊ ညွှန်ကြားချက်များကို လိုက်နာရမည်။

**အခန်း(၂၀)**

**မူပိုင်ခွင့်တရားရုံးတည်ထောင်ခြင်း**

၆၃။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် -

(က) မူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ တရားစွဲဆိုမှုများကို စစ်ဆေးစီရင်ရန် သင့်လျော်သော နယ်မြေဒေသတွင် မူပိုင်ခွင့်တရားရုံးများ တည်ထောင်၍ တရားသူကြီးများကို ခန့်ထားနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခန့်ထားသည့် တရားသူကြီးများအား မူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များကိုစစ်ဆေးစီရင်နိုင်ရန် စီရင်ပိုင်ခွင့် အာဏာနှင့် လုပ်ပိုင်ခွင့်များကို အပ်နှင်းနိုင်သည်။

(ဂ) ပုဒ်မခွဲ (က) အရ မူပိုင်ခွင့်တရားရုံးများကို တည်ထောင်ခြင်းမပြုမီ မူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များကို စစ်ဆေးစီရင်ရန် သင့်လျော်သော တရားရုံးအား မူပိုင်ခွင့်တရားရုံးများ၏ စီရင်ပိုင်ခွင့် အာဏာနှင့် လုပ်ပိုင်ခွင့်များကို အပ်နှင်းနိုင်သည်။

(ဃ) မူပိုင်ခွင့်တရားရုံးများက ချမှတ်သောစီရင်ချက်၊ အမိန့်နှင့် ဆုံးဖြတ်ချက်များအပေါ် အယူခံမှု၊ ပြင်ဆင်မှုများကို စီရင်ပိုင်ခွင့်ရှိသည့် မူပိုင်ခွင့်တရားရုံးများ၏ စီရင်ပိုင်ခွင့် အာဏာနှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။

(င) ပုဒ်မ ၅၉ အရ လျှောက်ထားချက်များကို စစ်ဆေးစီရင်ရန် သင့်လျော်သည့် မူပိုင်ခွင့်တရားရုံးသို့ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များ အပ်နှင်းရမည်။

**အခန်း (၂၁)**

**စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့်**

**အခွင့်အရေးကို အကောက်ခွန်ဦးစီးဌာနက အကာအကွယ်ပေးခြင်း**

၆၄။ အခွင့်အရေးရရှိသူသည် စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေး ချိုးဖောက်ထားသည်ဟု စွပ်စွဲခံရသောပစ္စည်းကို နိုင်ငံတော်နယ်နိမိတ်အတွင်းသို့ တင်သွင်းထားကြောင်း သို့မဟုတ် တင်သွင်းလျက်ရှိကြောင်း သို့မဟုတ် တင်သွင်းရန်ရှိကြောင်း သံသယဖြစ်ဖွယ်ရာ အထောက်အထားရှိပါက အဆိုပါပစ္စည်းများ ကုန်သွယ်မှုလမ်းကြောင်း အတွင်းသို့ လွတ်လပ်စွာဝင်ရောက်ခွင့်ပြုခြင်းကို ဆိုင်းငံ့မိန့်ထုတ်ပေးရန် သတ်မှတ်ချက်နှင့်အညီ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ လျှောက်ထားနိုင်သည်။

၆၅။ (က) အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် -

(၁) ပုဒ်မ ၆၄ အရ လျှောက်ထားချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ယင်းလျှောက်လွှာကို လက်ခံကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း လျှောက်ထားသူထံ အကြောင်းကြားရမည်။

**(ဆက်လက်ဖော်ပြပါမည်)**

## ချင်းပြည်နယ် ကျောင်းအပ်နှံရေးနေ့အခမ်းအနား ဟားခါး၌ ကျင်းပ

**ဟားခါး မေ ၃၁**

၂၀၁၉-၂၀၂၀ ပညာသင်နှစ် ချင်းပြည်နယ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၃၁ နံနက် ၉ နာရီက ဟားခါးမြို့အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဗိုလ်တိုက်ချွန်းခန်းမ၌ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က ကျောင်းနေအရွယ် ကလေးတိုင်း သင်ယူမှုအခွင့်အလမ်းများ ပိုမိုရရှိစေရန် အတွက် ပညာသင်ထောက်ပံ့ကြေး၊ ပညာသင်ဆုများကိုလည်း ချီးမြှင့်ပေးလျက်ရှိပြီး ကျောင်းသား ကျောင်းသူများအတွက် သူငယ်တန်းမှ ဒသမတန်းအထိ ကျောင်းသုံးပုံနှိပ် စာအုပ်တစ်စုံနှုန်းနှင့် ပထမတန်းမှ စတုတ္ထတန်းအထိ ဗလာစာအုပ် တစ်ဦးလျှင် တစ်ဒါဇင်နှုန်း ထောက်ပံ့ပေးလျက်ရှိကြောင်း၊ ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းအပ်နှံရေးနှင့် ကျောင်းနေမြဲရေးအတွက် ပညာရေးဝန်ထမ်းများသာမက ဒေသအာဏာပိုင်များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် ကျောင်းသားမိဘများပူးပေါင်း၍ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း ပြောကြားသည်။



ပြည်နယ်ပညာရေးမှူး ဒေါ်နှင်းကြည်က ၂၀၁၉-၂၀၂၀ ပညာသင်နှစ် သင်ကြားရေးနှင့် ပတ်သက်၍ စနစ်သစ်ပညာရေး အကြောင်းများ၊ ကျောင်းအပ်နှံရေးနေ့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌတို့က ကျောင်းသုံး စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြရာ ပြည်နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

ယင်းနောက် ကျောင်းအပ်နှံရေးနေ့ မှန်ဦးဖွင့်ပွဲကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင့်ထန်နှင့် ပြည်နယ်ပညာရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များက ကျောင်းအပ်နှံမှု အခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ကွန်ပျူတာတက္ကသိုလ်(လွိုင်ကော်)မှ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကယားပြည်နယ်ဝန်ကြီးချုပ် တွေ့ဆုံ

**လွိုင်ကော် မေ ၃၁**

ကယားပြည်နယ်ဝန်ကြီးချုပ်နှင့် ကွန်ပျူတာတက္ကသိုလ် (လွိုင်ကော်)မှ ဆရာ ဆရာမများနှင့်တွေ့ဆုံပွဲကိုမေ ၃၀ ရက်နံနက် ၉ နာရီခွဲက ကွန်ပျူတာတက္ကသိုလ်(လွိုင်ကော်)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ပြည်နယ်မှ ဆောင်ရွက်ပေးနိုင်သည်ကို ဆောင်ရွက်ပေးမည်ဖြစ်ပြီး ပြည်ထောင်စုနှင့် ချိတ်ဆက်ဆောင်ရွက်ရန် ရှိသည်ကို ချိတ်ဆက်ပေးသွားမည်ဖြစ်ကြောင်း၊ တင်ပြရန်ရှိသည်ကို မတင်ပြဘဲ နေမည်ဆိုပါက လုပ်ငန်းဆောင်ရွက်ရာတွင် အခက်အခဲများ ရှိနိုင်မည်ဖြစ်ကြောင်း၊ တင်ပြခွင့် ပူးပေါင်းခွင့်ပေးမှသာလျှင် ပိုမိုအောင်မြင်မည်ဖြစ်ကြောင်း၊ သို့မှသာ မြေပြင်အခြေအနေမှန်ကိုသိရှိပြီး ပြုပြင်ဆောင်ရွက်ပေးရန်ရှိသည်ကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ မိမိအနေနှင့် ဆောင်ရွက်ပေးနိုင်သည်ကို ကြိုးပမ်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကွန်ပျူတာတက္ကသိုလ် (လွိုင်ကော်) ကျောင်းအုပ်ကြီးဒေါက်တာအောင်မြင့်အေးက ကွန်ပျူတာတက္ကသိုလ်၏ လုပ်ငန်းတာဝန်များ၊ ဖွဲ့စည်းပုံနှင့် သင်ကြားရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များ၊ ဆောင်ရွက်ပြီးစီးခဲ့သည့် လုပ်ငန်းများ၊ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကဏ္ဍအလိုက် ကြိုးပမ်းဖော်ဆောင်ပေးမည့် အခြေအနေများကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပြီး ကွန်ပျူတာတက္ကသိုလ် (လွိုင်ကော်)တွင် အဆောင်နေ ကျောင်းသား ကျောင်းသူများအတွက် လိုအပ်သည့် ပရိဘောဂပစ္စည်းများ ဝယ်ယူဖြည့်ဆည်းပေးနိုင်ရန် ရန်ပုံငွေကျပ် ၁၂ ဒသမ ၂၀၀ သန်းနှင့် ပါမောက္ခရာထူးအဆင့် ဆရာ ဆရာမများအသုံးပြုရန်အတွက် မော်တော်ယာဉ် တစ်စီးအား ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကွန်ပျူတာတက္ကသိုလ် (လွိုင်ကော်)တွင် တည်ဆောက်လျက်ရှိသည့် ကျောင်းသား ကျောင်းသူ အိပ်ဆောင်နှစ်ဆောင် ဆောက်လုပ်နေမှု အခြေအနေကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။ **လွိုင်ကော်သား**



## ရှမ်းပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းစည်းဝေး

**တောင်ကြီး မေ ၃၁**

ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုများ၏ အကျိုးဆက်ဖြစ်သည့် ဘေးအန္တရာယ်ဖြစ်ပွားမှုဖြစ်စဉ်များတွင် ရှမ်းပြည်နယ်အပါအဝင် ကမ္ဘာ့နေရာဒေသအသီးသီး၌ သိသိသာသာ တွေ့ကြုံရင်ဆိုင်နေရသောကြောင့် ရှမ်းပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏(၁/၂၀၁၉) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၃၁ ရက် နံနက် ၉ နာရီခွဲက တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှမ်းပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က နွေရာသီကာလတွင် စိမ့်စမ်းရေထွက်များ ခန်းခြောက်လာမှုနှင့် မြေအောက်ရေ ခန်းခြောက်လာမှု၊ ရာသီဥတုပူပြင်းမှုများကြောင့် ရေရှားပါးမှု ကြုံတွေ့နေရသည့် ဒေသများပိုမိုကျယ်ပြန့်လာသလို အပူချိန်လွန်ကဲမှု၏ အကျိုးဆက်ကြောင့် လေပြင်းတိုက်ခတ်မှု ဖြစ်စဉ်များလည်း ပိုမိုများပြားလာသည်ကိုတွေ့ရမည်ဖြစ်ကြောင်း၊ ဖွဲ့စည်းထားရှိပြီးဖြစ်သော ပြည်နယ်အဆင့်မှ မြို့နယ်အဆင့်၊ ရပ်ကွက်၊ ကျေးရွာများအဆင့်ထိ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အဖွဲ့များအလိုက် ကြိုတင်ကာကွယ်ရေးမှ ရင်ဆိုင်တုံ့ပြန်ဆောင်ရွက်ရေးအထိ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ် အဆင့်ဆင့်ကို စနစ်တကျစီမံခန့်ခွဲဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစိုးနိုင်က ရှမ်းပြည်နယ်အတွင်း ဘေးအန္တရာယ်ဖြစ်ပွားမှုနှင့် သဘာဝဘေးစီမံခန့်ခွဲမှု လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ပြည်နယ်မီးသတ်ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင်မင်းက ရှမ်းပြည်နယ်အတွင်း ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် မီးဘေးကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ၊ ပြည်နယ်မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူးဦးကိုချို က ရှမ်းပြည်နယ်အတွင်း မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ တိုင်းတာရရှိမှုအခြေအနေများ၊ ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါ်စိန်မမက ရာသီဥတု ပြောင်းလဲလာမှု အခြေအနေများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆောင်ရွက်ထားမှုအခြေအနေများကို တင်ပြခဲ့ကြသည်။ **မောင်မောင်သန်း(တောင်ကြီး)**

## ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေသခံပြည်သူလူထုနှင့်တွေ့ဆုံ

**ကျိုက်လတ် မေ ၃၁**

ဒေသခံပြည်သူများ၏ ကြုံတွေ့ရသည့်အခက်အခဲများ ဖြေရှင်းပေးနိုင်ရေးနှင့် လိုလားချက်များ ဖြေရှင်းပေးနိုင်ရန် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများက ကျိုက်လတ်မြို့နယ် ရုံးဒေါင့်ကျေးရွာရှိ သီရိမင်္ဂလာတိုက်သစ် ဘုန်းတော်ကြီးကျောင်းတွင် မေ ၃၁ ရက် မွန်းတည့် ၁၂ နာရီက ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသခံပြည်သူတို့၏ လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်း၊ အစိုးရတစ်ရပ်အောင်မြင်ရန် ပြည်သူများပူးပေါင်းပါဝင်မှုသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ပြည်သူများ၏ အကျိုးဖြစ်ထွန်းဖွယ်ရာများအား လွှတ်တော်အသီးသီးမှ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။ ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး နယ်စပ်ရေးရာနှင့် လုံခြုံရေးဝန်ကြီး ဗိုလ်မှူးကြီးကျော်စွာလှိုင်က လုံခြုံရေးဆိုင်ရာများ ပြောကြားသည်။

တက်ရောက်လာသူများ၏ တင်ပြဆွေးနွေးမှုအပေါ် သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**

## အသက်မွေးပညာသင်တန်းကျောင်း ဖွင့်လှစ်ရန်ဆောင်ရွက်မှုကြိုဆို

**ပဲခူး မေ ၃၁**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတော်ဝင်ဟံသာခန်းမ၌ မေ ၂၉ ရက် မွန်းလွဲ ၂ နာရီက ပဲခူးတိုင်းဒေသကြီး စက်ရုံ၊ အလုပ်ရုံများတည်ထောင်ရေး လုပ်ငန်းကြီးကြပ်မှုကော်မတီနှင့် Nay Pyi Taw Capacity Development Co., Ltd (နေပြည်တော်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်) တို့မြေငှားစာချုပ်ချုပ်ဆိုပွဲအခမ်းအနား ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး စက်ရုံ၊ အလုပ်ရုံများ တည်ထောင်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက စီးပွားရေးဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများတွင် လူ့စွမ်းအားအရင်းအမြစ်ကို ပိုမိုတိုးတက်မြင့်မားစေရန် ဦးစားပေးဆောင်ရွက်ခဲ့ကြကြောင်း၊ သို့မှသာ နိုင်ငံတကာနည်းတူ လုပ်သားတိုင်း ထိုက်တန်သည့် လုပ်ခငွေကြေး ရရှိနိုင်မည်ဖြစ်ကြောင်း၊ နေပြည်တော် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်အနေဖြင့် တိုင်းပြည်အတွက် အမှန်တကယ်လိုအပ်နေသော အသက်မွေးပညာသင်တန်းကျောင်း ဖွင့်လှစ်ရန် ဆောင်ရွက်မှုကိုလည်း ကြိုဆိုပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်များ၊ နေပြည်တော်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက်မှ CEO ဦးကောင်းမြတ်လင်းတို့က မြေငှားစာချုပ်အား လက်မှတ်ရေးထိုးခဲ့ကြသည်။

နေပြည်တော် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက်သည် ပဲခူးတိုင်းဒေသကြီး စက်ရုံ၊ အလုပ်ရုံများ တည်ထောင်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီထံမှ နှစ်ရှည်ငှားရမ်း၍ အသက်မွေးပညာ သင်တန်းများ၊ လုပ်ငန်းများ၊ ဝန်ဆောင်မှုများ စုပေါင်းထားသော ရပ်ဝန်းဖွံ့ဖြိုးရေးစီမံကိန်းအဖြစ် ဆောင်ရွက်သွားမည်ဖြစ်သည်။

**တင်စိုး(ပဲခူး)**



နေပြည်တော် လယ်ဝေးမြို့နယ် အေလာနယ်မြေရဲစခန်းမှ ဒုရဲအုပ်သက်အောင်သည် မေ ၂၇ ရက် နံနက် ၁၀ နာရီခွဲက ကြောင်ရေအုပ်စု သပြေတန်း ရွာဦးဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ လူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ သက်ငယ်မုဒိမ်းမှု မဖြစ်ပွားရေးအတွက် အသိပညာပေးဟောပြောစဉ်။

မင်းမင်းလတ်(ရုပ်ဗေဒ)

## သတင်းလမ်းညွှန်

သန်းဇော်မင်း (ပြန်/ဆက်) စုစည်းတင်ပြသည်

### ကမ္ဘာ့ခြေခွင်ကလေးများနေ့ အထိမ်းအမှတ်ကျင်းပမည်

ကမ္ဘာ့ခြေခွင်ကလေးများနေ့အထိမ်းအမှတ်အခမ်းအနားကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၆၂ လမ်းပေါ်ရှိ ခုတင် ၅၀၀ အရိုးရောဂါအထူးကုဆေးရုံကြီး ခြေခွင်ကလေးဌာန၌ ဇွန် ၃ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်သည်။

### မန္တလေးတွင် ကုန်စည်နှင့် ကား ပြပွဲကျင်းပမည်

ကုန်စည်နှင့် ကား ပြပွဲကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၆ လမ်း နှင့် ၇၁ လမ်းထောင့်ရှိ မြို့တော်ခန်းမတွင် ဇွန် ၇ ရက်မှ ၁၀ ရက်အထိ နေ့စဉ် နံနက် ၉ နာရီ မှ ည ၉ နာရီထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### နိုင်ငံတကာပညာရေးပြပွဲနှင့် ဆွေးနွေးပွဲ ကျင်းပမည်

နိုင်ငံတကာပညာရေးပြပွဲနှင့် ပညာရေးဆွေးနွေးပွဲကို မန္တလေးမြို့ ၂၆ လမ်းပေါ် ရှိ Mandalay Swan Hotel တွင် ဇွန် ၈ ရက် နံနက် ၉ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### စားသောက်ကုန်ဈေးရောင်းပွဲတော် ကျင်းပမည်

စားသောက်ကုန်ဈေးရောင်းပွဲတော်ကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် Mandalay New Ocean ၌ ဇွန် ၂၉ ရက် နံနက် ၉ နာရီတွင် ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါ ဈေးရောင်းပွဲတော်ကို ဇွန် ၂၉ ရက်မှ ၃၀ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### ESSM Mandalay Batch သင်တန်းဖွင့်လှစ်မည်

Essential Skills of Sales and Marking (ESSM) Mandalay Batch သင်တန်းကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၇၃ လမ်းနှင့် ၄ရွှေဝါလမ်းထောင့်ရှိ Royal Mingalar Hotel ၌ ဇွန် ၂၉ ရက် နံနက် ၉ နာရီတွင် ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါ သင်တန်းကို ဇွန် ၂၉ ရက်မှ ၃၀ ရက်ထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

### အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် ပြေးခုန်ပစ် စံချိန်ယူ ပဏာမလူရွေးချယ်ပြိုင်ပွဲ ကျင်းပမည်

မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်မှကြီးမှူး၍ (၃၀)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ(ဖိလစ်ပိုင်)အတွက် ပြေးခုန်ပစ်စံချိန်ယူ ပဏာမလူရွေးချယ်ပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ဝင်း၌ ဇွန် ၇၊ ၈၊ ၁၂၊ ၁၄၊ ၁၅၊ ၁၉ ရက်တို့တွင်လည်းကောင်း၊ မာရသွန်ပြိုင်ပွဲကို ဇူလိုင် ၂၁ ရက်တွင်လည်းကောင်း ကျင်းပမည်ဖြစ်ရာ ပါဝင်ယှဉ်ပြိုင်လိုသည့် အားကစားသမားများသည် ဇွန် ၃ ရက်နောက်ဆုံးထား၍ ဖုန်း- ၀၉၅၀၂၆၃၂၄၊ ၀၉၇၇၁၅၅၅၅၆၉၊ ၀၉၇၈၁၄၂၂၅၀၆၊ E.mail.myanmar-athleticsfederation@gmail.com သို့ဆက်သွယ်ကြရန် ဖိတ်ခေါ်ထားသည်။

**အောင်သူရ**

## ဟာဇက်၏နေရာတွင်အစားထိုးရန် ကော်တင်ဟိုအား ချယ်လ်ဆီးစိတ်ဝင်စားနေ



ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်းသည် ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားရန် ဆန္ဒရှိနေသည့် တိုက်စစ်မှူး ဟာဇက်၏နေရာတွင် အစားထိုးရန်အတွက် ကော်တင်ဟိုအား ခေါ်ယူရန် ဆန္ဒရှိနေကြောင်း သိရသည်။

ဘရာဇီးကြယ်ပွင့် ကော်တင်ဟို အနေဖြင့် လီဗာပူးအသင်းမှ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကစားရန် စီစဉ်ခဲ့စဉ်ကတည်းက ချယ်လ်ဆီးအသင်းအနေဖြင့် ခေါ်ယူရန်စိတ်ဝင်စားနေခြင်းဖြစ်သော်လည်း လွန်ခဲ့သည့် ၁၈ လတာကာလအတွင်းက ပြောင်းရွှေ့ကြေး ပေါင် ၁၄၂ သန်းဖြင့် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ဘာစီလိုနာအသင်းက ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ရလဒ်ပိုင်း ထင်တိုင်းမပေါက်ခဲ့ခြင်းကြောင့် အသင်းအတွက် အားထားရမည့် ကစားသမားအများစုဖြင့် ဖြည့်တင်းသွားရန်ရှိနေပြီး ကော်တင်ဟိုအနေဖြင့်လည်း ဘာစီလိုနာအသင်းမှ ထွက်ခွာရန်ရှိနေကြောင်း သိရသည်။

ရီးယဲလ်မက်ဒရစ်အသင်းအနေဖြင့် အသက် ၂၈ နှစ်အရွယ်ရှိ ဘယ်လ်ဂျီယံကြယ်ပွင့် ဟာဇက်အား ခေါ်ယူရန်အတွက် ပြောင်းရွှေ့ကြေး ပေါင် ၁၀၆ သန်းအထိပေး၍ ခေါ်ယူရန်ပြင်ဆင်လျက်ရှိကြောင်းလည်း သိရသည်။

သို့ရာတွင် ရီးယဲလ်မက်ဒရစ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသော်လည်း လက်ရှိအချိန်အထိ သဘောတူညီမှုမရရှိသေးကြောင်းလည်း သိရသည်။

## ချယ်လ်ဆီးအသင်း နည်းပြဟောင်း ကွန်တီအား အင်တာမီလန်အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်

အီတလီစီးရီးအေကလပ် အင်တာမီလန်အသင်းသည် နည်းပြစပယ်လက်တီအား အသင်းနည်းပြအဖြစ်မှ ထုတ်ပယ်ခဲ့ပြီးနောက် ချယ်လ်ဆီးအသင်းနည်းပြဟောင်း ကွန်တီအား အသင်းနည်းပြအဖြစ်ခန့်အပ်ခဲ့ကြောင်း သိရသည်။

အသက် ၄၉ နှစ်အရွယ်ရှိ နည်းပြကွန်တီသည် ပြီးခဲ့သည့်ဘောလုံးရာသီက ချယ်လ်ဆီးအသင်းနှင့် နည်းပြဘဝအဆုံးသတ်ခဲ့ပြီးနောက် နည်းပြဘဝသို့ ပြန်လည်တာဝန်ထမ်းဆောင်ခွင့်ရရှိခဲ့ခြင်းလည်းဖြစ်သည်။

နည်းပြကွန်တီသည် ချယ်လ်ဆီးအသင်းတွင် နှစ်နှစ်ကြာတာဝန်ယူကိုင်တွယ်ခဲ့သူဖြစ်ပြီး ကွန်တီသည် ပရီမီယာလိဂ်ဖလားတစ်ကြိမ်၊ အက်ဖ်အေဖလားတစ်ကြိမ်တို့ကို ရယူဆွတ်ခူးနိုင်ခဲ့ကြောင်းလည်း သိရသည်။

နည်းပြစပယ်လက်တီလက်ထက်တွင် အင်တာမီလန်အသင်းသည် အီတလီစီးရီးအေတွင် အဆင့် လေးနေရာတွင် ရပ်တည်ခဲ့ပြီး ချန်ပီယံလိဂ်ဝင်ခွင့်ရရှိခဲ့ကြောင်းလည်း သိရသည်။

လက်ရှိတွင် အင်တာမီလန်အသင်းက ချယ်လ်ဆီးအသင်းနည်းပြဟောင်း ကွန်တီအား နည်းပြအဖြစ်ခန့်အပ်ခဲ့ပြီးနောက် ကွန်တီမှာ အကောင်းဆုံးနည်းပြများအနက် တစ်ဦးအပါအဝင်ဖြစ်ကြောင်း အင်တာမီလန်အသင်းဥက္ကဋ္ဌက ပြောကြားခဲ့သည်။

**ငွေကြယ် - ရေးသားသည်**

## အနုပညာ

### Miss Universe Myanmar ဆုကို ဘားအံကိုယ်စားပြုအလှမယ် ဆွေဇင်ထက် ရရှိ



**ရန်ကုန် မေ ၃၁**

၂၀၁၉ ခုနှစ် Miss Universe Myanmar အလှမယ်ရွေးချယ်ပွဲကြီးကို ယနေ့ညနေ ၆ နာရီက ရန်ကုန်မြို့ Novotel Hotel ၌ ကျင်းပခဲ့ရာ Miss Universe Myanmar Winner ဆုကို ဘားအံကိုယ်စားပြုအလှမယ် ဆွေဇင်ထက်က ရရှိပိုင်ဆိုင်နိုင်ခဲ့ပြီဖြစ်သည်။

အလှမယ် ဆွေဇင်ထက်သည် ကမ္ဘာတစ်ဝန်းမှ အလှမယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်မည့် (၆၈)ကြိမ်မြောက် မယ်စကြာဝဠာပြိုင်ပွဲကြီးသို့ နိုင်ငံကိုယ်စားပြု အလှမယ်တစ်ဦးအဖြစ် သွားရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ပြီ ဖြစ်သည်။

ယင်းနှင့်အတူ 1st Runner ဆုကို မြိတ်ကိုယ်စားပြုအလှမယ် မွေးသက်က လည်းကောင်း၊ 2nd Runner ဆုကို မန္တလေးကိုယ်စားပြုအလှမယ် ထက်သီရိဇော်က လည်းကောင်း၊ 3rd Runner ဆုကို မင်းဘူးကိုယ်စားပြုအလှမယ် ထွန်းပုလဲရတနာက လည်းကောင်း၊ 4th Runner ဆုကို ပုသိမ်ကိုယ်စားပြုအလှမယ် ဆုဆုစန္ဒီက လည်းကောင်း အသီးသီးရရှိခဲ့သည်။

**သတင်း- ခင်ဇာလီ၊ ဓာတ်ပုံ- အေးမင်းသူ**



### "Britain’s Got Talent" မှာ ပါဝင်ဖျော်ဖြေခဲ့တဲ့ BTS

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသား တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BTS"ဟာ လတ်တလောမှာတော့ ဗြိတိန်ရဲ့ အောင်မြင်တဲ့ ရုပ်သံအစီအစဉ်တစ်ခုဖြစ်တဲ့ " Britain’s Got Talent" မှာ ပါဝင်ဖျော်ဖြေပေးခဲ့တာဖြစ်ကြောင်း ကိုရီးယားဘိုးဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

"BTS" ဟာ "Britain’s Got Talent" ရဲ့ ဆီမီးဖိုင်နယ်ပွဲစဉ်မှာ ပါဝင်ဖျော်ဖြေခဲ့တာပါ။ မေ ၃၁ ရက်မှာ ပါဝင်ဖျော်ဖြေခဲ့တာဖြစ်ပြီး အဖွဲ့ရဲ့ အောင်မြင်တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "Boy With Luv"နဲ့ သီဆိုဖျော်ဖြေခဲ့တာ ဖြစ်တယ်လို့လည်း သိရပါတယ်။

**အေးပြည့်- စုစည်းသည်**

### တေးအယ်လ်ဘမ်သစ်နဲ့ တေးဂီတဇယားတွေကို ဦးဆောင်နေတဲ့ လီဟီ



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ တေးသံရှင်တစ်ဦးဖြစ်သူ လီဟီရဲ့ မီနီတေးအယ်လ်ဘမ်သစ်ကို လတ်တလောမှာ စတင်ထုတ်လွှင့်ပေးခဲ့ကြောင်း အောကေပေ့ါပ်ဒေါ့ကွန်းက ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။ လီဟီဟာ အဆိုပါတေးအယ်လ်ဘမ်နဲ့ ဒေသတွင်း တေးဂီတဇယားတွေမှာ ဦးဆောင်နေတာဖြစ်တယ်လို့လည်း သိရပါတယ်။

လီဟီရဲ့ တေးအယ်လ်ဘမ်သစ်ကတော့ "24ºC" လို့ အမည်ရပြီး ဒီတေးအယ်လ်ဘမ်သစ်နဲ့အတူ "No One" လို့အမည်ရတဲ့ တေးဗီဒီယိုကို မေ ၃၀ ရက်မှာ စတင်ထုတ်လွှင့်ခဲ့ပါတယ်။ ဒီတေးသီချင်းသစ်တွေ ထုတ်လွှင့်မှုဟာ ပြီးခဲ့တဲ့ သုံးနှစ်တာကာလအတွင်း ပထမဆုံးထုတ်လွှင့်မှုလည်းဖြစ်ပြီး လီဟီအနေနဲ့လည်း အောင်မြင်မှုတွေ ပြန်လည်ရရှိလာတာ ဖြစ်ပါတယ်။

ဒီလိုအောင်မြင်မှုတွေ ပြန်လည်ရရှိတာနဲ့ ပတ်သက်ပြီး လီဟီက သူ့ရဲ့ပရိသတ်တွေကို ကျေးဇူးတင်ကြောင်း သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

# STI MYANMAR UNIVERSITY

MAKE THE RIGHT CHOICE

ကျွန်တော်တို့ရဲ့ ရွေးချယ်မှု

STI MYANMAR UNIVERSITY



ကမ္ဘာ့ထိပ်တန်း Engineering ဝုဏ်ထူးတန်းတွေကို ရွေးချယ်နိုင်တဲ့ အခွင့်အလမ်းတွေ STI MYANMAR UNIVERSITY မှာရှိနေတဲ့အချိန်မှာရိုးရိုးသာမန်တွေကိုဘာလို့ရွေးချယ်နေမှာလဲ ခင်ဗျာ?

**ကမ္ဘာ့ထိပ်တန်း အင်ဂျင်နီယာဘွဲ့များ**

**BEng (Hons)**
- Civil Engineering
- Architectural Engineering
- Civil Architectural Engineering
- Electronic Systems Engineering
- Telecommunications Systems Engineering

**BSc (Hons)**
- Construction Management

**Scholarships**

**Base Scholarship:** *Pass with no Distinction~5 lakhs*

**Proficiency Scholarship:** *1 to 2 Distinctions~10 lakhs*

**Merit Scholarship:** *3 to 4 Distinctions~15 lakhs*

**Distinction Scholarship:** *5 to 6 Distinctions~25 lakhs*

ယခုပင်ဆက်သွယ်လိုက်ပါ...

Call - 09 955 123 446~49 Email - admission@stiedu.net

www.stiedu.net https://www.facebook.com/STIMyanmarUni

WORLD CLASS DEGREE FROM in partnership with University of Bedfordshire

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ခွင့်ပြုမိန့်အမှတ် ၁၀၆/၂၀၁၈



ပဲခူးမြို့မှ နိုင်ငံကျော်အဓိဋ္ဌာန်တွင်းပါ

လက္ခဏာဆရာကြီး ဒေါ်ခင်စန်းမြင့် (အကြားအမြင်)(ပါရမီရှင်)၏ သမီး

# ဆရာမကြီး ဒေါ်အေးချမ်းသာ

(အကြားအမြင်) (မနော) စိတ်၏ စွမ်းရည်ပါရမီရှင်



မဟာဝိဇယဘုရား၊ မြောက်ဘက်မုခ်၊ မုဒ်ဦးတည့်တည့်ထိပ်ဆုံးဆိုင်၊ ရန်ကုန်မြို့။

Ph : 09-5084516, 09-785084516, 09-455812904

ပိတ်ရက်မရှိ နံနက် (၁၀း၀၀)နာရီမှ ညနေ (၅း၀၀)နာရီ ထိ



# မင်္ဂလာပါ

အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း၊ မြို့တွင်း/နယ်ဝေးများအတွက် ဈေးနှုန်းချိုသာစွာဖြင့် Box ကားများဖြင့် အလုပ်သမားစီစဉ်ပေးသည်။

09-450042704
09-250095116
09-420096296



တရုတ်

စကားပြောရုံပဲဆိုရင် (တရုတ်)စာမတတ်လည်းပြောလို့ရတယ်။

Sayar.Yang

ENGLISH Conversation Practice

ပြောလိုပြီးပြောမတတ်သူ ပြောတတ်ပြီးပြောမထွက်သူအတွက် စကားပြောလေ့ကျင့်သင်တန်း

Great Wall စကားပြော ၊ စကားပြန်

TAMWE - 540714, 09 5183636
09 420230133



ကိုကျော်နိုင် CAR RENTAL

ALPHARD, HIACE(အမိုးမြင့်), SALOON ကား အမျိုးမျိုးကို မြို့တွင်း၊မြို့ပြင် စိတ်ချမ်းမြေ့စွာ ခရီးသွားနိုင်ရန်၊ ချိုသာသောဈေးနှုန်းဖြင့် ငှားရမ်းနိုင်ပါသည်။

09 253 582 510, 09 515 8803

www.facebook.com/kyawpanda, email:knw@pandacarrent.com



# နန်းထိုက်အောင်

အိမ်ပြောင်း/အိမ်ရွှေ့ဝန်ဆောင်မှုလုပ်ငန်း

လူကြီးမင်းတို့၏ အိမ်ခန်း၊ ရုံးခန်း၊ ဆိုင်ခန်းများ ပြောင်းရွှေ့ခြင်းအတွက် အလုပ်သမားနှင့် ကားစီစဉ်ပေးသည်။

09 3128 2593
09 3128 2594
09 3128 2595



ပညာ့ပန်းတိုင် (ဓာတ်ပုံ)

အမှတ်-၃၆၊သာသနာ့ရိပ်သာလမ်း၊ပဲခူးမြို့လမ်းမှတ်တိုင်၊ ဘုရင့်နောင်ရိပ်သာအနီး။ Ph: 09-420275663



# ဖျံ-၅-ကောင်

အမှတ်တံဆိပ်

ကြော်ငြာခွင့်ပြုချက်အမှတ် တဆက(စာနယ်ဇင်း) ၂၁၄/၀၆၁၈

ဆီးချို-သွေးချိုကျဆေးနှင့် သွေးတိုးကျဆေးကို ရန်ကုန်မြို့၊ မန္တလေးနှင့် တောင်ကြီးမြို့ရှိ မြန်မာဆေးအရောင်းဆိုင်ကြီးများမှ တဆင့် တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။

ပင်ရင်း - ဒေါက်တာစိုးမြင့်အောင်(ဝါး၁၉ယမ)

Ph.D (Alternative Medicines)

ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း၊ အမှတ်-၁၃၉(မြေညီထပ်)၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- 01- 838 0175 / 392 594

GENEVA GOLD STAR FOR QUALITY

LONDON QUALITY CROWN QC 100



ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

မှော်ဘီတိုးဂိတ်နီး၊ ဦးဘိုးကျင်လမ်း ဂြံမြေ၊ ဗီးရှိ

40'x60'=၁၄၀သိန်း၊ 25'x60'=၇၀သိန်း

ph:09-799716395,09-450302310



မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်



" Better English For a Smarter Life"

# ဦးရဲဇော်လတ်

M.A.(UFL),MBA(UTCC)

APPLIED GRAMMAR & SPOKEN ENGLISH

Basic 4 Skills | Intermediate 4 Skills | Advanced 4 Skills

June 8 Open

၁၀၀၆၊ဘိုးရာဇာလမ်း၊၃၅-ရပ်ကွက်၊ ၃၅-မှတ်တိုင်အနီး၊ မြောက်ဒဂုံ။

-09-5057138,09-73175231





3D CAD / CAM Couple Rings

Main Sponsor by

နိုင်ငံတကာအဆင့်မီ ရွှေနန်းတော် စိန်ရွှေရတနာဆိုင်

# Pan Pacific Yangon Wedding Showcase 2019

1-2 June 2019 @ Pan Pacific Hotel

1st June - 4:00 pm

10% to 60% OFF

(၅) သိန်းအထက်ဝယ်ယူသူတိုင်းအတွက် ရွှေဆွဲသီးမေတ္တာလက်ဆောင်

(၅၀)သိန်း အထက် - Kedma Cosmetics လက်ဆောင်


SKYNET
CINEMA
PAY PER VIEW
FILM
Company မှ
SKYNET Cinema (Pay Per View) Channel
(၇-၆-၂၀၁၉)
Pay Per View Channel
RSP
Pay Per View Channel
Mobile App နှင့် OK Mobile App
Pay Per View Channel
Pay Per View Channel
NL-7012
KHD5297
KHD5862
NL-5101E
09 - 261 115 103 ~ 107 / 09 - 261 118 901 ~ 902

## တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(မိတ္ထီလာ)



ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် တက်ထရွန်ပိတ်အဖြူ (၁ ကိုက်လျှင် ၅၀၀ိ/-နှုန်း)နှင့် တက်ထရွန်ပိတ်အစိမ်း (၁ ကိုက်လျှင်၁၄၀၀ိ/-နှုန်း)ဖြင့် တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(မိတ္ထီလာ)က လိုအပ်သလောက်ရောင်းချပေးသွားမည်ဖြစ်ပါကြောင်းနှင့် ဝယ်ယူသည့်ပိတ်စများအား ပြည်နယ်နှင့်တိုင်းဒေသကြီးများသို့ ပို့ဆောင်ခ(အခမဲ့)ဖြင့် အရောက်ပို့ဆောင်ပေးသွားမည်ဖြစ်ပါသည်။

Ph - 064-23435 , 09-400240003 , Fax - 064-23435 , Viber - 09-976583363 , Address - Meikhtila


### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တိုက်အမှတ်(၂၄/၂၆)၊ (မြ)မန်ကျည်း (ရ)ထပ်မြဲတိုက်၏ ဒုတိယထပ်(၃)လွှာ အခန်းအမှတ်(၂-ဗေ)၊ အကျယ်အဝန်း(၁၃၅၀)စတုရန်းပေရှိ ရေ၊ မီးအပါအဝင် ကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်မိုမိုမြင့်(၉/ မနတ (နိုင်) ၀၇၂၂၅၁)မှ တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြု၍ ကျွန်ုပ်၏ မိတ်ဆွေက ရောင်းချသည့်တန်ဖိုးငွေအနက်မှ စရန်ငွေအချို့ကို ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် နေ့မှစ၍(၇)ရက်အတွင်း တရားဝင်ခိုင်လုံသည့် စာချုပ်စာတမ်း အထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ခြင်းခံရသူ၏ ကိုယ်စား

ဒေါ်ခင်မိမိနိုး

အထက်တန်းရှေ့နေ

(LL.B, D.M.L)(စဉ်-၄၁၄၀၀)

Ph : 09-796766946, 09-43124898

Email: myanmarlandrealestate&lawfirm@gmail.com

### တစ်ဦးတည်းဖြစ်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ်နေ မောင်ဝေယံမျိုး၏ဖခင် ဦးတင်မျိုးဦး (ခ) ဦးမျိုးဦး [၁၄/ဒဒရ(နိုင်)၀၉၉၁၀၇]သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

### ပျောက်ဆုံးကြောင်း

ကျွန်တော် ကိုမြင့်ကျော် [၇/နတလ(နိုင်)၀၈၁၈၆၂] ၏ Passport ပျောက်ဆုံးသွားပါသဖြင့် အမြန်ဆုံးအကြောင်းကြားပေးပါရန်။

ဖုန်း ၀၉-၄၂၀၀၇၆၇၃၁

### မိခင်အမည်မှန်

ညောင်လေးပင်မြို့နယ်၊ ပိန်းဇလုပ်မြို့ အထက ဒသမတန်းသိပ္ပံတွဲမှ မနှင်းဝေမွန်၏ မိခင်အမည်မှန်မှာ ဒေါ်သန်းသန်းထွေး [၇/ရကန(နိုင်)၀၅၁၂၅၂] ဖြစ်ပါကြောင်း။

ဒေါ်သန်းသန်းထွေး

### ဖခင်အမည်မှန်

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ The Great Success ကိုယ်ပိုင်အထက်တန်းကျောင်း၊ သတ္တမတန်း(B)မှ မသိမ့်မွေ့ခင်၏ဖခင်အမည်မှန်မှာ ဦးရဲဇေယျာမြင့် [၁၂/သဃက(နိုင်)၀၄၂၄၈၉] ဖြစ်ပါကြောင်း။

ဦးရဲဇေယျာမြင့်






### မြန်မာမြေအိမ်ခြံမြေ မှ
### ဈေးသင့်လုံးချင်းအိမ်များ အမြန်ရောင်းမည်

| | | |
|---|---|---|
| ၁။ | တ/ဉ၊ ဝေဇယန္တာလမ်းမ (၃၃၅၀)စတုရန်းပေ (ဂရံ) | 1BN (၆၅၀၀)သိန်း |
| ၂။ | မရမ်းကုန်းရွှေနှင်းဆီလမ်းသန့် (၃၀၀၀)စတုရန်းပေ (ဂရံ) | 2RC (၄၀၀၀)သိန်း |
| ၃။ | (သဃက)သုဝဏ္ဏဈေးအနီး (၅၀ပေ × ၅၀ပေ) ဂရံ | 1BN (၂၈၅၀)သိန်း |
| ၄။ | (တ/ဉ)စုပေါင်းမြင်သာလမ်းသန့် (၃၀ပေ × ၆၀ပေ)ဂရံ | 1RC (၁၉၅၀)သိန်း |
| ၅။ | ဗဟန်းလမ်းသန့် (၂၀ပေ × ၄၀ပေ)ဂရံ | 1PT (၁၅၅၀)သိန်း |
| ၆။ | (တ/ဉ)၊ (၉)ရပ်ကွက်၊ ဝေဇယန္တာအနီး (၂၀ပေ × ၆၀ပေ)ဂရံ | 2RC (၁၁၇၀)သိန်း |
| ၇။ | (တ/ဉ)၁၄/၁၅ လမ်းဆုံအနီး (၂၂ပေ × ၆၀ပေ) ဂရံ | 2BN(၁၀၅၀)သိန်း |

Ph : 09-43124898, 09-799907477

### ပြင်ဆင်ဖတ်ရှုပါရန်

၂၈-၅-၂၀၁၉ ရက်တွင် ကြေးမုံသတင်းစာ စာမျက်နှာ (၂၆)ပါ ကန့်ကွက်နိုင်ပါသည် ရှေ့နေ ဒေါ်မြတ်သီတာအောင် ကြေညာတွင် အမှတ် ၁၆၁၂+၁၂၁၄ဟု မှားယွင်းဖော်ပြမိပါသဖြင့် အမှတ် ၁၆၁၂+၁၆၁၄ ဟုပြင်ဆင်ဖတ်ရှုပါရန်။

### မိဘအမည်မှန်

ခရမ်းမြို့နယ်၊ ပိန်းကန်စုံပြကျေးရွာ၊ အထက(ပိန်းကန်)၊ ဒသမတန်းမှ မောင်မျိုးမင်းသူနှင့် ဆဋ္ဌမတန်းမှ မောင်လွင်ကိုခန့်တို့၏ ဖခင်အမည်မှန်မှာ ဦးနေလင်းအောင် [၁၂/ခရန(နိုင်)၀၈၈၂၈၀] နှင့် မိခင်အမည်မှန်မှာ ဒေါ်မာလာဦး [၁၂/ခရန(နိုင်)၀၈၇၁၉၀]တို့ဖြစ်ပါသည်။

## မီး သ တိ ပြု

## မှတ်ပုံတင်စိုက်ပျိုးရေးဆေးများ
## ဖြန့်ဖြူးသူပြောင်းလဲခြင်းအတွက် အသိပေးကြေညာခြင်း

ပြည်ပထုတ်လုပ်သူ Shandong United Pesticide Industry Co.,Ltd.China. မှ မြန်မာနိုင်ငံ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါပိုးသတ်ဆေးများကို ပြည်တွင်း မူလဖြန့်ဖြူးသည့်ကုမ္ပဏီ Huynh Zaw Co.,Ltd မှ Diamond Light Int'L Trading Co.,Ltdသို့ ဖြန့်ဖြူးသူပြောင်းလဲ၍ တင်သွင်းဖြန့်ဖြူး ရောင်းချမည်ဖြစ်ပါသည်။

| စဉ် | ကုန်သွယ်မှုအမည် | အဆိပ်ရှိပစ္စည်းအမျိုးအစား | မှတ်ပုံတင် အမျိုးအစား | မှတ်ပုံတင်အမှတ် |
|---|---|---|---|---|
| 1. | Anta | Acetamiprid 200g/kg SP | Provisional | P 2018-4140 |
| 2. | Dime | Dimethomorph 500g/1SC | Provisional | P2018-4357 |

သို့ဖြစ်ပါ၍ အဆိုပါဖြန့်ဖြူးသူပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး မြန်မာနိုင်ငံ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်သို့ (၂)ပတ် (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**Huynh Zaw Co.,Ltd**

**M-9,001(A), Thu Da Thana Street, Thumingalar Housing, Thingangyun Township, Yangon, Myanmar. Ph: 09-5133079, 09-421046701**


ပထမဆုံး မြန်မာနိုင်ငံမီးသတ်ဦးစီးဌာန၏ အရည်အသွေးပြည့်မီကြောင်းထောက်ခံချက်ရရှိထားသည်





## တော မှ မြေ သား ရေ တိုက် စား ၏

PUN HLAING SILOAM HOSPITALS

"နိုင်ငံခြားသို့သွားရောက်ကုသရန်မလိုတော့ပါ"

စင်ကာပူနိုင်ငံမှဆရာဝန်ကြီးများလာရောက်ကုသပေးမည့်အစီအစဉ်

Only JCI Accredited Hospital In Myanmar

နှလုံးသွေးကြောကျဉ်းရောဂါရှာဖွေကုသခြင်းပေါင်းများစွာတို့ကိုအောင်မြင်စွာပြုလုပ်ပေးနိုင်ခဲ့သော နိုင်ငံတကာအတွေ့အကြုံရှိ စင်ကာပူနိုင်ငံမှ နှလုံးသွေးကြောကျဉ်းရောဂါ အထူးကုဆရာဝန်ကြီး **Dr Jayaram Lingamanaicker** သည် ပန်းလှိုင်စီလုံဆေးရုံသို့ လာစဉ် လာရောက်ကုသပေးနေပြီဖြစ်ကြောင်းသတင်းကောင်းပါးအပ်ပါသည်။




အရိုး ၊ အကြော ၊ အဆစ်နှင့် ထိခိုက်ဒဏ်ရာ စသော အရိုးနှင့်ပတ်သက်သောရောဂါ အမျိုးမျိုးတို့အတွက် နိုင်ငံတကာအတွေ့အကြုံရှိ စင်ကာပူနိုင်ငံမှ အရိုး ၊ အကြော ၊ အဆစ်နှင့် ထိခိုက်ဒဏ်ရာခွဲစိတ်အထူးကုဆရာဝန်ကြီး **Prof Sarbjit Singh** သည် ပန်းလှိုင်စီလုံဆေးရုံသို့ လာစဉ် လာရောက်ကုသပေးနေပြီဖြစ်ကြောင်းသတင်းကောင်းပါးအပ်ပါသည်။




ဆက်သွယ်ရန် - (၀၁) ၃၆၈၄၄၃၂၂၊ ၃၆၈၄၄၃၂၅၊ ၃၆၈၄၄၃၃၆၊ (၀၉) ၄၂၀၄၂၆၇၉၊ (၀၉) ၂၅၄၉၅၀၈၀၇

facebook Pun Hlaing Siloam Hospitals

City College Yangon

PEARSON
Center No: 96045

BTEC

ရန်ကုန်မှာတက်ရင်း သုံးနှစ်အတွင်း UK Degree ရယူနိုင်မည့် အခွင့်အရေး

Early Bird Discount :
Until June 14 :
200,000 Ks.
June 24 ဖွင့်မည်။
Enroll Now




ဘယ်သူတွေတက်ရောက်သင်ကြားနိုင်ပါသလဲ?
- တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ
- ပြည်တွင်းတွင်ဘွဲ့ရပြီး UK Degree ကို ထပ်မံရယူလိုသူများ
- IGCSE အောင်မြင်ပြီးသူများနှင့် မအောင်မြင်သေးသူများ
- အခြေခံတက္ကသိုလ်တက်ရင်း UK Degree ကိုရယူလိုသူများ

အထူးအခွင့်အရေး: တက္ကသိုလ်ဝင်တန်းအောင်မြင်ရန် ထပ်မံကြိုးစားစရာမလိုအပ်ဘဲ UK Degree ကိုရယူလိုက်ပါ

SCHOLARSHIP
- တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးထောက်ရလျှင် တစ်သိန်းကျပ်နှုန်း

City College ကိုဘာကြောင့်ရွေးချယ်သင့်သလဲ?
- UK Pearson မှ အသိအမှတ်ပြုထားသော ကျောင်းဖြစ်ခြင်း
- ...
- City College Yangon တွင် UK နိုင်ငံဆရာများ ...
- ... Internship Program ရှိခြင်း
- ... AYA Bank နှင့် ...

အဆောင်ကိစ္စကို ကူညီစီစဉ်ပေးပါသည်။

city college yangon
Diamond Condo, Tower (A), 1st Floor, Hledan, Pyay Road,Yangon.

CALL 09 450 634 402~3~4

| စဉ် | လျှောက်ထားသူ အမည် | လျှောက်ထားသူ မှတ်ပုံတင် | လျှောက်ထားသည့် မြို့နယ် | မြေတိုင်း | မြေကွက် | မြေအမည်ပေါက် | ထိစပ် | လျှောက်ထားသည့် အကြောင်းအရာ |
|---|---|---|---|---|---|---|---|---|
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

| စဉ် | လျှောက်ထားသူ အမည် | လျှောက်ထားသူ မှတ်ပုံတင် | လျှောက်ထားသည့် မြို့နယ် | မြေတိုင်း | မြေကွက် | မြေအမည်ပေါက် | ထိစပ် | လျှောက်ထားသည့် အကြောင်းအရာ |
|---|---|---|---|---|---|---|---|---|
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၄ဒီ၊ မြေကွက်အမှတ်-၅၁ အီး/၂-၄အေ၊ ဧရိယာ (၀.၅၀၅)ဧက၊ အတိုင်းအတာ (ပေ) (၁၁၀×၂၀၀)၊ မြေကွက်တည်နေရာအမှတ်-၃၄ ဒီ၊ ပင်ရွှေညောင်လမ်း၊ တာမွေမြို့နယ်၊ ဦးဌေးရင် [၁၂/ရကန(နိုင်) ၀၆၂၀၀၆] အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အား အမည်ပေါက် ဦးဌေးရင်ထံမှ SPအမှတ်-၁၀၃၅၄/၂၀၁၄ (၉-၄-၂၀၁၄)ရသူ ဦးလိုက်ဘာဒူး(ခ)ထွန်းထွန်း [၉/မကန(နိုင်)၀၁၃၃၁၀]က ဦးဌေးရင် အမည်ပေါက် နှစ်(၆၀)ဂရန်မူရင်း၊ အထူးကိုယ်စားလှယ်လွှဲစာ လွှဲအပ်ထားသူ သက်ရှိထင်ရှားရှိကြောင်းနှင့်ပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း (၃၀-၁-၂၀၁၉) ရက်စွဲပါ ကျမ်းကျိန်လွှာတင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားရာတွင် မြေစာရင်းမှတ်ချက်ရှိ ၂၀၁၆ ခုနှစ်တွင် ထုတ်ယူခဲ့သော အရောင်းအဝယ်မြေပုံမြေရာဇဝင်မူရင်းမှာ နေအိမ်ပြောင်းရွှေ့ရင်း ပျောက်ဆုံးသွားပါသဖြင့် ရှာဖွေမတွေ့ရှိကြောင်းနှင့် နှစ်(၆၀)ဂရန်မူရင်းမှာ လက်ဝယ်တွင်ထားရှိပြီး အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း (၁၀-၅-၂၀၁၉)ရက်စွဲပါ ကျမ်းကျိန်လွှာ၊ အဆိုပါမြေပုံကူးလျှောက်ထားသည့် မြေကွက်အား ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ခွင့်ပြုပါရန်နှင့် အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက တာဝန်ယူကြောင်း၊ (၃-၅-၂၀၁၉)ရက်စွဲပါစာ ဦးဌေးရင်အမည်ပေါက် ဂရန်မူရင်းဖြင့်တင်ပြလာပါ၍ အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဌာနမှူး**

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

မီး သတိပြု

## (၁)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဆွမ်း၊ မြေ၊ ဓမ္မာရုံ၊ ရေတွင်း၊ ရေကန်၊ ရေစင်အလှူ့ဒါယိကာမကြီး**

### ဒေါ်နုနုဝင်း

**(မန္တလေး-ဈေးချို-ဂျေရုံ)**

ချစ်လှစွာသောနုနု မိသားစုနှင့်ခွဲခွာသွားသည်မှာ ၁-၆-၂၀၁၉ရက်တွင် (၁)နှစ်တိတိပြည့်ခဲ့ပါပြီ။ နုနုအားရည်စူး၍ဘုရားအမှူးရှိသော သံဃာတော်များအား နေ့စဉ်၊ အပတ်စဉ်၊ လစဉ်၊ ဆွမ်း၊ သင်္ကန်း၊ နဝကမ္မအလှူ၊ ဓမ္မအလှူ၊ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာ၊ ဗာရာဏသီ၊ ကုသိနာရုံ၊ နာလန္ဒာတက္ကသိုလ်၊ ဦးစန္ဒြမဏိကျောင်း၊ ဗုဒ္ဓဂယာမြေအလှူ၊ နီပေါနိုင်ငံလုမ္ဗိနီ မြန်မာရွှေကျောင်းများနှင့် အိန္ဒိယနိုင်ငံတွင် ပညာသင်ကြားနေကြသော မြန်မာရဟန်းသံဃာတော်များအား US ဒေါ်လာများလှူဒါန်းခြင်းများ၊ ယနေ့(၁)နှစ်ပြည့်သည့်နေ့တွင် ပြင်ဦးလွင်မြို့ ချမ်းမြေ့ရိပ်သာကျောင်းတွင် ချမ်းမြေ့စေရန် သတိပဋ္ဌာန်တရားများ ကျင့်ကြံပွားများအားထုတ်နေကြသော ပြည်တွင်း၊ပြည်ပ ရဟန်းသံဃာ၊ သီလရှင်၊ ယောဂီများအား တစ်နေ့တာဆွမ်းအလှူ၊ သံဃာတော်အရှင်သူမြတ်များအား သင်္ကန်းအစရှိသောနဝကမ္မ အလှူများလှူဒါန်း၍ ကုသိုလ်ကောင်းမှုများကို အမျှပေးဝေပါတယ်။

နုနုကိုယ်တိုင်ပြုခဲ့သောဒါန၊ သီလ၊ ဘာဝနာ သာသနာပြုကုသိုလ်များနှင့် ကျန်ရစ်သူမိသားစုမှ ရည်စူး၍ပြုပေးသော ကုသိုလ်ကောင်းမှုအစုစုတို့ကို မြင့်မြတ်သော ဘုံဘဝမှ ကြားနိုင်၊ မြင်နိုင်၊ သိနိုင်ပြီး ဝမ်းမြောက်ဝမ်းသာစွာဖြင့် သာဓုအနုမောဒနာခေါ်ဆို၍ အေးငြိမ်းရာမှန် မြတ်နိဗ္ဗာန်သို့ လျင်မြန်စောစွာမျက်မှောက်ပြုနိုင်ပါစေ။

**နုနုရေ အမျှ----အမျှ----အမျှ ယူတော်မူပါကုန်လော့---**

**ခင်ပွန်း - ဗိုလ်ကြီးလှအောင်(ငြိမ်း)**
**သားကြီး - ဗိုလ်ကြီးငြိမ်းထက်အောင်-မစိမ်းလဲ့မိုး**
**မြေး - မငြိမ်းရတီလင်း**
**သားလတ် - ဗိုလ်ကြီးဟိန်းသူရအောင်-မထားထားအိ**
**သားငယ် - ဒေါက်တာဌေးမင်းအောင်**

## သတိရလွမ်းဆွတ်ခြင်း

### ဦးလှမြင့် ၁၃-၁၁-၂၀၀၆၊ ဒေါ်ရီ ၂-၅-၂၀၁၉

ကျေးဇူးရှင် ဖခင် ဦးလှမြင့်(ရွှေစွန်ညို)၊ မိခင် ဒေါ်ရီ ကွယ်လွန်ခဲ့သည်မှာ (၁၃)နှစ်နှင့် (၁)လ တင်းတင်းပြည့်ခဲ့ပါသော်လည်း အချိန်တိုင်း သတိရလွမ်းဆွတ်ဆဲပါ။

ကောင်းမှုကုသိုလ် အစုစုအား မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်နိုင်ပါစေ။

**သမီး - ဦးအောင်ချော၊ ဒေါ်ခင်စန်းရီ**
**သား - ဦးအောင်သန်း၊ ဒေါ်မေလှအေး**
**မြေးမြစ်တစ်စု။**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်နုနုရီ

**အသက်(၈၀)**

ဦးတက်ထွဋ်အောင်(ညွှန်ကြားရေးမှူး၊ ဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး)၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်နုနုရီသည် ၂၇-၅-၂၀၁၉ရက်၊ ည ၉း၀၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဌာနမှူးနှင့်ဝန်ထမ်းများ**
**အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၃)**

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်နုနုရီ

**အသက်(၈၀)**

ပြည်တွင်းအခွန်များဦးစီးဌာန၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး ဌာနမှူး ဦးတက်ထွဋ်အောင်၏ မိခင်ဖြစ်သူ ဒေါ်နုနုရီသည် ၂၇-၅-၂၀၁၉ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါက်တာဒေါ်နန္ဒာမောင်

**(Rose San Maung) (St.John Convent)**
**M.B.B.S (Ygn)**

**အသက်(၇၄)နှစ်**

ဦးကျော်ဆန်း(အဖွဲ့ဝင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး)၊ (ညွှန်ချုပ်-ငြိမ်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)-ဒေါ်သင်းသင်းအေး (ဒုညွှန်ချုပ်-ငြိမ်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)တို့၏အစ်မ၊ ဖျာပုံမြို့နေ ဒေါက်တာဒေါ်နန္ဒာမောင်(Rose San Maung)သည် ၃၀-၅-၂၀၁၉ရက် ညနေ၅း၄၉နာရီတွင် ARYU INTERNATIONAL HOSPITALသို့ ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဂမုန်းပွင့်ကုမ္ပဏီလီမိတက်**

## (၈)နှစ်ပြည့်လွမ်းဆွတ်သတိရအမျှပေးဝေခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်မေသဇင်

**ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)**
**ထောက်ကြန့်**
**(၁-၆-၂၀၁၁) (၁-၆-၂၀၁၉)**

ရှစ်နှစ်ပြည့်ခဲ့ပါပြီအစ်မရေ လောကီ၊ လောကုတ္တရာနှစ်ဖြာသော အမှုကိစ္စများကို တာဝန်ကျေအောင်ထမ်းရွက်သွားပါသော စံနမူနာပြခဲ့တဲ့အစ်မအတွက် နေ့စဉ်၊ လစဉ်၊ ပြုသမျှ ကုသိုလ်အစုစုနှင့် ၁-၆-၂၀၁၉ရက် မဟာသစ္စကါရီ၊ ကျောင်းတိုက်ထောက်ကြန့်မြို့တွင် ဘုရားအမှူးရှိသော သံဃာတော်များ၊ သီလရှင်ဆရာကြီး၊ ဆရာလေးများနှင့်ယောဂီသူတော်စင်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း အစရှိသော ကုသိုလ်ကောင်းမှုတို့ကို အစ်မရောက်ရှိရာဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

**အစ်မရေ အမျှ-အမျှ-အမျှ**

**ညီမ**
**ဒေါ်အေးမြင့်**
**အထက(၃) မင်္ဂလာဒုံ**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါက်တာဒေါ်ရင်ရင်မေ

**ကလေးအထူးကုဆရာဝန်ကြီး**
**အသက်(၇၃)နှစ်**

ပထမပုဂ္ဂလိကဘဏ်လီမိတက်ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာစိန်မောင်၏ဇနီး၊ ဒေါက်တာအောင်မင်း(ဒါရိုက်တာအဖွဲ့ဝင်)၏မိခင် ဒေါက်တာဒေါ်ရင်ရင်မေ(ကလေးအထူးကုဆရာဝန်ကြီး)အသက်(၇၃)နှစ်သည် ၂၆-၅-၂၀၁၉ရက် (တနင်္ဂနွေနေ့) ညနေ၃း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဂမုန်းပွင့်ကုမ္ပဏီလီမိတက်**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**

### ဒေါ်ဆွေဆွေချစ်

**(ပြင်ဦးလွင်မြို့)**
**အသက်(၇၀)**

ဦးဝင်းထွန်း(ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး-ငြိမ်း)၏ ချစ်လှစွာသောဇနီး ဒေါ်ဆွေဆွေချစ်သည် ၃၀-၅-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက်၁၁း၀၅နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အထွေထွေမန်နေဂျာ(သစ်အခြေခံ)နှင့်**
**အရာထမ်း၊ အမှုထမ်းများ၊ မြန်မာ့သစ်လုပ်ငန်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်ဆွေဆွေချစ် (ပြင်ဦးလွင်မြို့)

**အသက်(၇၀)**

ဦးဝင်းထွန်း(ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး-ငြိမ်း)၏ ချစ်လှစွာသောဇနီး ဒေါ်ဆွေဆွေချစ်သည် ၃၀-၅-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၁၁း၀၅နာရီတွင် ပင်လုံဆေးရုံကြီး အထူးကြပ်မတ်ကုသဆောင်၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဦးဝင်းဆွေ-Dr.မြတ်သီတာမြင့်**
**Win & Win Group of Companies**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး**

### ဦးတင်လတ်

**အသက်(၆၉)နှစ်**

ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်း၊ အောင်သီရိ(၁)လမ်း၊ အမှတ်(၂)နေ ဒုရဲမှူးကြီးနန္ဒဝင်း-မသူဇာတင်တို့၏ဖခင် ဦးတင်လတ်သည် ၂၉-၅-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက်၇း၅၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **ဂမုန်းပွင့်ကုမ္ပဏီလီမိတက်**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်ဆွေဆွေချစ်(ပြင်ဦးလွင်)

**အသက်(၇၀)**

ဦးဝင်းထွန်း(ပြည်ထောင်စုဝန်ကြီး-ငြိမ်း)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ ချစ်လှစွာသောဇနီး ဒေါ်ဆွေဆွေချစ်သည် ၃၀-၅-၂၀၁၉ရက် နံနက် ၁၁း၀၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဦးဝင်းမြင့်-ဒေါ်မြင့်မြင့်သန်း**
**ပြည်ထောင်စုဝန်ကြီး(ငြိမ်း) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်သန်းမြ

**အသက်(၉၇)နှစ်**

စက်မှုဝန်ထမ်းဟောင်းများအသင်း၏ ဂုဏ်ထူးဆောင်နာယက၊ စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဦးမောင်မြင့် (ဒုတိယအကြိမ် မင်းကင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)နှင့် ဒေါက်တာဒေါ်ခင်မြဝင်းတို့၏ မိခင် ဒေါ်သန်းမြသည် ၂၇-၅-၂၀၁၉ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**သုဓမ္မမဏိဇောတဓရ ဦးဇော်ဝင်း-ဒေါ်မိမိတင်**
**"ဇော်ထက်ပိုင်"အင်ဂျင်နီယာနှင့်ဆောက်လုပ်ရေးအုပ်စုကုမ္ပဏီလီမိတက်**
**"ချမ်းမြေ့မေတ္တာ"အထူးကုဆေးရုံ(သန်လျင်)**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်ဆွေဆွေချစ်(ပြင်ဦးလွင်)

**အသက်(၇၀)**

ဦးဝင်းထွန်း (ပြည်ထောင်စုဝန်ကြီး-ငြိမ်း)၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ချစ်လှစွာသောဇနီး ဒေါ်ဆွေဆွေချစ်သည် ၃၀-၅-၂၀၁၉ရက် နံနက် ၁၁း၀၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဦးတေဇ(ဥက္ကဋ္ဌ၊ Htoo Group of Companies)**

**တန့်ကွက်နိုင်ကြောင်းကြော်ငြာ**

[illegible]

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါက်တာဒေါ်ရင်ရင်မေ

**(ကလေးအထူးကုဆရာဝန်ကြီး)**
**အသက်(၇၃)နှစ်**

ပထမပုဂ္ဂလိကဘဏ်လီမိတက် ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာစိန်မောင်၏ဇနီး၊ ဒေါက်တာအောင်မင်း(ဒါရိုက်တာအဖွဲ့ဝင်)၏မိခင် ဒေါက်တာဒေါ်ရင်ရင်မေ (ကလေးအထူးကုဆရာဝန်ကြီး) အသက်(၇၃)နှစ်သည် ၂၆-၅-၂၀၁၉ ရက် (တနင်္ဂနွေနေ့) ညနေ ၃း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဘဏ်ခွဲကော်မတီဥက္ကဋ္ဌနှင့် ဘဏ်ခွဲကြီးကြပ်ရေးကော်မတီဝင်များ၊ ဘဏ်ဝန်ထမ်းများ၊ ပထမပုဂ္ဂလိကဘဏ်လီမိတက် ပခုက္ကူဘဏ်ခွဲ၊ ကမ္ဘဘဏ်ခွဲ၊ ဂန့်ဂေါဘဏ်ခွဲ၊ မြိုင်ဘဏ်ခွဲ**

## အထူးဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံဘဏ်များအသင်း၊ မြန်မာနိုင်ငံဘဏ်သင်တန်းကျောင်း၏ နာယက ဒေါက်တာစိန်မောင်၏ ဇနီး ဒေါက်တာဒေါ် ရင်ရင်မေ (ကလေးအထူးကုဆရာဝန်ကြီး) အသက် (၇၃)နှစ်သည် ၂၆-၅-၂၀၁၉ ရက် (တနင်္ဂနွေနေ့) တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံဘဏ်သင်တန်းကျောင်း**

## မြို့ရွာ
## တစ်ခွင်
## သာစေ
## ချင်
## မီးတွင်
## မပေါ့နှင့်

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်ဆွေဆွေချစ် (ပြင်ဦးလွင်)

**အသက်(၇၀)**

ဦးဝင်းထွန်း (ပြည်ထောင်စုဝန်ကြီး-ငြိမ်း)၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ချစ်လှစွာသောဇနီး ဒေါ်ဆွေဆွေချစ်သည် ၃၀-၅-၂၀၁၉ ရက် နံနက် ၁၁း၀၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဦးသောင်းမြင့် (Managing Director)**
**Thein Than Htun Manufacturing Co.,Ltd**

# နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့၏ ပြည်သူ့အတွက် တတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲပြုလုပ်



**နေပြည်တော် မေ ၃၁**


ပြည်သူ့အတွက် တတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့၏ သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ဝဲပုံ)

**ငြိမ်းချမ်းရေးဖြစ်စဉ်**

သတင်းစာရှင်းလင်းပွဲတွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၏ ပြည်သူ့အတွက် တတိယ (၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ငြိမ်းချမ်းရေးဖြစ်စဉ်နှင့်ပတ်သက်၍ စိန်ခေါ်မှုများနှင့်

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖

## ဗီယက်နမ်နှင့် ခြေစမ်းပွဲအတွက် မြန်မာ ယူ-၂၂ အသင်း လူစာရင်းထုတ်ပြန်မည်




တောင်ကိုရီးယားကလပ် ပိုဟန်စတီးလားစ်အသင်းနှင့် ခြေစမ်းပွဲတွင် ဂိုးသွင်းအပြီးအောင်ပွဲခံနေသည့် မြန်မာ ယူ-၂၂ အသင်းသားများကို တွေ့ရစဉ်။

**ရန်ကုန် မေ ၃၁**

မြန်မာ ယူ-၂၂ အသင်းသည် ဗီယက်နမ် ယူ-၂၂ အသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည့် အပြီးသတ်လူစာရင်းကို ရက်ပိုင်းအတွင်း ထုတ်ပြန်မည်ဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းသည် ပြီးခဲ့သည့်ရက်ပိုင်းက ကစားသမားအပြောင်းအလဲပြုလုပ်ခဲ့ပြီး ပဏာမလူစာရင်းမှ နောက်ခံလူဝင်းမိုးကျော်ကို လက်ရွေးစင်အသင်းသို့ စေလွှတ်ပေးခဲ့ပြီး ၎င်းနေရာတွင် မြန်မာ ယူ-၁၈ အသင်းမှ နောက်ခံလူစည်သူမိုးခန့်ကို ပြန်လည်အားဖြည့်ရွေးချယ်ထားသည်။ မြန်မာ ယူ-၂၂ အသင်းတွင် **ဂိုးသမား**-ဆန်းဆက်နိုင် (ရန်ကုန်)၊ ဘုန်းသစ္စာမင်း (ရှမ်းယူနိုက်တက်)၊ စိုးအာကာ (မကွေး)၊ **နောက်တန်း**-ကျော်သူထွန်း (မကွေး)၊ ရဲရင့်အောင် (ရတနာပုံ)၊ ရဲမင်းသူ၊ ဟိန်းဖြိုးဝင်း၊ ဇွဲထက်မင်း (ရှမ်းယူနိုက်တက်)၊

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ✪



## မြန်မာနိုင်ငံအလယ်ပိုင်းသို့ မုတ်သုံလေဝင်ရောက်နိုင်

**မေ ၃၁ ရက် ည ၇ နာရီ ထုတ်ပြန်ချက်**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများသို့ ဝင်ရောက်နိုင်သည်။

**မိုး/ဇလ**




## ဂုဏ်ဝမ်မိုညိုနှင့်ကွန်ညုပ် နာဂမျိုးနွယ်စုစာပေသင်ကြားခွင့်ကို တင်ပြထား



မျိုးဝင်းထွန်း(မုံရွာ)

နာဂ စာပေ ရှစ်မျိုးရှိသည့်အနက် ခြောက်မျိုးသည် သင်ကြားလျက်ရှိနေပြီး ကျန်နေသည့် ဂုဏ်ဝမ်မိုညိုနှင့် ကွန်ညုပ် နာဂမျိုးနွယ်စုစာပေသင်ကြားခွင့်ကို တင်ပြထားကြောင်း စစ်ကိုင်းတိုင်းဒေသကြီး တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းခိုင်ထံမှ သိရသည်။

"တန်ကွန်-မကူရီ-ဂျက်ဂျာ-ပေါင်းညွှန်-လိုင်းနောက်-ခရမ်ညူနဲ့ ငဒုန် နာဂမျိုးနွယ်စုစာပေခြောက်မျိုးကို ၂၀၁၆-၂၀၁၇ ပညာသင်နှစ်ကစပြီး သင်ကြားပေးနေပါပြီ။ ကျန်နေတဲ့ ဂုဏ်ဝမ်မိုညိုနဲ့ ကွန်ညုပ် နာဂမျိုးနွယ်စုစာပေနှစ်မျိုး သင်ကြားခွင့်ရဖို့ သက်ဆိုင်ရာကို တင်ပြတောင်းခံထားပါတယ်" ဟု ဦးဝင်းခိုင်က ပြောသည်။ နောက်အော်နာဂပွဲတော်၊ ရှုမိုင်ပွဲ၊ လမ်းခုတ်နတ်ပွဲ၊ စပါးနတ်ပွဲ၊ ဟူးခပွဲတော်များသည် တစ်နှစ်အတွင်း တောင်ယာစိုက်ပျိုးသည့်ကာလအလိုက် ကျင်းပသော နာဂရိုးရာပွဲတော်များဖြစ်ကြောင်း ဦးဝင်းခိုင်ထံမှ သိရသည်။

"နာဂလူမျိုးတွေဟာ အလုပ်ကြိုးစားပြီး ဝီရိယလည်းရှိကြတယ်။ ပင်ပန်းဆင်းရဲတာကိုလည်း ကြံ့ကြံ့ခံနိုင်တဲ့ စွမ်းရည်ရှိကြတယ်။ ခရစ်ယာန်ဘာသာကိုးကွယ်တဲ့သူအများဆုံးဖြစ်ပြီး ဗုဒ္ဓဘာသာနဲ့ နတ်ယုံကြည်ကိုးကွယ်သူတွေလည်းရှိကြတယ်။ နာဂဒေသရဲ့ထင်ရှားတဲ့ တွင်းထွက်ပစ္စည်းက ပယင်းဖြစ်တယ်" ဟု ဦးဝင်းခိုင်က ပြောသည်။

မြန်မာနိုင်ငံအတွင်းနေထိုင်ကြသော နာဂမျိုးနွယ်စုများမှာ အနဲ၊ ကွန်ရပ်၊ လမ်ကန်၊ လိုင်နောက်၊ မကူရီ၊ မိုယွန်၊ နော့ကို၊ ပရ၊ ဆိုမရာ၊ တန်ရှမ်းတို့ဖြစ်ကြသည်။ ခေါင်ရည်ကို ကြိုက်နှစ်သက်ကြသဖြင့် သွားလေရာသို့ ခေါင်ရည်ဘူးကို အမြဲဆောင်သွားကြလေ့ရှိပြီး ဝါးဖြင့် ပြုလုပ်ထားသော တူရိယာကို အသုံးပြုကြောင်း သိရသည်။

"နာဂတိုင်းရင်းသားတွေဟာ မြန်မာပြည်အနောက်မြောက်ပိုင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်တဲ့ လေရှီး၊ လဟယ်၊ နန်းယွန်းမြို့နယ်တွေမှာနေကြတဲ့ တိဗက်မြန်မာအနွယ်ဝင်တွေဖြစ်ကြတယ်။ နာဂဒေသအနောက်ဘက်မှာ အိန္ဒိယပြည်၊ အရှေ့ဘက်မှာ ကချင်ပြည်နယ်၊ တောင်ဘက်မှာ ချင်းပြည်နယ်နဲ့ မြောက်ဘက်မှာ ပတ်ကွိုင်တောင်တန်းတွေ တည်ရှိတယ်"ဟု ဦးဝင်းခိုင်က ရှင်းပြသည်။

## ရှမ်းတို့ဌာနေ ခနုမြေမှ ခနုတိုင်းရင်းသားညီနောင်များနှင့် လည်ပတ်ချင်စရာကောင်းသည့် မြို့ရှာင်

မောင်မောင်ကျော့ - ပလက်ဝ

ရှမ်းပြည်နယ်တွင် တိုင်းရင်းသားမျိုးနွယ်စုပေါင်း ၃၃ မျိုးနေထိုင်ကြရာ ထိုအထဲတွင် ခနုတိုင်းရင်းသားများလည်း ပါဝင်ပေသည်။ ၁၉၅၅ ခုနှစ် သန်းခေါင်စာရင်းအရ ရှမ်းပြည်နယ်တွင် ခနုတိုင်းရင်းသား ခုနစ်သောင်းကျော်ရှိသည်ဟုဆိုသော်လည်း ၁၉၈၀ ပြည့်နှစ်နောက်ပိုင်းတွင် ကောက်ယူရရှိသည့်စာရင်းအရ ခနုတိုင်းရင်းသား တစ်သိန်းခွဲခန့်ရှိသည်။ ယခုအခါ နှစ်သိန်းနီးပါးရှိနေလေပြီ။

ရှမ်းပြည်နယ်ရှိ ရွာငံမြို့နယ်နှင့် ပင်းတယမြို့နယ်တို့သည် ခနုတိုင်းရင်းသားအများစုနေထိုင်ရာဒေသဖြစ်သည်။ ဤနှစ်မြို့တွင် နေထိုင်သည့် ခနုတိုင်းရင်းသားအင်အားသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့်အညီ လူဦးရေအင်အားပြည့်မီမှုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဆိုင်ရာ နယ်မြေပေါင်းစည်းနိုင်မှု အခြေခံကောင်းများ ပြည့်စုံမှုရှိသဖြင့် ယခုအခါ ရွာငံမြို့နယ်နှင့် ပင်းတယမြို့နယ်နှစ်ခုပေါင်းစည်း၍ ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် သတ်မှတ်ထားသည့် ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဖွဲ့စည်း၍ ခနုမြေတစ်ခွင် ဖွံ့ဖြိုးစည်ပင်လာဖို့ ကြိုးစားဆောင်ရွက်လျက်ရှိပေသည်။

**ခနုလူမျိုး**

ခနုတို့၏ ပါးစပ်ရာဇဝင်တွင် အလောင်းမင်းတရားကြီးသည် ယိုးဒယားသို့ စစ်ချီ၍ သွားရောက်တိုက်ခိုက်ခဲ့ရာ နေပြည်တော်သို့ အပြန်တွင် ခရီးပန်းသဖြင့် ယခု ခနုတို့ နေထိုင်ရာအရပ်တွင် တပ်စခန်းချ၍ အနားယူခဲ့သည်။ အလောင်းမင်းတရား၏ စစ်တပ်တွင် ဒူးလေးတပ်၊ လေးသည်တော်တပ်များ ပါလာခဲ့ရာ ဒူးလေးတပ်၊ လေးသည်တော်တပ်တို့ကို လုံခြုံရေးအတွက် တပ်ချနေထိုင်စေခဲ့သည်။ ဒူးလေး၊ လေးမြားတို့ စွဲကိုင်သောသူတို့ကို "ခနုဂူဟ" ဟုခေါ်ဆိုရာမှ ခနုလူမျိုးဖြစ်ပေါ်လာသည်ဟု ဆိုပါသည်။

အချို့က ခနုတို့၏ မူလရင်းမြစ်ကို တနသ်ာရီမှ လာရောက်သူများဟု ယူဆကြသည်။ "တနင်" မှ "တနု" မှ "ခနု"ဟု ခေါ်ဆိုခြင်းဖြစ်သည်ဟုလည်း ဆို၏။ အချို့က သုခနုမင်းသားအမည်ကို အစွဲပြု၍ ခနုဟု ခေါ်ဆိုကြောင်း မွန်မြတ်သောလူမျိုးဟု အဓိပ္ပာယ်မည်ကြောင်းလည်း ပြောကြပါသည်။

ခနုလူမျိုးတို့သည် ရှမ်းပြည်နယ်တောင်ပိုင်း ပင်းတယ၊ ပွေးလှ၊ ရေငံ၊ ရွာငံ၊ ဘော်ဆိုင်း၊ ရပ်စောက်၊ ကျောက်ထပ်၊ ကလော၊ အောင်ပန်းဒေသများ၌ အများဆုံးနေထိုင်ကြပြီး ပျဉ်းမနား၊ ရမည်းသင်း၊ သာစည်တို့နှင့် ဆက်စပ်နေသော တောင်ကြောဒေသများ၌ အသင့်အတင့် နေထိုင်ကြသည်။

အထူးကဏ္ဍ [ ခ ] သို့ »»

»»» အထူးကဏ္ဍ [ က ] မှ

**ဆင်းသက်ပေါက်ဖွား ဓနုတိုင်းရင်းသား**

ဓနုတိုင်းရင်းသားတို့သည် တိဗက်မြန်မာမျိုးနွယ်စုကြီးမှ ဆင်းသက်ပေါက်ဖွားလာသူများဖြစ်၏။ သူတို့၏ ဇာတိ၊ ဇာစ်မြစ်နှင့်စပ်လျဉ်း၍ ဝိဝါဒကွဲပြားနေမှုရှိပါသည်။ သုတေသီ အက်ဖ်အိတ်ချ်ဂျိုင်းက ဓနုတို့ကား မြေပြန့်လွင်ပြင် ဟံသာဝတီ တောင်ဘက်အရပ်မှ ရှမ်းကုန်းပြင်မြင့်သို့ တက်သွားကြသူများ ဖြစ်သည်ဆို၏။ ဆာ၊ ဂျေ၊ အေ ၊ စကော့ကမူ ဓနုတို့သည် ရှမ်းမြန်မာနွယ်များဖြစ်ပြီး မြန်မာပြည်မှ ရှမ်းပြည်ဘက်သို့ ကုန်ရောင်းကုန်ဝယ်သွားလာရင်း ရေကြည်ရာမြက်နုရာ အခြေချနေထိုင်သူများဖြစ်သည်ဟု ရေးမှတ်ထားခဲ့သည်။

သုတေသီ ဒေါက်တာ Cushing က ဓနုသည် ရှမ်းမြန်မာသွေးနှောဟု ယူဆ၏။ ဟံသာဝတီနယ်မှ တိမ်းရှောင်လာပြီး သာမိုင်းခမ်းနယ်တွင် အခြေချနေထိုင်သူများမှ ဆင်းသက်လာသူများဟုလည်း ယူဆ၏။ သာမိုင်းခမ်းနယ်ကို ဟံသာဝတီမှ မိသားစု ၁၀၀ တိမ်းရှောင်၍ လာရောက်နေထိုင်ကြောင်း၊ ယင်းတို့မှာ ဟံသာဝတီမှ ထွန်းရှိဆိုသည့် မိသားစုအပါအဝင် မိသားစု ၁၀၀ ဖြင့် စတင်နေထိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ အလောင်းစည်သူမင်းနှင့်တွေ့ဆုံပြီး ကုသိုလ်ကောင်းမှုပြုကြကြောင်း သမိုင်းကြောင်း၌ ဖော်ပြသည်ဟု ပါရှိပါသည်။

Mr. G.E. Browne ဆိုသူကလည်း ရှမ်းနှင့် ဗမာတို့ ကူးသန်းရောင်းဝယ်သော ဈေးစခန်းများတွင် ရှမ်းနှင့် ဗမာတွေ့ဆုံကြ၍ ပေါင်းသင်းကြ ဆက်ဆံကြရာမှ ရှမ်းဗမာအနွယ် ဓနုလူမျိုးဖြစ်လာရသည်ဟု ယူဆကြောင်းလည်း ပါရှိပါသည်။

**ရှမ်းပြည်နယ်တွင် တိုင်းရင်းသားမျိုးနွယ်စုပေါင်း ၃၃ မျိုးနေထိုင်ကြရာ ထိုအထဲတွင် ဓနုတိုင်းရင်းသားများလည်း ပါဝင်ပေသည်။ ၁၉၅၅ ခုနှစ် သန်းခေါင်စာရင်းအရ ရှမ်းပြည်နယ်တွင် ဓနုတိုင်းရင်းသား ခုနစ်သောင်းကျော်ရှိသည်ဟုဆိုသော်လည်း ၁၉၈၀ ပြည့်နှစ်နောက်ပိုင်းတွင် ကောက်ယူရရှိသည့် စာရင်းအရ ဓနုတိုင်းရင်းသား တစ်သိန်းခွဲခန့်ရှိသည်။ ယခုအခါ နှစ်သိန်းနီးပါး ရှိနေလေပြီ။**



မိတ္ထီလာခရိုင်ဝန်ဖြစ်ခဲ့သူ ဆာဂွန်မင်ဒီဗီး၏ လေ့လာချက်တွင် အနော်ရထာမင်းစောသည် လှိုင်းတက်မြို့ကို တည်ထောင်ပြီးနောက် ရှမ်းကုန်းပြင်မြင့်သို့ စစ်အင်္ဂါလေးပါးနှင့် ချီတက်ရောက်ရှိလာကြောင်း ရှမ်းဒေသအစပ်တွင် လူမျိုးတစ်မျိုးနှင့် တွေ့ဆုံသဖြင့် ဘာလူမျိုးလဲဟုမေးရာ လအယ်လူမျိုးဟု ဖြေကြောင်း၊ ထိုလူမျိုး၏ မိခင်မှာ မြန်မာအမျိုးသမီးဖြစ်သည်ဆိုကြောင်း၊ ထို့ကြောင့် အနော်ရထာမင်းက ဓနုလူမျိုးခေါ်ရမည်ဟု အမိန့်တော်ထားခဲ့သည်ဟုဆို၏။ အနော်ရထာမင်းနှင့် တွေ့ဆုံသောအခါ ထိုလူမျိုးတို့သည် လေးနှင့်မြားကို ကိုယ်နှင့်မကွာ ကိုင်စွဲသူများဖြစ်သဖြင့် လေးနှင့် မြားကို အစွဲပြု၍ ဓနုလူမျိုးဟု အမည်သမုတ်ခဲ့ခြင်းဖြစ်သည်ဟုလည်း ဆို၏။

မြန်မာရာဇဝင် သမိုင်းဆရာတို့ကမူ ဓနုတိုင်းရင်းသားများမှာ ရှေးခေတ်လေးစစ်သည် အမျိုးများဖြစ်ကြောင်း ဓနုဂ္ဂဟခေါ် ဒူးလေး၊ လင်းလေးများကို ကိုင်စွဲတိုက်ခိုက်ရကြောင်း၊ ထို "ဓနုဂ္ဂမာ"ဟူသော ဝေါဟာရမှပင် ဓနုဟုတွင်ခဲ့ကြောင်း၊ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျလက်ထက်ကနယ်စပ်ဒေသသို့ စစ်ချီစစ်တက် လိုက်ပါသွားရင်း ရှမ်းပြည်၌ စတင်နေထိုင်ခဲ့ခြင်းဖြစ်ကြောင်း မြန်မာဘုရင်များ စေလွှတ်လိုက်သော ရွှေခွန်မှူး၊ ငွေခွန်မှူးများနှင့် ရှမ်းလူမျိုးတို့ သွေးနှောကာ "ဓနု" လူမျိုးများ ပေါ်ပေါက်ခဲ့ရကြောင်း ရေးသားထားကြပါသည်။

သို့အတွက် "ဓနုတိုင်းရင်းသားအစ ရှမ်းမြန်မာက"ဟု ယူဆရပြီး "ရှမ်းဓနုလူမျိုး"နှင့် "မြန်မာ ဓနုလူမျိုး"ဟူ၍ သီးခြားရှိနေခြင်းဖြစ်ပေသည်။ ပြောပုံဆိုပုံမှာ အချို့က မြန်မာနှင့်တူ၍ အချို့က ရှမ်းနှင့်တူလှပေသည်။ ဗုဒ္ဓဘာသာဝင်များဖြစ်ကာ ကိုးကွယ်မှုအယူအဆ ဓလေ့ထုံးတမ်းများမှာလည်း ရှမ်းမြန်မာများနှင့် ထပ်တူထပ်မျှတူညီနေသည်ကို တွေ့ရပါသည်။ မြန်မာ့စွယ်စုံကျမ်းအတွဲ (၅)တွင်လည်း ဓနုတိုင်းရင်းသားများသည် မြန်မာပြည်မအကြားနှင့် ရှမ်းပြည်နယ်အကြားတွင် အခြေချနေထိုင်ကာ မန္တလေးခရိုင်၊ ပြင်ဦးလွင်ခရိုင် ကျောက်နီတွင်းဒေသများ၌ ဓနုလူမျိုးများ တွေ့ရကြောင်း ရှမ်းပြည်နယ်၊ မိုင်းလုံ၊ ရပ်စောက်(ဗထူးနယ်မြေ)၊ ပွေးလှ၊ ရွာငံ၊ ပင်းတယ၊ ကလော၊ အောင်ပန်းတစ်ဝိုက်တွင် နေထိုင်ကြောင်း ဖော်ပြထားပါသည်။ မည်သို့ပင်ဆိုစေ ရှမ်း၊ ပလောင်၊ တောင်ရိုး၊ ဓနုတို့မှာ ပြောဟန်ဆိုဟန် လေယူလေသိမ်းမှအစ မြန်မာတို့နှင့် ဆင်တူသဖြင့် ညီနောင်တူဖွား တိုင်းရင်းသားတို့ပင် ဖြစ်ကြပေသည်။

**ဓနုစကား**

ဓနုတို့၏ ရိုးရာယဉ်ကျေးမှု၊ လူမှုရေး ထုံးတမ်းစဉ်လာနှင့် ဘာသာစကားတို့သည် မြန်မာနှင့်မခြားပေ။ ဓနုနှင့် မြန်မာတို့၏ စကားစာပေများမှာ မူရင်းအတူတူဖြစ်ပြီး နေထိုင်ရာဒေသကွဲပြားသွားခြင်း၊ အချိန်ကာလကြာညောင်းသွားခြင်းတို့ကြောင့် အသံနေအသံထားနှင့် အချို့သော စကားအသုံးအနှုန်းများ ကွဲပြားလာခြင်းဖြစ်ပေသည်။

(ဆက်လက်ဖော်ပြပါမည်)

## ပူတာအိုမြို့၌ မကူးစက်နိုင်သောရောဂါများ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းဆိုင်ရာ အသိပေးရှင်းလင်းခြင်းနှင့် ဆင့်ပွားသင်တန်းဖွင့်



**ပူတာအို မေ ၃၁**

ကချင်ပြည်နယ် ပူတာအိုမြို့တွင် မကူးစက်နိုင်သောရောဂါများ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းဆိုင်ရာများကို ခရိုင်/မြို့နယ်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအဖွဲ့အစည်းများကို အသိပေးရှင်းလင်းခြင်းနှင့် မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၂၈ ရက် နံနက် ၉ နာရီက ခရိုင်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိမ်းလေးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဆေးရုံအုပ်ကြီး ဒေါက်တာအောင်နိုင်ဝင်းက မကူးစက်နိုင်သောရောဂါများ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းဆိုင်ရာ အသိပေးရှင်းလင်းပွဲ ပြုလုပ်ရခြင်း၏ရည်ရွယ်ချက်များ၊ မကူးစက်နိုင်သောရောဂါများဖြစ်ပွားမှုသည် လူမှုဘဝနေထိုင်မှုပုံစံနှင့် ဆက်စပ်ဖြစ်ပေါ်လာခြင်း အဓိကအကြောင်းအရင်းများ၊ ရောဂါများကို ထိရောက်စွာ ကာကွယ်တားဆီးနိုင်ရေး လုပ်ငန်းစီမံချက်အသေးစိတ်ကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြောကြားသည်။

မကူးစက်နိုင်သောရောဂါဖြစ်ပွားမှုသည် ကျန်းမာရေးနှင့် မညီညွတ်သောအစားအသောက်များ စားသုံးခြင်း၊ ကိုယ်ကာယလှုပ်ရှားမှုနည်းပါးခြင်း၊ ဆေးလိပ်နှင့်ဆေးရွက်ကြီးသုံးစွဲခြင်းနှင့် အရက်အလွန်အကျွံသောက်သုံးခြင်းတို့ကြောင့် လူများတွင် သွေးချိုခြင်း၊သွေးအတွင်းအဆီဓာတ်များခြင်း၊ သွေးတိုးခြင်းနှင့် အဝလွန်ကဲခြင်းများဖြစ်လာပြီး နောက်ဆုံးတွင် နှလုံးသွေးကြောကျဉ်းရောဂါ၊ ကင်ဆာရောဂါ၊ ဆီးချို၊ သွေးချိုရောဂါနှင့် နာတာရှည်အဆုတ်ရောဂါများ ဖြစ်ပေါ်လာခြင်းဖြစ်သည်။

အဆိုပါ ဆင့်ပွားသင်တန်းတွင် မကူးစက်နိုင်သောရောဂါများ ပိုမိုဖြစ်ပွားစေသော အန္တရာယ်အကြောင်းအချက်များနှင့် ရောဂါဖြစ်ပေါ်ခံစားနေရသူများကိုလည်း စောစီးစွာ ရောဂါရှာဖွေဖော်ထုတ်ပြီး ထိရောက်သောကုသမှုခံယူနိုင်ရန် ဆောင်ရွက်ရမည့်အစီအမံများနှင့် စိစစ်သုံးသပ်ဆွေးနွေးခြင်းများကို ခရိုင်ဆရာဝန်ကြီး၏ ဦးဆောင်မှုဖြင့် ပူတာအိုမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အခြေခံကျန်းမာရေးဝန်ထမ်း ၆၂ ဦးတို့က မေ ၂၈ ရက်မှ ၃၀ ရက်အထိ သင်တန်းကာလ သုံးရက်တာ ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဖုန်ကန်(ပူတာအို)

**ဖိတ်ခေါ်ပါသည်**

**ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့် စပ်ဆိုင်သောအကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအနေဖြင့် အပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို mirrormyosathit@gmail.com သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။**

**[စာတည်း]**

# ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နှစ်ထပ်ကျောင်းဆောင်သစ်အား တက်ရောက်ဖွင့်လှစ်

**ကျုံပျော် မေ ၃၁**

ဧရာဝတီတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဂ့်မိုးမြတ်မြတ်သူသည် ကျုံပျော်မြို့နယ် မဲဂရက်အုပ်စု ညောင်လေးပင်ကျေးရွာနှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားသို့ မေ ၂၈ ရက်က တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။



ရှေးဦးစွာ ကျောင်းဆောင်သစ်ကို ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဂ့်မိုးမြတ်မြတ်သူ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (တိုင်းဒေသကြီးဝန်ကြီးချုပ်ဟောင်း)မန်းဂျော်နီ၊ Artic Project Director ဦးစေတနာ၊ တိုင်းပညာရေးမှူးရုံး ညွှန်ကြားရေးမှူး(စီမံ) ဆရာကြီး ဦးဆန်းမြင့်ဦးနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ဆုဝေလှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်ပက်ဖျန်းကြကာ စာသင်ခန်းများအား လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနားအစီအစဉ် ဒုတိယပိုင်းအား ဆက်လက်ကျင်းပရာ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကျောင်းဆောင်သစ်လှူဒါန်းကြသည့် အလှူရှင်များအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့နိုင်ငံတွင် ပညာတတ်များ များစွာလိုအပ်လျက်ရှိကြောင်း၊ အတန်းပညာတတ်ဖို့လိုသလို မိမိကိုယ်တိုင်သင်ယူတတ်မြောက်သည့် အသက်မွေးဝမ်းကျောင်းပညာများ၊ မိမိကိုယ်တိုင် တွေးခေါ်ပြီး တတ်မြောက်သည့် ပညာတတ်များလည်း လိုအပ်ကြောင်း၊ ပညာရှိမှ အမှားအမှန်ဝေဖန်ပိုင်းခြားပြီး စိတ်ဓာတ်ကောင်းများ မွေးမြူလာနိုင်မှာဖြစ်ကြောင်း၊ နိပ္ပွန်ဖောင်ဒေးရှင်းက ထိုအရာများရရှိအောင် ပူးတွဲလေ့ကျင့် ကူညီပေးနေသည်ဟု ယုံကြည်ပါကြောင်း အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် Artic Project Director ဦးစေတနာက ကျောင်းကို ပိုမိုတိုးတက်အောင်၊ ပညာတတ်များ မွေးထုတ်ပေးနိုင်အောင် ထပ်မံကြိုးစားရန် တိုက်တွန်းအားပေးစကားပြောကြားပြီး ကျောင်းဆောင်သစ်ကို မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်ဌေးရီထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ ကျောင်းဆောင်သစ်သည် ARTIC YANGON (Nippon Foundation)နှင့် ညောင်လေးပင်ရွာသူရွာသားများ ပူးပေါင်းဆောက်လုပ်လှူဒါန်းသည့် ပေ(၇၀×၃၀) နှစ်ထပ်ကျောင်းဆောင်သစ်ဖြစ်ကာ စာသင်ခန်းလေးခန်းပါရှိပြီး ငွေကျပ် ၉၄၅ သိန်း ကုန်ကျခဲ့ကြောင်း၊ ယခင်က စာသင်ကြားရန် ကျောင်းဆောင်နှစ်ခုသာရှိခဲ့သောကြောင့် အခက်အခဲများရှိခဲ့ရာမှ ယခုနှစ်ထပ်ကျောင်းဆောင်သစ်ရရှိပြီဖြစ်သောကြောင့် စာသင်ကြားရေးတွင် များစွာအဆင်ပြေသွားပြီဖြစ်ကြောင်း၊ ကျောင်းသို့ အနီးဝန်းကျင် ကျေးရွာ ၁၀ ရွာမှ ကျောင်းသား ကျောင်းသူ ၃၅၀ ခန့် လာရောက်ပညာသင်ကြားလျက်ရှိပြီး အထက်တန်းပညာရေးကို သုံးမိုင်ဝေးသော ရှားခဲအထက်တန်းကျောင်းသို့ သွားရောက်တက်ကြရကြောင်း၊ ယခုအခါ ကျောင်းဆောင်သစ်ဖွင့်လှစ်နိုင်ရုံမျှမက ယခု ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် အထက်တန်းကျောင်းခွဲအဖြစ် ဆက်လက် အဆင့်တိုးမြှင့်ခွင့် ရရှိခဲ့သဖြင့် ဒေသခံပြည်သူများ အထူးဝမ်းသာလျက်ရှိကြကြောင်း သိရသည်။

**နေဝင်းမြင့်(ပြန်/ဆက်)**

---

# ကချင်ရိုးရာတူရိယာများ

**မြန်ဂုဏ်ဆောင်**

(၂၆-၅-၂၀၁၉ ရက်နေ့မှ အဆက်)

**၁၇။ လရှန်း**

ပခုံးထမ်း ပြွေတစ်မျိုးဖြစ်သည်။ တစ်လံနီးပါး ရှည်သည်။ လက်ပေါက်မီအောင် အထက်ပိုင်းတွင် နှစ်ဖက်ဝါးမျက်ပိတ် ဝါးလုံးကလေးကို ပူးတွဲထားသည်။ လေမှုတ်ပေါက်၌လည်း တစ်ဖက်ပိတ်အဖုံးကို ပိတ်ဖုံးထားသည်။ အဖုံးရှေ့နားတွင် အသံထွက် လေပေါက်တစ်ခုရှိသည်။ ပူးတွဲတပ်ထားသော ဝါးလုံးကလေး၏ အောက်အစွန်းနားတွင် အပေါက်တစ်ခုဖောက်ထားသည်။ ထိုမှတစ်ဆင့် ဝါးလုံးစလေးကို စွပ်ထည့်၍ မှုတ်ရသည်။ အသံမြိုင်ဆိုင်သည်။

အဘိုးအဘွားများပင် လရှန်းအသံကို ကြားပါက မိမိဖြတ်သန်းလာခဲ့ရသော အပျိုလူပျိုဘဝကိုပင် ပြန်လည်မြင်ယောင်လာ၏။ ကြားယောင်လာ၏။ အမှတ်တမဲ့နှုတ်မှပင် လေချွန်မိလာ၏။ အသက်ကြီးရင့်သော ကချင်လူကြီးများ မီးလင်းဖို၌ တီးမှုတ်ကြသည်။ "လရှန်း"ဆိုသည်မှာ လွမ်းဆွတ်ဖွယ်ပြွေ ဟူ၍ အနက်ရပေသည်။

**၁၈။ ဆွမ်ခရန်**

တပင်တိုင် ပြွေဖြစ်သည်။ ပေါက်ဝါးကို ကြပ်ခိုးတင် အခြောက်ခံထားသည့် ဝါးမြစ်ခံအပိတ်ကို သံချောင်းသေးလေးတစ်ခု ထိုးကောက်ပြီး အလယ်တည့်တည့်မှ လက်မပေါက်နှင့် အခြားလက်ပေါက်များကို ဖောက်ထားသည်။ လေမှုတ်ပေါက်ကို အနည်းငယ် ဘေးစောင်းဖောက်ထားသည်။ အသံထွက်နူးညံ့သည်။ အပျိုလူပျိုဘဝကို တမ်းတသတိရစေသည်။

ဆွမ်ခရန်ပြွေသံကို ကြားရပါက ကြက်ခြံတွင်းမှ ကြက်ပင် "ကရူး-ကရူး" ဟူ၍ အသံထွက်အောင်ပင် မြူးထူးလေသည်။ မီးဖိုနားတွင် ဗိုင်းငင်နေသော ကချင်အဘွားပင် ပြွေသံကိုကြားရပါက မနေတတ်မထိုင်တတ် ဖြစ်ရသည်။ တီးမှုတ်တတ်သူ ရှားပါးသည်။ လူငယ်များအနေဖြင့် လက်ပေါက်ကို လက်လှမ်းမမီ၍ တီးမှုတ်ရန်ပင်မလွယ်။ အရှည်တစ်လံခန့်ရှိ၏။ ခေါင်းအုံးခပ်မြင့်မြင့်ထားပြီး ပြွေရှည်များကို ခြေဖျား၌တင်ကာ တီးမှုတ်ကြရ၏။ အဘိုးအဘွားများ အိပ်ခါနီး အပန်းဖြေရင်း ပျော်ရွှင်စေသည့် ပြွေဖြစ်၍ "အိပ်ခန်းပို့ပြွေ "ဟူ၍လည်း ဆိုနိုင်ပါ၏။

**၁၉။ ပြီဆွန်း**

နှစ်မျိုးနှစ်စားရှိ၏။ လရှန်းကဲ့သို့သော ထန်းပြွေတစ်မျိုးသည် ငယ်၍တိုသည်။ ပြီထောက်ကဲ့သို့ ပြွေသည် နည်းနည်းရှည်၏။ အချိန်မရွေး နေရာမရွေး တီးနိုင်၏။ အသံနူးညံ့၏။ အပျိုလူပျိုစုဝေးသည့်နေရာများ၌ တီးမှုတ်ကြသည်။ နံနက် အိပ်ရာထပြီး ကြက်တွန်သည်နှင့် တစ်ပြိုင်နက် မှုတ်ပါက အိပ်မောကျနေသော အဘိုးအဘွားများပင် အိပ်ရာမှနိုးရသည်။ မီးဖိုနံဘေး၌ အလုပ်များကြရသည်။ အိပ်ရာမှ နိုးစေနိုင်စွမ်းသည်။ မြက်ပင်များပင် ငိုက်စိုက်ကျနေရာမှ မတ်လာနိုင်စွမ်းသည်။

**၂၀။ ပြီလန်**

ကောက်ရိုးအစိမ်းကို ဖောက်ယူပြီး မှုတ်သည့်တူရိယာဖြစ်၏။ တောင်ယာစပါးပေါ်ချိန်၌ ကချင်အမျိုးသမီးများက စာချောက်ရင်း လက်စွမ်းပြသည်။







ဗုံ(လာချိဒ်) ဆယ်ထွာမောင်း(ဂျိန်းဖော့)

နားထောင်တတ်ပါက ပြီလန်ကိုပင် သွားမမြင်နိုင်တော့ဘဲ တီးမှုတ်သူ၏ရုပ်ကိုပင် စွဲမက်စေ၏။ အမေအရွယ် အဘွားအိုပင် တီးမှုတ်ပါစေ တစ်ဖက်က နားထောင်ရသူမှာ အပျိုကလေးဟူ၍ မှတ်ထင်နိုင်စွမ်း၏။ ပြီလန်ကို ကြာရှည်ခံနိုင်ရန် သေးငယ်သော ဝါးလုံးချောင်းဖြင့် ပြုလုပ်၏၊ အင်္ကျီအိတ်ထောင်၌ ထည့်နိုင်ရန် ငါးလက်မ၊ ခြောက်လက်မခန့် အရှည်ထားသည်။ မငိုင်ကော်ယိုင်ခေါ် ပုစဉ်းအော်သံပင် ဆူညံနေရာမှ တိတ်စေနိုင်စွမ်းသည်။ အမျိုးသမီးတို့၏ လက်စွမ်းပြတူရိယာဖြစ်သည်။

**၂၁။ တူရင် (ထုရဲန်)**

ကျေးလက် ကချင်ရွာများ၌ ကျွဲ၊ နွားကျောင်းသည့် စားကျက်များတွင်လည်းကောင်း၊ တောင်ယာအခင်းများတွင်လည်းကောင်း မကြာခဏ ကြားကြရသည်။ နွားကျောင်း၊ စာခြောက်ချိန်၌ တီးမှုတ်သည့်တူရိယာဖြစ်သည်။ တစ်ပေနှင့် နှစ်ပေခန့်ရှည်သော ဝါးလုံးကို နှစ်ဖက်ဖောက်၍ လေမှုတ်ပေါက်ကို အလယ်ဗဟိုမှ အနည်းငယ်ရွှေ့၍ ဖောက်သည်။ ကျန်တစ်ဖက်ကို အနည်းငယ်တိုစေသည်။ လေကို အလျော့အတင်းပြုလုပ်၍ မှုတ်သည်။ ပြွေသံကို ကြားရသူတိုင်း "မငိုင်တာ" ခေါ် သီးနှံပေါ်ချိန်ကိုပင် အမှတ်ရနေတတ်သည်။ အဘိုးအိုများပင် ဤတူရိယာသံကို ကြားရပါက မိမိငယ်စဉ်က ဖြတ်သန်းလာခဲ့ရသော နွားကျောင်းသားဘဝကို ပြန်လည်အမှတ်ရနေစေနိုင်သည်။ ပြွေသံကိုကြားပါက ဂျီးနတ်များပင် ကျေးရွာတွင်းသို့ ဝင်ရောက်လာနိုင်သဖြင့် လူကြီးများက ကျေးရွာအတွင်း မတီးမှုတ်ရန် တားမြစ်ကြသည်။

**၂၂။ ခရာ (ပထောင်)**

ကျွဲချိုနှင့်လုပ်ထားသည်။ လူစုဝေးရာတွင် အသုံးကျသဖြင့် စစ်တိုက်ရာ၌ စစ်သားစုဆောင်းရန် သုံးသည်။

**၂၃။ ခပစ်**

နှုတ်ဖြင့် တီးမှုတ်ရသည်။

တောလိုက်ရာ၌ အမဲကောင်များ အစာသားကောင်ထင်မှတ်ကာ နီးကပ်လာစေရန် မုဆိုးများက တီးမှုတ်ကြသည်။ မုဆိုး အချင်းချင်းလည်း လူသံမကြားစေဘဲ လူစုဝေးရန် အသုံးပြုသည်။ ချေသံဖြင့် တူသည်။ ချေကောင်များကို အဖော်သားကောင် ထင်မှတ်စေကာ ဖမ်းရာ၌သုံးသည်။ မြက်ရွက်ဖြင့် ပြုလုပ်သည့် တူရိယာဖြစ်သည်။

**၂၄။ ဒေါ်ရော်**

အစွမ်းထက်သော တူရိယာဖြစ်သည်။ ဘူးသီးအငယ်စားကို တစ်ခြမ်းဖောက်ယူပြီး မယ်ဒလင်ကဲ့သို့ ပိတ်ဖုံး၍ ကြိုးတပ်ရန် အတံတစ်ချောင်း ထည့်ထားသည်။ ကြိုးကို မြည်းမြီးဖြင့် ပြုလုပ်ထားသည်။ တယောကဲ့သို့ ဆွဲတံကို မြင်းမြီးဖြင့် ပြုလုပ်ထားသည်။

ဒေါ်ရော်တေးသံကို ဂျီးနတ်များပင် နားထောင်သည်ဟု ယူဆကြသည်။ မြစ်ချောင်းအင်းအိုင်စောင့်နတ်များနှင့် ဂျီးနတ်များကိုပင့်ခေါ်လျှင် တကယ်ပင် ကိုယ်ရောင်လာပြသည်ဟု ထင်ကြသည်။ ယုံကြည်ကြသည်။ အရှင်လတ်လတ်ထိုင်နေသော လူကိုပင် မေ့မျောသေဆုံးသွားစေရန် စွမ်းသည်။ လူအရှင်လိပ်ပြာနတ်သည် သီဆိုသည့်အသံကို နားထောင်လျက် နှုတ်ထွက်သီချင်းဖြင့် ပို့ဆောင်ရာသို့ လိုက်ပါသွားသဖြင့် လူမှာအိပ်ပျော်သေဆုံးသည်ဟု ယူဆကြသည်။

"ကချင်ရိုးရာတူရိယာများ"သည် အစွမ်းထက်ကြပါပေ၏။ အနုပညာပြည့်ဝကြပါပေ၏။ လူသား၏အသိစိတ်ကို အားမာန်ပြည့်ဖြိုးစေပါပေ၏။ တိုင်းရင်းသားစည်းရုံးရေး၌ တာသွားထိရောက်သောလက်နက်ကောင်းများ ဖြစ်ပါပေ၏။ သို့သော် ရှေ့မီနောက်မီ သက်ကြီးရွယ်အိုများထံမှ ယနေ့ကချင်လူငယ်များသည် အရမယူနိုင်သေးသည်ကို ဝမ်းနည်းဖွယ်ရာ တွေ့နေကြရပါသည်။ ဆိုခဲ့ပြီးသော "ကချင်ရိုးရာတူရိယာများ"ကို တီးနိုင်စွမ်းသော လူငယ်များမှာ အလွန်ရှားပါးနေပါသည်။ စိတ်ဝင်စားမှု၊ အာရုံပြုမှု နည်းနေသေးသည်ကိုလည်း ဝမ်းနည်းဖွယ် တွေ့နေရပါသည်။ သို့ဆိုလျှင် ကြာသော် "ကချင်ရိုးရာတေး" များလည်း ပျောက်ကွယ်နိုင်ပေသည်။ "ကချင်ရိုးရာတူရိယာများ" သည်လည်း တိမ်မြုပ်နိုင်ပေသည်။

ဒေသခံ ယနေ့ကချင်လူငယ်များ၌ "ကချင်ရိုးရာတူရိယာများ" မပျောက်မပျက်ရလေအောင် လုပ်ဆောင်ကြရပေဦးမည်။ ရိုးရာအမွေအနှစ်အဖြစ် ရှေးကချင်လူကြီးများ အသက်နှင့်ဆက်၍ဆက်၍ စောင့်ထိန်းလာကြသော "ကချင်ရိုးရာတူရိယာ"များကိုတတ်ကျွမ်းနားလည်ထားကြရပေဦးမည်။

**ဓာတ်ပုံ-မိုင်းနော်ရိမ်၊ ရည်ညွှန်း-တိုင်းရင်းသားရေးရာအတွဲ-၁**

# ရခိုင်လူမျိုးနှင့် ဝတ္ထုပြောခြင်းဓလေ့

ဝ—— မောင်မေယု(ဘူးသီးတောင်) ——ဝ



ကျွန်တော်တို့ ပတ်ဝန်းကျင်ရှိ လူငယ်အများစုသည် ဂါရဝတရား နည်းပါးလာကြ၏။ လူကြီးမိဘ ဆရာသမားတို့၏ ရှေ့မှ ဖြတ်လျှောက်လျှင် ကိုယ်ကိုညွတ်ကိုင်း၍ သွားရမည်ကိုပင် လူငယ်အများစု မသိရှိကြတော့ပေ။ ထိုအပြုအမူမျိုးကို ယနေ့ခေတ်တွင် မြင်ခဲ့သည်။ လူငယ်များ ထိုသို့ ဂါရဝတရားများ နည်းပါးလာခြင်းသည် စာရိတ္တမဏ္ဍိုင် ယိမ်းယိုင်လာခြင်းကြောင့်ဟုဆိုရမည်။ လူငယ်တို့၏ စာရိတ္တမဏ္ဍိုင်ကို အဓိကပြုပြင်ပေးနိုင်သည်မှာ စာအုပ်စာပေများပင်ဖြစ်သည်။ သို့သော် ကျွန်ုပ်တို့ရခိုင်ပြည်ရှိ မြို့နယ်အသီးသီး၌ စာအုပ်စာပေရောင်းသောဆိုင်နှင့် စာကြည့်တိုက်များမှာ အရှားဆုံးပင် ဖြစ်သည်။ ထို့ကြောင့် ဤမျိုးဆက်သစ်လူငယ်တို့ ယဉ်ကျေးလိမ္မာရန်အတွက် အကောင်းဆုံးနှင့် အထိရောက်ဆုံးနည်းမှာ ပုံပြင်ဝတ္ထုပြောပြခြင်းနည်းပင်ဖြစ်သည်။ ထိုနည်းသည် လူတိုင်းလုပ်ပေးနိုင်သော အလွယ်ကူဆုံး နည်းလည်းဖြစ်၏။ ရခိုင်လူမျိုးတို့၏ ရိုးရာဓလေ့လည်း ဖြစ်ပေသည်။

### ဒဏ္ဍာရီပုံပြင်များဟု ခေါ်တွင်လာ

ပုံပြင်ဝတ္ထုများအား ဒဏ္ဍာရီဟုလည်း ခေါ်ကြသည်။ ဒဏ္ဍာရီသည် ရခိုင်လူမျိုးတို့ဆီမှ ဆင်းသက်လာခြင်းလည်းဖြစ်သည်။ ရခိုင်ဝေသာလီပြည်ကြီးသည် အလွန်တရာအေးချမ်းသာယာလေသည်။ ထိုအချိန်တွင် တိုင်းပြည်၌ အမှုအခင်းဟူ၍လည်း မရှိပေ။ အမှုအခင်းများလည်း မရှိသောအခါ နန်းတွင်းထဲ၌လည်း တိတ်ဆိတ်ငြိမ်သက်နေ၏။ ထိုကာလ၌ ဘုရင်၏ မိဖုရား ဒဏ္ဍာဒေဝီသည် ဖော်ရံတော်အပေါင်းတို့အား ဝတ္ထုပုံပြင်များပြောပြခဲ့သည်။ ဒဏ္ဍာဒေဝီမိဖုရားပြောပြသည်ကို အစွဲပြု၍ နောင်တွင် ဝတ္ထုပုံပြင်များကို ဒဏ္ဍာရီပုံပြင်များဟု ခေါ်တွင်လာခြင်းဖြစ်သည်။

ထို့ကြောင့် ဤဝတ္ထုပြောခြင်းဓလေ့သည် ရခိုင်ပြည်ကြီး၌ ရှေးနှစ်ပေါင်းများစွာကပင် ထွန်းကားခဲ့ခြင်းဖြစ်သည်။ ရုပ်မြင်သံကြား၊ ရေဒီယို၊ ဗီဒီယိုများ မပေါ်သေးမီကာလအထိ ရခိုင်ပြည်၌ ဝတ္ထုပုံပြင် ပြောခြင်းဓလေ့ ထွန်းကားခဲ့သေးသည်။ သက်ကြီးရွယ်အို ဘိုးဘွားမိဘများမှ ညအိပ်ရာဝင်ချိန်တွင် လည်းကောင်း၊ လသာသော ညများတွင် ဝိုင်းဖွဲ့၍လည်းကောင်း၊ အရိပ်ကောင်းသော အပင်အိုကြီးများအောက်တွင် ရေနွေးကြမ်းသောက်၍လည်းကောင်း ကလေးသူငယ်များကို ပြောပြခဲ့ကြသည်။

ယနေ့ခေတ် ကမ္ဘာကြီးသည် တစ်နေ့ထက်တစ်နေ့ မြန်ဆန်တိုးတက် ထွန်းကားလာ၏။ ထိုတိုးတက်ထွန်းကားမှုနှင့်အတူ ရုပ်ဝတ္ထုပစ္စည်းများလည်း တစ်နေ့တစ်မျိုးမရိုးရအောင် ပေါ်ထွက်လာခဲ့သည်။ ထိုဆန်းသစ်သော ရုပ်ဝတ္ထုပစ္စည်းများကြားတွင် လူငယ်တို့ နှစ်မြုပ်ကာ ဓလေ့ ရိုးရာယဉ်ကျေးမှုတို့နှင့် တဖြည်းဖြည်း ဝေးကွာလာ၏။ အိပ်ရာဝင်ပုံပြင်များအစား ဗီဒီယိုဂိမ်းများ အစားထိုးဝင်ရောက်လာခဲ့သည်။ ထို့ကြောင့် ရခိုင်လူမျိုးတို့၏ ဝတ္ထုပြောခြင်းဓလေ့များလည်း ပျောက်ကွယ်လာခဲ့ရသည်။

ထိုသို့ပျောက်လာခြင်းကြောင့် ရခိုင်လူမျိုးတို့၏ ရိုးရာဝတ္ထုများဖြစ်သော ကျားချေနှင့် နွားချေ၊ မေထွီးမေနှင့် ကြက်ချီးမေ ငပျင်းယေ စသည့်ဝတ္ထုများကို မျိုးဆက်သစ်လူငယ်တို့ မကြားဖူးကြတော့ပေ။ ထိုဝတ္ထုပုံပြင်များ၌ မှတ်သားစရာများ၊ အတုယူစရာများ ရှောင်ရှားစရာများ၊ ရယ်စရာဟာသများ စသည်တို့ပါဝင်သောကြောင့် ကလေးများကလည်း ဝတ္ထုနားထောင်ရခြင်းကို နှစ်သက်ကြသည်။ ရသစာပေသည် နှလုံးသားကို အားကောင်းစေပြီး သုတစာပေသည် ဦးနှောက်ကိုအားကောင်းစေသည် ဆို၏။ ဝတ္ထုပုံပြင်များ၌ သုတနှင့် ရသနှစ်မျိုးစလုံး ပါဝင်သောကြောင့် ဝတ္ထုနားထောင်ခြင်းသည် ကလေးတို့၏ ဦးနှောက်ကို ဖွံ့ဖြိုးစေရုံသာမက နှလုံးသားကိုပါ ဖွံ့ဖြိုးစေပါသည်။ ထိုနှစ်ခုလုံးအားကောင်းသော လူငယ်တစ်ဦးသည် စာရိတ္တမဏ္ဍိုင်မယိမ်းယိုင်ဘဲ လိမ္မာသော လူတော် လူကောင်းဖြစ်လာပေမည်။ အနာဂတ်လူငယ်များအား ဝတ္ထုပုံပြင်ပြောပြခြင်းကြောင့် သူတို့၏နှလုံးသားထဲ၌ အနာဂတ်လူ့ဘောင်အတွက် အကျိုးရှိမည့် လောကပါလတရားများလည်း ကိန်းဝပ်လာနိုင်သည်။

### ဗဟုသုတများ တိုးပွားလာပေမည်

ဤဝတ္ထုပုံပြင် ပြောပြခြင်းနည်းဖြင့် မြန်မာ့ပညာရေးသင်ရိုးများတွင်မပါရှိသော မိမိတို့လူမျိုးတို့၏ ရာဇဝင်သမိုင်းကိုလည်း မိတ်ဆက်နိုင်ပေသည်။ မာရယုဘုရင်ကြီးသည် ရခိုင်လူမျိုးတို့၏ ဓညဝတီပြည်ကြီးကို တည်ထောင်သည့်အကြောင်း၊ တတိယဓညဝတီခေတ်တွင် စန္ဒာသူရိယမင်းကြီး ဘုရားရှင်အား ပင့်ဖိတ်သည့်အကြောင်း၊ အာကာပျံဝဲမြို့သံတွဲအကြောင်း စသည့်အကြောင်းအရာများကို ပြောပြခြင်းဖြင့် မျိုးဆက်သစ်များ၏ ရင်ထဲ၌ မိမိတို့၏ လူမျိုးနှင့်ပတ်သက်သော ဗဟုသုတများလည်း တိုးပွားလာပေမည်။

သို့သော် ဝတ္ထုပြောသူ၏ သတိထားစရာ တစ်ခုမှာ ဝတ္ထုပြောပြရာတွင် ကြားနာသူကို ဆွဲဆောင်နိုင်အောင် ပြောတတ်ရန်လိုအပ်ပါသည်။ အသံအတိုးအကျယ်နှင့် ကလေးများ စိတ်ဝင်စားပြီး မှတ်သားနိုင်အောင် ဟန်ပါပါ မာန်ပါပါ ပြောတတ်ရပေမည်။ သို့မှသာ ကလေးတို့၏ မှတ်ဉာဏ်၌ ကြာရှည်စွာ သိမ်းထားနိုင်မည်။ သို့မှသာ ရင်ထဲ၌ လောကပါလတရားများသာမက မျိုးချစ်တရားများလည်း ရှင်သန်ကြီးထွားလာပေမည်။

### အလေ့အကျင့်ကောင်းများရရှိလာမည်

ဝတ္ထုပုံပြင်များ နားထောင်ဖန်များလာလျှင် ထိုကလေးငယ်များသည် အနာအကြား စွမ်းရည်လည်း တိုးတက်လာပေမည်။ အနာအကြား စွမ်းရည်သည် အပြောအဆို စွမ်းရည်နှင့် ဆက်စပ်လျက်ရှိသည်ဖြစ်၍ ပုံပြင်ကို စိတ်ဝင်စားစွာ နားထောင်တတ်သော အကျင့်မှ သူကတစ်ဖန် ပြန်လည်ပြောပြနိုင်သော အရည်အချင်းရှိလာမည်။ ထိုအရည်အချင်းရှိလာသောအခါ လူထုပရိသတ်အလယ်တွင် မကြောက်မရွံ့ပြောရဲဆိုရဲ ရှိသော အလေ့အကျင့်ကောင်းများကိုပါ ရရှိလာပေမည်။ ထိုအလေ့အကျင့်များသည် ကမ္ဘာကျော် ဟောပြောဆရာများဖြစ်ကြသော အော်ပရာဝင်းဖရီး၊ နစ်ဘွိုင်းယစ်ချစ် စသည့် ပုဂ္ဂိုလ်များကဲ့သို့ ဖြစ်လာနိုင်အောင်လည်း စွမ်းဆောင်နိုင်ပေမည်။

ဝတ္ထုပုံပြင်များ နားထောင်ဖန်များလာလျှင် ထိုကလေးငယ်များသည် အနာအကြား စွမ်းရည် လည်းတိုးတက်လာပေမည်။ အနာအကြား စွမ်းရည်သည် အပြောအဆို စွမ်းရည်နှင့် ဆက်စပ်လျက်ရှိသည်ဖြစ်၍ ပုံပြင်ကို စိတ်ဝင်စားစွာ နားထောင်တတ်သောအကျင့်မှ သူကတစ်ဖန် ပြန်လည်ပြောပြနိုင်သော အရည်အချင်းရှိလာမည်။ ထိုအရည်အချင်းရှိလာသောအခါ လူထုပရိသတ်အလယ်တွင် မကြောက်မရွံ့ပြောရဲဆိုရဲရှိသော အလေ့အကျင့်ကောင်းများကိုပါ ရရှိလာပေမည်။

ထို့ကြောင့် အနာဂတ်မျိုးဆက်သစ်များအား စာရိတ္တမဏ္ဍိုင်ကို ထိန်းသိမ်းရန် ယဉ်ကျေးလိမ္မာပြီး ဗဟုသုတတိုးပွားရန် ရင်ထဲ၌မျိုးချစ်တရားတို့ ကိန်းအောင်းလာရန်နှင့် ကမ္ဘာကျော်ဟောပြောဆရာများဖြစ်ရန် ဝတ္ထုပုံပြင်များ ပြောပြကြပါဟု တိုက်တွန်းချင်ပါသည်။ ရခိုင်လူမျိုးတို့အနေဖြင့် ဤသို့ ဝတ္ထုပြောပြခြင်းသည် ပျောက်ကွယ်လာသော ရခိုင်ရိုးရာဝတ္ထုပြော ဓလေ့ကို ပြန်လည်ဖော်ထုတ်ရာလည်း ရောက်ပေသည်။ ။

# ရခိုင် အမဲခေါက်နှင့် ခံတက်ညွှန့်သုပ်



ရခိုင်ရိုးရာဓလေ့နဲ့ ဒေသအစားအသောက်များကို လူကြိုက်များတာ တွေ့ရပါတယ်။ အများအားဖြင့် အစာပြေမုန့်တီနှင့် ရေနွေးကြမ်းအမြည်းအဖြစ် ဒေသထွက်ကုန်တို့နှင့်ပြုလုပ်တဲ့ အသုပ်မျိုးမျိုးကိုလည်း တွေ့ရပါတယ်။ ငါးနီတူ သုပ်၊ ကြာဆံသုပ်၊ ခရုပြာသုပ် စသည်ဖြင့် ထမင်းနှင့်လည်း စားသုံးနိုင်သလို ရေနွေးအမြည်းအဖြစ်လည်း စားသုံးတာတွေ့ရပါတယ်။ အများအားဖြင့် ရခိုင်ဒေသထွက်ကုန်နှင့် ဒေသထွက်အသီးအနှံများကို အသုံးပြုကာ ချက်ပြုတ်တာမို့ လူကြိုက်များပါတယ်။ ထူးခြားတဲ့ ဒေသစာများထဲက ခံတက်ညွှန့်နဲ့ အမဲခေါက်သုပ်ကို မိတ်ဆက်ပေးချင်ပါတယ်။

ဒီအသုပ်ထဲမှာ ဆီလုံးဝအသုံးမပြုထားတာကြောင့် ကယ်လိုရီများမှာလည်း မပူရတော့ပါဘူး။ နောက်ပြီး ကြက်သွန်နီ ပါဝင်တာကြောင့် ခွန်အားဖြစ်စေ၍ အော့အန်ခြင်း စသောရောဂါများကို ပျောက်ကင်းစေပါတယ်။ ရာသီဥတုအပြောင်းအလဲမှာ ခံတွင်းပျက်သူတွေ၊ အော့အန်ခြင်းဝေဒနာခံစားရသူတွေအတွက် ခံတွင်းကိုမြိန်စေပြီး အော့အန်ခြင်းကို သက်သာစေနိုင်ပါတယ်။ အစာလည်းဆေး၊ ဆေးလည်းအစာဖြစ်တာမို့ စာဖတ်သူမိတ်ဆွေများလည်း ကျေနပ်နှစ်သက်လိမ့်မယ်လို့ထင်ပါတယ်။

**ပါဝင်ပစ္စည်းများ**

| | | |
|---|---|---|
| အမဲခေါက် | - | ၁၀ ကျပ်သား |
| ကြက်သွန်နီ | - | သုံးလုံး |
| ခံတက်ညွှန့် | - | တစ်စည်း |
| သံပရာသီး | - | တစ်လုံး |
| ငရုတ်သီး | - | ခုနစ်တောင့် |
| ပုစွန်ငါးပိ | - | ကွမ်းသီးလုံးခန့် |
| ဆား | - | အနည်းငယ် |
| ဟင်းခတ်မှုန့် | - | အနည်းငယ် |

**ပြုလုပ်နည်း**

အမဲခေါက်ကို သန့်စင်အောင်ရေဆေးပြီး နူးအောင်ပြုတ်ထားပါ။ တစ်ဆက်တည်း ခံတက်ညွှန့်ကို လက်တစ်ဆစ်ခန့်ပိုင်း၍ အပေါ်ယံအမြေးပါးတွေပါအောင် သင်ထားပါ။ သန့်စင်အောင် ရေဆေးပြီး ဆားအနည်းငယ်ထည့်ကာပြုတ်ပေးပါ။ ခံတက်ညွှန့်ကျက်လောက်ပြီဆိုရင် ရေအေးနဲ့ပြန်ဆေးထားပါ။ ငရုတ်သီးကို ရေအနည်းငယ်နှင့်ပြုတ်၍ထောင်းထားပါ။ ပုစွန်ငါးပိကွမ်းသီးလုံးခန့်ကို မီးကင်ပါ။ ထို့နောက် ပြုတ်ထားတဲ့ အမဲခေါက်ကို မိမိနှစ်သက်တဲ့ ပုံစံလှီးဖြတ်ပါ။ ကြက်သွန်နီကို အခွံသင်ပြီး ပါးပါးလှီးဖြတ်ကာ သန့်စင်အောင်ရေဆေးပြီးရင် အမဲခေါက်၊ ကြက်သွန်နီ၊ ခံတက်ညွှန့်၊ ပုစွန်ငါးပိ၊ ငရုတ်သီးထောင်း၊ ဟင်းခတ်မှုန့်၊ ဆား၊ သံပရာရည်အနည်းငယ်ထည့်ကာ ရောနယ်ပါ။ အရသာကို မိမိနှစ်သက်တဲ့ အနေအထားမှာထားပြီး ရခိုင်ဒေသအစားအစာဖြစ်တဲ့ အမဲခေါက်ခံတက်ညွှန့်သုပ်ကို သုံးဆောင်နိုင်ပါပြီ။

**ပရိုသီး**